
# ဝင်းကုန်းဗဒေါင်



ခုနစ်ဆင့်လက်ဝ့
သိုင်းသမား

ဝင်းဘုန်းအောင်

# ခုနစ်ဆင့်လက်ဝါးသိုင်းသမား

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

ဒု တိ ယ ပိုင်း

( ၂ )

ဝမ်ပိုဝေမှာ သိုင်းပညာထူးချွန်အောင်လေ့ကျင့်ပြီး ကဲလဲ့ တားပြန်ချေမည်ဟုသာ စာရေးပြီး ထွက်ခဲ့ရသည်။

တကယ်တမ်းမှာတော့ သိုင်းပညာအဆင့်မြင့်မားရန်မှာ ထင်သလောက် မလွယ်ကူလှမှန်း သဘောပေါက်သွားပြီးဖြစ်သည်။

သိုင်းကျောင်းများ မြို့ရွာတိုင်းမှာလိုလိုရှိသော်လည်း သိုင်းကျောင်းအုပ်ဆိုသည်က အဆင့်မြင့်မားသော သိုင်းပညာရှင်များ မဟုတ်ကြချေ။

ထိတ်ထိတ်ကြဲသိုင်းပညာရှင်ကြီးများ မဆိုထားနှင့် ထိပ်တန်းစာရင်းဝင် သိုင်းပညာရှင်ကြီးများပင်လျှင် သိုင်းကျောင်းထူထောင်ခဲလှပေသည်။

သိုင်းကျောင်းအများစုမှာ ကျောင်းအုပ်နှင့် ဆရာဆိုသူများမှာ ဘူလောက်ပင် သိုင်းပညာမထက်မြက်ကြသောကြောင့် သိုင်းပညာ မြင့်မားထက်မြက်ရန်မှာ သိုင်းကျောင်းများကို အားကိုး၍မရဟု ဝမ်ပိုဝေ သဘောပေါက်ထားပြီးဖြစ်သည်။

ပြောမည်ဆိုလျှင် သူ၏လက်ရှိသိုင်းပညာအရ သိုင်းပြိုင်ပွဲတွင် အနိုင်ရသွားသော ချင်ဖုန်းကိုပင် အနိုင်ရအောင် တိုက်နိုင်စွမ်းရှိသေးသည်မဟုတ်။

ချင်ဖုန်း၊ဘက်မှ ဂင်ရောက်ကူညီပေးခဲ့သော မျက်နှာဖုံးရှင်ဝတ်စုံနက်ဆိုသူမှာ ယိုထက်ပင် ပိုမိုမြင့်မားသောကြောင့် ဝမ်ပိုဝေ ရင်ဆိုင်ရန် ပိုလို့ပင် ခက်ခဲပေလိမ့်ဦးမည်။

သို့ဖြစ်ရာ ဇာဆိုပါ ခြသေ့်နက်ယန်ဟူကျော်ဖြစ်ဖို့များသည့် ဝတ်စုံနက်အား ရင်ဆိုင်ရန်အတွက် ထိတ်ထိတ်ကြဲသိုင်းပညာရှင်ကြီးတစ်ယောက်ယောက်ထံမှ သိုင်းပညာအမွေရရန် လိုအပ်၍ နေပေသည်။

'အင်း....ဗီကိစ္စကလဲ တော်တော်ကို ခဲ့ယဉ်းတဲ့ကိစ္စပဲ ထိတ်ထိတ်ကြဲသိုင်းပညာရှင်ကြီးတွေကို ဒေါကမှာတွေ့ဦးမှ တွေ့ပြီ



ပဲထား၊ တိုတိုလားလား သိုင်းပညာသင်ပေးဖို့ပဲ လိုအားတယ်'

တောလမ်းအလေးတစ်ခုတွင် ထိုင်နားရင်းမှ သူစရွှသက်ပြီး ဘယ်လိုလုပ်သင့်သည်ဆိုသည်ကို ဝမ်ပိုဝေ အလေးအနက်ပင် စဉ်းစားကြည့်နေမိသည်။

ထိုသို့ စဉ်းစားရင်းမှ လီကျွေးရှန်ဆီ စိတ်ကရောက်သွားသည်တွင် ရင်ထဲတစ်မျိုးဘုစ်မည် ခံစားလိုက်ရသည်။

နယ်စားကြီးလီဝူချင်၏ သိုင်းပြိုင်ပွဲတွင် ချင်ဖုန်းမှာ အနိုင်ရသွားသူဖြစ်၍ လီကျွေးရှန်နှင့် ပေးစားရန် နယ်စား : စီစဉ်အောင် စီစဉ်နေပေလိမ့်မည်။

နောက်ပြီး ချင်ဖုန်းမှာ ယောကျ်ားလေးတစ်ယောက်ဘုဆင်လောက်အောင်ပင် နုပျိုချောမောလှသူဖြစ်၍ လီကျွေးရှန်ကိုယ်တိုင်ကလည်း လိုလားနှစ်သက်လိမ့်မည်ဟု ဝမ်ပိုဝေထင်သည်။

သို့သော် ချင်ဖုန်းမှာ ခြသေ့်သက်လည်းယန်ဟူကျော်နှင့်ပတ်သက်သူဖြစ်လျှင်တော့ အဖြူရောင် သိုင်းသမားထက် အနက်ရောင်သိုင်းသမားဖြစ်ဖို့ ကသာလျှင် ရာခိုင်နှုန်းပိုများ၍နေပေ၏။

ဒါဆိုလျှင်တော့ လီကျွေးရှန် စိတ်ဆင်းရဲရမည်ဖြစ်သလို နယ်စားကြီး လီဝူချင်းကိုယ်တိုင်လည်း စိတ်ချမ်းသာမှုရှိနိုင်ရာအကြောင်းမရှိချေ။

သို့သော် ချင်ဖုန်းကိုအနက်ရောင်သိုင်းသမားတစ်ယောက်ဟု သူ သက်သေပြစရာမရှိသောကြောင့် နယ်စားကြီး ထိုချင်နှင့် လီကျေးရှန်တို့ကို ယုံကြည်လက်ခံလာစေအောင် သူ ပြောမပြနိုင်ပါလေ။

သိုင်းပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သောကြောင့် မလိုမုန်းထား၍ တမင်တကာ ချောက်တွန်းခြင်းဟုသာထင်သွားခဲ့လျှင် သူ၏ စေတနာများက ဝေဒနာဖြစ်၍ သွားပေလိမ့်မည်။

ထိုသို့ တွေးမိသောကြောင့် ကံတရားအတိုင်းပင် ရှိပါစေတော့ဟု ဝမ်ပိုဝေက စိတ်ကိုဒုန်းဒုန်းချပစ်လိုက်သည်။

မည်သို့ပင်ဖြစ်စေ ချင်ဖုန်းနှင့် ခြင်္သေ့နက်ယန်ဟူကျင်းဆိုသော သိုင်းသမားကြီးကိုတော့ သူပြန်ပြီး ကလဲ့စားချေမည်သာဖြစ်သည်။

ခြင်္သေ့နက်ယန်ဟူကျင်း၏လက်ချက်ဖြင့် သူ့အဖေ ပျံလွှား ဓားပမ်းကောလီဇာ ရရှိလာခဲ့ရသည် မဟုတ်ပါလား။

'အင်း....အကယ်၍များ ချင်ဖုန်းသာ နယ်စားကြီးရဲ့ သားမက်ဖြစ်သွားခဲ့ရင် သူ အနက်ရောင် သိုင်းလောကသားတစ်ယောက် ဖြစ်နေရင်တောင်မှ ငါတိုက်ခိုက်ဖို့ ခက်သွားမယ်၊ ဒီကြားထဲမှာ ချင်ဖုန်းဟာ ခြင်္သေ့နက်ယန်ဟူကျင်းနဲ့ ပတ်သက် ဆက်နွှယ်မှုရှိတဲ့ အနက်ရောင် သိုင်းလောကသားတစ်ယောက်ဖြစ်ကြောင်း ငါဖော်ထုတ်ပြနိုင်ရင်တော့ အကောင်းဆုံးပဲ'



ဝမ်ပိုဝေက တစ်ယောက်တည်းစိတ်ထဲမှ ပြောလိုက်ခြင်း ဖြစ်သည်။

သို့သော် ထိုသို့ဖော်ထုတ်သက်သေပြရန်မှာ လွယ်ကူသောကိစ္စတစ်ရပ်မဟုတ် ဆိုသည်ကိုတော့ ဝမ်ပိုဝေအလိုလို သိနေလေသည်။

ထိုအချိန်မှာပင် တောလမ်းကလေးအတိုင်း လျှောက်လာ လူတစ်ယောက်ကိုတွေ့လိုက်ရသည်။

ထိုလူမှာ အနက်ရောင်ဝတ်စုံဝတ်ဆင်၍ထားသောလူတစ်ယောက်ဖြစ်သည်။

အနားသို့ ရောက်လာသည်တွင် အဆိုပါ ဝတ်စုံနက်မှာ အသက်ခြောက်ဆယ်ဝန်းကျင်ခန့်မျှရှိသောလူကြီးတစ်ယောက်ဟု ဝမ်ပိုဝေသိလိုက်ရ၏။

မျက်နှာက အေးစက်၍ ကြမ်းတမ်းခက်ထန်သယောင်ရှိသော်လည်း ထိုလူကြီး၏ပုံရည်မှာမူ မဆိုးလှဟု သူထင်၏။

ထို့ကြောင့်ဝမ်ပိုဝေက လူကြီးကိုဘာရယ်မဟုတ်ဘဲ လှမ်းကြည့်နေလိုက်မိ၏။

တောလမ်းကလေးအတိုင်း လျှောက်လာသော အဆိုပါ ဝတ်စုံနက်နှင့်လူကြီးကလည်း သူ့ရှေ့တည့်တည့်ကို အရောက်တွင် သူ့ကိုတစ်ချက်လှမ်းကြည့်လာ၏။

စူးစိုက်စွာ လိုက်ကြည့်နေသော သူ့ကိုမြင်သွားသည်တွင် ဝတ်စုံနက်နှင့်လူကြီး၏ မျက်နှာထားက တစ်ချက်တင်းသွားသည်။

'မင်းက ငါ့ကိုဘာကြောင့်ကြည့်ရတာလဲ'

'ကျုပ်ဟာကျုပ် ကြည့်ချင်လို့ကြည့်တာပေါ့ဗျ ကြည့်တာပဲ ဘာကြောင့်ကြည့်တယ်ထင်သလဲ'

စိတ်တိုနေသောဝမ်ပိုဝေက ပခုံးချိုးပင် ပြန်ပြောလိုက်မှ ဝတ်စုံနက်လူကြီး၏ မျက်နှာက ခေတ္တခဏကသာ ပိုမိုတင်းမာသွား၏။

'မင်းစကားပြောတဲ့လေသံက တယ်ပြီးမာနကြီးပါလား မင်းဘယ်သူလဲ'

'ကျုပ်ကိုမေးရအောင် ခင်ဗျားကရော ဘယ်သူလဲ ပြောပါဦး'

'ငါကခြင်္သေ့နက် ယန့်ဟူကျင်းပဲ'

'ဟင်....'

ကြားလိုက်ရသောစကားကြောင့် ဝမ်ပိုဝေမှာ ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်အောင်ဖြစ်သွား၏။

ဝတ်စုံနက်နှင့်လူကြီးမှာ သူ့ဖခင်ပျံလွှားဓား ဝမ်ဘာလီအား ဒဏ်ရာရအောင်တိုက်ခိုက်လွှတ်လိုက်သည့် ခြင်္သေ့နက်ယန့်ဟူကျင်းပင်ဖြစ်လို့နေပါလား။

'ခင်ဗျားက ကကာသိပဲခြင်္သေ့နက်ယန့်ဟူကျင်းလား'

'ဟုတ်တယ် ဘာလဲ မင်းခုမှကြောက်သွားပြီလား'

'ဝေးလိုက်တာဗျာ ကျုပ်ကသေချာအောင် သိပ်မေးတာက လူမှားပြီးတိုက်ခိုက်မိမှာစိုးလို့မေးတာ'



'ဘာကွ မင်းက ငါ့ကိုတိုက်ခိုက်မလို့ဟုတ်လား'

'ဟုတ်တယ်၊ ကဲ....ခင်ဗျားကို ကျုပ်စတိုက်တော့မယ်သတိထားပြီးတော့သာရှောင်ပေတော့'

ဝမ်ပိုဝေက ပျံလွှားဓားဝမ်ဘာလီ၏သား ဖြစ်ကြောင်း ထောက်နှုန်ခံပြီး ရှင်းပြမနေတော့ပါချေ။

ပြောပြီးသည်နှင့် ဓားကိုဆွဲထုတ်ကာ ခြင်္သေ့နက် ယန့်ဟူကျင်းအား ရဲရင့်စွာပင် ဝင်ရောက်တိုက်ခိုက်ပစ်လိုက်၏။

'ကျွား....'

'ဝှစ်....ဝှစ်'

သူ့ဖခင် ဝမ်ဘာလီကိုပင် ဒဏ်ရာရအောင် တိုက်ခိုက်လွှတ်လိုက်သော ယန့်ဟူကျင်းကို ရှောက်နက်မဲ့ဝင်ရောက်တိုက်ခိုက်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုး ဖြစ်သွားမည်ကို ဝမ်ပိုဝေ သဘောပေါက်လိုက်၏။

သို့ဖြစ်၍ အနက်ရောင်ထိပ်တန်း သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်သည့် ခြင်္သေ့နက်ယန့်ဟူကျင်းအား ဓားဖြင့်ထုတ်ကာ ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်၏။

'ဟိုက်'

သို့သော် ယန့်ဟူကျင်းဆိုသော ထိပ်တန်းသိုင်းပညာရှင်ကြီးက သူထင်ထားသည်ထက်ပင် ပိုမိုလျင်မြန်နေသေး၏။

နှစ်ချက်ဆင့်ကာ ကျွံရောက်သွားသော ဓားချက်များကို အခက်အခဲမရှိပင် ကိုင်းရှောင်သွား၏။

ယန်ဟူကျွင်း ကဲ့သို့သောထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်က တိုက်ခိုက်ခွင့်ပေးလျှင် သူ့ဓားလေးနှင့်ဇာတ်သိမ်းသွားရလိမ့်မည်ဟု ဝမ်ပိုဝေ့သဘောပေါက်သည်။

သို့ဖြစ်၍ ဝမ်ပိုဝေက ယန်ဟူကျွင်း ဆုတ်ခွာသွားရာကို လိုက်၍ ဆင့်ကဲတိုက်ခိုက်လိုက်ပြန်၏၊ ပြောမည်ဆိုလျှင် ဝမ်ပိုဝေ၏ဓားသိုင်းပညာက မဆိုးလှချေ။

ဤသို့သာ ဓားကိုင်၍ တိုက်ခိုက်မည်ဆိုလျှင် ချင်ဖုန်း ကိုပင် အနိုင်ရကောင်းရနိုင်သည့် အနေအထားမျိုးတွင်ရှိ၏။

သို့ရာတွင် ခြသေ့နက်ယ ဟူကျွင်းကိုမူကား ဝမ်ပိုဝေမည်သို့မျှ အသာစီးရအောင် မတိုက်ခိုက်နိုင်ခဲ့ပါချေ။

လည်မျိုကို တိုးဝင်မယောင်နှင့် ဝမ်ပိုဝေ၏ဓားဦးက စက်ဝိုင်းတစ်ခြမ်းရစ်ဝဲကာ ခြသေ့နက်ယန်ဟူကျွင်း၏ ဝမ်းဗိုက်ကို တန်းခနဲကျရောက်၍သွား၏။

သို့သော်လည်း သူ၏ဓားသိုင်းကွက်ကို သိနေသည့်အလား ခြသေ့နက်ယန်ဟူကျွင်းက နောက်ကျွမ်းဖြင့် ခုန်ထွက်ခဲ့လေသည်။

* * *

( ၂၂ )

ဝမ်ပိုဝေကလည်း တွေဝေငေးငိုင်၍မနေခဲ့ပါချေ၊ ယန်ဟူကျွင်းခုန်ထွက်သွားရာကို လိုက်ပါခုန်ဝင်၍ ဓားဦးအတည့်ထိုးသွင်းကာ အပိုင်တိုက်ခိုက်လိုက်သည်။

'ရော့'

'ဟိုတ်'

ဗိုဟာတင် သူ့ထက်သိုင်းပညာပိုမိုသာလွန်ပြီး ပါးနပ်သောယန်ဟူကျွင်းဟာ လေထဲတွင်ပင် ညာခြေ ကို ဝိုက်ကန်လိုက်ရာ....

'ဖြောင်း'

'အား....'

'ချလွမ်'

ကန့်ချက်တာ ဝမ်ပိုဝေ၏ ညာလက်ခုံကို ကန်မိသွားသည်တွင် ဝမ်ပိုဝေ၏ ညာလက်တစ်ခုလုံး ထုံကျင်သွားပြီး ကာကာလ လက်ထဲမှခါးသည့်လည်း အဝေးကိုလွင့်စဉ်ထွက်သွားလေတော့သည်။

ခြသေ့်နက်ယန်ဟူကျင်း၏ တိုက်ခိုက်မှုက ထိုမျှဖြင့် ပြီးဆုံးမသွားခဲ့ပါချေ။

မြေပြင်ပေါ် ခြေပြန်ကျသည်တွင် ခြသေ့်တစ်ကောင်မှာ မာန်သွင်းလျက် လွှားခနဲခုန်အုပ်သွားပြန်သည်။

'ကျား'

'ဟင်'

ညာလက်တစ်ခုလုံးထုံကျင်၍ ကြောင်အအဖြစ်သွားသော ဝမ်ပိုဝေမှာ ခြသေ့်နက်ယန်ဟူကျင်း လွှားခနဲ ခုန်ဝင်လာသည်ကိုတွေ့သော်သည်။ ဟိမ်းရှောင်ရန်မှ လွန်သွားမှပင် နောက်ဆုတ်သွားခဲ့ပြန်၏။

သို့ဖြစ်၍ ခြသေ့်နက်ယန်ဟူကျင်း၏ ညာလက်ဖြင့် ကုတ်တိုက်ခိုက်ခြင်းခံရကာ နေရာမှ ချက်ချင်း လွင့်စဉ်လဲကျသွားမှ၏။

'ဝုန်း'

'အမ့်'

သူကံကောင်းသည်ဟု ဆိုရပေမည်။ အကြောင်းမူ ခြသေ့်နက် ယန်ဟူကျင်း၏ လက်သည်းကုတ်ချက်က ညာပခုံးကိုသာထိပြီး အင်္ကျီစသားပြဲထွက်သွားသည့်နည်းတူ ပခုံးတွင်သည်း နာကျင်၍ ပေါက်ပြဲသွား၏။



အကယ်၍ ထိုလက်သည်းသိုင်းကွက် ကသာ ပခုံးမဟုတ်ဘဲ လည်မျိုကို ဝိုင်ဝိုင်နိုင်နိုင်တိုက်ခိုက်မိမည်ဆိုလျှင်ဖြစ်သော မြေပြင်ပေါ် လဲကျသည်နှင့် သူ အသက်ပျောက်ပြီး ဖြစ်၍နေပေလိမ့်မည်။

'ဟား...ဟား...ဟား မင်းရဲ့သိုင်းပညာသေး မတောက်တစ်ခေါက်သေးနဲ့ ငါ့ကိုများ အံတုချင်နေသေးတယ်လို့ ကွာ၊ အေး...ဒီနေ့ ငါ စိတ်ကောင်းလေး နည်းနည်း ဝင်နေတာကြောင့် မင်း သက်သာရာရသွားတယ် မှတ်ပါ၊ မင်း ငါ့ကို ယှဉ်ချင်တယ်ဆို ကြိုးစားဦးပေါ့။ အချိန်တွေ ရှိပါသေးတယ်၊ ဟုတ်ပြီလား၊ ကဲ...ငါ သွားမယ်'

ခြသေ့်နက်ယန်ဟူကျင်းက ခပ်လှောင်လှောင်ချက်နှာပယား မြို့ ရယ်မောပြောဆိုပြီးသည်နှင့် ထိုနေရာမှခပ်အေးအေးပင် လှမ်းထွက်၍သွားလေတော့၏။

ထိုအခါကျမှပင် ဝမ်ပိုဝေမှာ စိတ်သက်သာရာရသွားလေသည်။

ခြသေ့်နက် ယန်ဟူကျင်း စိတ်ကောင်းဝင်နေခြင်းကိုပင် သူ ကျေးဇူးတင်ရပေမည်။

ထိုသို့မဟုတ်ပါက ခါးရှေ့ကွာသည့် သူ့ကို ခြသေ့်နက် ယန်ဟူကျင်းက ကြွက်ကလေး ငှက်ကလေး ပမာ သတ်သွားမည်ဆိုလျှင် သွားနိုင်သည်သာ ဖြစ်၏။

'ကောင်းပြီ ယန်ဟူကျင်း၊ ခင်ဗျားနေပြီ သမ္မိဲ တစ်နေ့မှာ ကျုပ်ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုး

စားပြီး ခင်ဗျားကို ကလဲ့စားပြန်ချေမယ်၊ အဲဒီအခါကျတော့မှ ဒီကနေ့ ကျုပ်ကိုအသက်ချမ်းသာပေးခဲ့တဲ့အတွက် ကောင်းကောင်းကြီး နောင်တရစေမယ်'

ဝမ်ပိုဝေက အဝေးသို့ထွက်သွားပြီဖြစ်သည့် အနက်ရောင်သိုင်းပညာရှင်ကြီး ခြင်္သေ့နက် ယန်ဘူကျင်းအား လှမ်းကြည့်လျက် မာန်ပါပါပင် ကြိမ်းဝါးလိုက်၏။

လောလောဆယ်မှာတော့ သူ၏အနေအထားက အဆိုးကြီးမဟုတ်သည့်တိုင် အတော်ကလေးတော့ ရှုပ်ပျက်၍နေချေပြီ။

ညာပခုံးနေရာတွင် အင်္ကျီက စုတ်ပြဲနေပြီး ပခုံးစွန်းတွင်လည်း လက်ဝါးချောင်းရာကြီးက ထင်ထင်ရှားရှားပေါ်၍နေသည်။

ထို့ပြင် လက်ခုံကို အကာခံထားရသဖြင့် ညာလက်ကထုံကျဉ်နာကျင်နေဆဲဖြစ်ကာ ခံစားမှုကင်းမဲ့သလိုမျိုး လည်းဖြစ်နေ၏။

ထိုဒဏ်ရာများကို သူ အရင်ဆုံး ပြန်လည်ကုသရန်လိုအပ်၍နေ၏။

ထို့နောက် ဝမ်ပိုဝေက ခပ်လှမ်းလှမ်းတွင်လွင့်ကျနေသည့် သူ့ဓားကို ဘယ်လက်ဖြင့်ပြန်လည်ကောက်ယူလိုက်၏။

ပြီးလျှင် တောလမ်းလေးအတိုင်း တစ်ရွေ့ရွေ့ထွက်ခွာလာခဲ့၏။



အတန်ကြာသွားမိသည်တွင် တောလမ်းလေး၏ မလှမ်းမကမ်း ကွင်းပြင်လေး၌ ဇရပ်တစ်ခုကို လှမ်းမြင်တွေ့လိုက်ရသည်။

ဇရပ်ကိုတွေ့ပြီဆိုလျှင်တော့ ရွှေတွင်မြို့ကိုရောက်ရန်အလှမ်းမဝေးတော့ဟု ဝမ်ပိုဝေ သဘောပေါက်လိုက်၏။

'ဟင်....ဇရပ်က လူရှင်းမှာပါ၊ အဲဒီမှာ ခဏဝင်နားပြီးမှ ရွှေသဲကိုဝင်တာ ပိုကောင်းမယ်'

ဝမ်ပိုဝေက တစ်ယောက်တည်း ဆုံးဖြတ်ချက်ချသလိုမျိုးပြောပြီး ဇရပ်လေးဆီသို့ ဦးတည်လျှောက်လာခဲ့၏။

လေးဘက်လေးတန် အကာအရံမရှိသည့် ဇရပ်လေးမှာ လေတဖြူးဖြူးနှင့်မို့ သာယာအေးချမ်းသလို ရှိသည်ကား အမှန်ပင်။

သို့သော် ဇရပ်ပေါ်သို့ တက်မိချိန်မှာတော့ ဝမ်ပိုဝေမှာ သူတစ်ယောက်တည်းမဟုတ်ဘဲ ဇရပ်ပေါ်၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရ၏။

ထိုလူမှာ အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီး အသက်လေးဆယ်ကျော်ခန့်မျှရှိမည်ဟု ထင်ရ၏။

ငယ်စဉ်က ချောမောခဲ့မည်မှာ ယုံမှားသံသယ ရှိစရာမလိုအောင်ပင် ယခုတိုင် ခန့်ညားဆဲဖြစ်သည့် အမျိုးသမီးကြီးက သူ့ကို အကဲခတ်လိုမျိုး တစ်ချက်လှမ်းကြည့်၏။

အမျိုးသမီးကြီးမှာ ခဲရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့်အပြင် လက်ထဲတွင်လဲ ဖုန်ခါတုတ်တစ်ချောင်းကိုင်ဆောင်ထားသောကြောင့် အော်မောင်ကျော်းမှဖြစ်မည်ဟု ဝမ်ပိုခေါ အတွေးဆမ်လိုက်၏။

အော်မောင်ကျော်းကား အမြူရောင်သိုင်းလောကတွင် နာမည်ပေါင်းဖြင့် ရပ်တည်နေသည့် သိုင်းဂိုဏ်းကြီး တစ်ခုဖြစ်၍ ဝမ်ပိုခေ၏ရင်ထဲ စိုးရိမ်စိတ်တို့ လျော့ပါးသွား၏။

ထို့နောက် ဝမ့်ပိုခေက အသိအမှတ်ပြုသလိုမျိုး ပြုံး၍ ဦးညွှတ်အရိုအသေပေးပြီးမှ မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်သည်။

ထိုအခါ အကျီအဖြူနှင့် မရှင်မပျရှိနေသည့် သူ့ပုံစံကိုကြည့်၍ အမျိုးသမီးကြီးက မနေနိုင်တော့သလို သူ့ရှိရာသို့လျှောက်လာ၏။

'မင်းက ဒက်ရာရလာတာလား'

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ခပ်စောစောကပဲ သိုင်းပညာရှင်ကြီးတစ်ယောက်နဲ့ တိုက်ခိုက်ပြီး ဒက်ရာရလာတာပါ'

'မင်းကိုကြည့်ရတာ အဖြူရောင် သိုင်းလောကသားတစ်ယောက် ဖြစ်မယ့်ပုံပဲ'

'ဒေါ်ဒေါ်ခန့်မှန်းတာ မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်က အဖြူရောင်သိုင်းလောကသား တစ်ယောက်ပါ၊ ကျွန်တော့်နာမည်က ဝမ်ပိုခေလို့ခေါ်တယ်'



'ဝမ်ပိုခေ....'

'ဟုတ်ပါတယ်၊ ဒေါ်ဒေါ် ကျွန်တော့်နာမည်ကို မသိပေမယ့် ကျွန်တော့်အဖေကိုတော့ ဒေါ်ဒေါ် ကောင်းကောင်းသိမှာပါ'

'မင်းအဖေက....'

'ပျံလွှားခေါ် ဝမ်ကောလီပါ'

'ဝမ်ကောလီ....'

ချောမော့ခန့်ညားသည့် အမျိုးသမီးကြီး၏ မျက်ခုံးနှစ်ခုက အံ့သြမှုကြောင့် အပေါ်သို့ရုတ်ခြင်း မြင့်တက်သွားလေသည်။

'ဒေါ်ဒေါ် ကျွန်တော့်အဖေကို သိတယ်လို့ ထင်ပါတယ်'

ဝမ်ပိုခေက ထိုသို့ဆက်မေးလိုက်မှပင် အော်မောင်ကျော်းမှ အမျိုးသမီးကြီးက အသက်ဝင်လာသလို ပြန်လည်လှုပ်ရှားလာလျက်....

'ဪ....အင်း....သိတာပေါ့ကွယ်....ကောင်းကောင်းသိတာပေါ့၊ မင်းရဲ့အဖေက သိုင်းလောကမှာ နာမည်ကောင်းနဲ့ကျော်ကြားတဲ့ အဖြူရောင် ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်ပဲဟာ'

'ဟုတ်ကဲ့ ကျွန်တော့်အဖေကို လေးစားမှုရှိတာကိုသိရလို့ ကျွန်တော်တကယ်ပဲ ဝမ်းသာဂုဏ်ယူမိပါတယ် ဒေါ်ဒေါ်၊

ဒါထက် ခေါ်ခေါ်က အောင်မေဂိုဏ်းက ချုပ် ဖြစ်နေသလဲ မသိဘူး'

'မှန်ပါတယ် ခေါ်ခေါ်က အောင်မေဂိုဏ်းကလက်ရောက် ဂိုဏ်းချုပ် စုချင်ဟွာပဲ၊ သိုင်းလောကရဲ့ စည်းဝေးပွဲကျင်းပ ပြန်လာတာပါ'

'အြော်....ခေါ်ခေါ်က အောင်မေဂိုဏ်းကအရေးပါတဲ့သိုင်း လော ဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေတာကိုး၊ တွေ့ရတာဝမ်း သာပါတယ် ခေါ်ခေါ်'

ဝမ်ပိုဝေက ကယ်သက်ဖြင့် အရိုအသေပေးလိုက်ရာ အောင် မေလက် ထောက်ဂိုဏ်းချုပ် စုချင်ဟွာက ပြုံးလျက်...

'ခေါ်ခေါ်ကလဲ ပျိုလွှားဓား ဝမ်ကောလီဝမ်ရဲ့သားနဲ့တွေ့ ရလို့ ဝမ်းသာပါတယ်ကွယ်၊ ဒါပေမယ့် မင်းက ခက်ရာတွေ့ ထားတဲ့အတွက်တော့ စိတ်မကောင်း ဖြစ်မိတယ်၊ ခေါ်ခေါ် မင်းကို ကြည့်ပေးလို့ရမလား'

'ဟုတ်ကဲ့ ရပါတယ်ခေါ်ခေါ်၊ ရန်သူကဓားကိုင်ညာလက် ကို ခုတ်ချကန်လိုက်လို့ ညာလက်က ထုံကျင်နေပါတယ်၊ မြို့ တော့ ညာဘခုံးကလဲ ရန်သူရဲ့ လက်သည်းကုတ်ချက် ဒဏ် လိုက်ရတာပါပဲ'

'အင်း....ဒါကိုကြည့်ပြီးပြောရမယ်ဆိုရင် လူလေး နင်ထိ ခဲ့ရတဲ့ရန်သူက ပေါ့သေးသေး မဟုတ်နိုင်ဘူး ထင်တယ်'

'ခေါ်ခေါ် တွက်ကိန်းက မှန်ပါတယ် ခင်ဗျား၊ ကျွန်တော် ရင်ဆိုင်ခဲ့ရတဲ့ သိုင်းပညာရှင်ကြီးက အနောက်ဆောင် ထိပ်တန်း



သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်တဲ့ ခြသေ့နက်ယန်ဟူကျင်း ပါ'

'ဘာ....'

ခြသေ့နက် ယန်ဟူကျင်းဟူသောအမည်နာမကိုကြားလိုက် ရသည့် တစ်ခဏမှာပင် အောင်မေလက်ထောက်ဂိုဏ်းချုပ်စုချင် ဟွာ၏မျက်နှာ ကွက်ခနဲပျက်သွားသည်ကို ဝမ်ပိုဝေသတိထား လိုက်မိ၏၊

သို့ဖြစ်၍ ဝမ်ပိုဝေက ဒေသူးဘိုးစမ်းသလိုမျိုး မေးလိုက်၏၊

'ဒီနာမည်ကို ခေါ်ခေါ်လဲ ကြားဖူးမယ်လို့ကျွန်တော်မျှော် လင့်ပါတယ်'

'ကြားဖူးတာပေါ့ဝမ်ပိုဝေရယ်၊ မင်းအဖေ ပျိုလွှားဓား ဝမ်ကောလီက အဖြူရောင်သိုင်းလောကမှာ ထင်ရှားသူ တစ် ယောက်ဖြစ်သလို ခြသေ့နက် ယန်ဟူကျင်း ကလဲ တစ်ချိန်က အနက်ရောင်သိုင်းလောကမှာတော့ နာမည်ကျော် သိုင်းပညာ ရှင်တစ်ယောက်ပါကွာ၊ ဒါပေမယ့် သူ့သတင်းကိုလုံးဝမကြား ရပဲ ပျောက်ချက်သားကောင်းနေတာက နှစ်ပေါင်း နှစ်ဆယ် နီးပါးလောက်အတောင် ရှိနေပြီ'

'ဟုတ်ပါတယ်၊ ခုတော့ သူပြန်ပေါ်လာပြီဖြစ်သလိုသူ့ရဲ့ ခြသေ့နက် ဂိုဏ်းလဲ ပြန်ပေါ်လာပြီး ဓာစရိုက်မှုတွေ စောင် ကျူးလွန်နေပြီဆိုတာကို သိခဲ့ရပါတယ်'

'မှန်တယ်လူလေး၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ပဲ ဒေါ်ဒေါ်တို့ အမြူရောင် သိုင်းဂိုဏ်းတွေစုပြီး တိုင်ပင် ဆွေးနွေးခဲ့ကြတာပဲ'

'ဒေါ်ဒေါ်တို့ ဘယ်လိုမျိုးဆုံးဖြတ်ချက်တွေ ချခဲ့ကြတာလဲ'

ဝမ်ပိုဝေက သိချင်စိတ်ဖြင့် ပြင်းပြစွာမေးလိုက်ရာ အော်မ လက်သောက်ဂိုဏ်းချုပ်စုချင်ဟွာက သက်ပြင်းတစ်ချက်ကို ဦးစွာချသည်။

ပြီးတော့မှ သူ့ကိုကြည့်၍....

'ဘာမှ ထိရောက်တဲ့ ဆုံးဖြတ်ချက်တော့ မချနိုင်ခဲ့သေးဘူး ဝမ်ပိုဝေ၊ အင်း....ခုတော့မင်းက ခြသေ့်နက်ယန်ဟူကျင်းတွေ့ပြီး ဒဏ်ရာတောင်ရခဲ့ပြီကိုး'

'သူ့ရဲ့သိုင်းပညာနဲ့ အတွင်းအားတင်မကဘူး အတွေ့အကြုံကလဲ တော်တော်ကြီးကို ကြွယ်ဝပါတယ် ဒေါ်ဒေါ်၊ ဒါကြောင့် သူ့ကို ကျွန်တော် ဘယ်လိုမှကို မယှဉ်နိုင်ခဲ့ပါဘူး'

'ဒီလောက်တော့ ရှိမှာပေါ့လေ၊မင်းကသိုင်းလောကထဲကို ခုနရောက်လာတဲ့ သိုင်းပညာရှင်လေးပဲဟာ၊ ယန်ဟူကျင်းလို လူစားမျိုးကို မယှဉ်နိုင်တာ စိတ်ဓာတ်ပျက်စရာ မဟုတ်သလို သဘာဝလဲကျပါတယ်၊ ကဲ....မှန်းစမ်း မင်းရဲ့ဒဏ်ရာတွေကို ဒေါ်ဒေါ်ကြည့်ပေးမယ်'



'ဟုတ်ကဲ့'

ထိုနောက် အော်မလက်သောက်ဂိုဏ်းချုပ် စုချင်ဟွာက သူ့အနားကိုကပ်ကာ သွေးကြောများကို ဦးစွာစမ်းသပ်သည်။

ဘာကြောင့်ရယ်မပြောတတ်၊ အော်မလက်သောက်ဂိုဏ်းချုပ်စုချင်ဟွာကိုတွေ့ရသည်မှာ သွေးသားရင်းချာတစ်ယောက်ကိုပြန်တွေ့ရသည့်ပမာ ဝမ်ပိုဝေ၏ရင်ထဲ၌နွေးထွေးစွာ ခံစားရ၍ နေရလေသည်။

* * *

## (၂၄)

တကယ်တော့ အော်မေလက်ဖော်ကဂိုဏ်းချုပ် စုချင်ဟွာသည်ကား တစ်ခြားမဟုတ်၊ ဝမ်ပိုဝေ၏မိခင်ရင်းဖူးဝမ်ပင်ဖြစ်ပေ၏။

မှန်ပေသည်၊ ဖူးဝမ်မှာ သူ၏သားကို အဖြူရောင် သိုင်းပညာရှင်ကောင်းတစ်ယောက်ဖြစ်လာစေလိုသောစေတနာဖြင့် ပျံလွှားစား ဝမ်ကောလီကို မွေးစားရန် ပေတ္တာချပ်ခံပြီး ပေးအပ်သွားခဲ့၏။

သူမကမူ အော်မေဂိုဏ်းထဲကို ဝင်ရောက်သွားခဲ့၏၊ ဘဝပြောင်းလဲသွားစေရန်အတွက် နာမည်ကိုလည်းဖူးဝမ်ဟူသော



အမည်မှ စုချင်ဟွာဆိုသော အမည်ကို ပြောင်းလဲ ခံယူခဲ့ပေသည်။

အဆိုးထဲမှ အကောင်းဟုဆိုရချေမည်လား မပြောတတ်၊ နူးညံ့သိမ်မွေ့ပြီး ဉာဏ်ပညာထက်မြက်သော၊ ထို့ပြင် စိတ်ဓာတ်လည်းရှိသော သူမကို ဂိုဏ်းထဲဝင်ပြီးမကြာခင်မှာပင် အော်မေဂိုဏ်းချုပ်ကြီးက အထူးချစ်ခင် သွားခဲ့သည်။

သိုင်းပညာများလည်း သင်ကြားပေးခဲ့၏။

အော်မေဂိုဏ်းအပေါ် သစ္စာစောင့်သိမှု၊ ရဲရင့်မှုစီမံနိုင်တတ်မှုတို့ကြောင့်နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှကြာမြင့်သည့်တွင် ဖူးဝမ်ခေါ် စုချင်ဟွာမှာ အော်မေဂိုဏ်း၏လက်ထောက်ဂိုဏ်းချုပ်ဘဝကိုပင် ရောက်ရှိနေပြီဖြစ်၏။

ယနေ့မှာတော့ သိုင်းပညာရှင်များ အစည်းအဝေးမှ ပြန်လာသော စုချင်ဟွာမှာ ဇရပ်တွင်ဝင်ရှိနားနေမိ၏။

ထိုအခါ မမျှော်လင့်ဘဲ လူရွယ်လေး တစ်ယောက် ဇရပ်ပေါ်တက်၍ မေးကြည့်ရာမှ ပျံလွှားစား ဝမ်ကောလီ၏သား ဝမ်ပိုဝေဟု သိလိုက်ရသည့်တွင် ပြင်းစွာ စိတ်လှုပ်ရှားသွားခဲ့သည်။

အကြောင်းမူ သူမ၏သားကို ပျံလွှားစားဝမ်ကောလီထံ မွေးစားရန် လွှဲခဲ့သောနှစ်ပေါင်းနှစ်ဆယ်ဝန်းကျင်လောက်က သူမကိုယ်တိုင်ပင် ပေးထားခဲ့သည်မဟုတ်လား။

သို့ဖြစ်၍ ဝမ်ပိုစဝမှာ သူမ၏ သားအရင်းဖြစ်နိုင်သည်ဟု တွေးမိကာ စုချင်ဟွာစိတ်လှုပ်ရှားရှိသွားခဲ့၏။

ထို့နောက် အော်မေသက်ဆောက်ကိုက်ချုပ် စုချင်ဟွာက ညာပခုံးမှဒဏ်ရာကိုကြည့်လိုက်သည့်တွင် လက်သည်းရာ ငါးခုအောက်၌ အနက်ရောင်အမှတ်တစ်ခုကို တွေ့လိုက်ရသည့် အခါမှာတော့ စုချင်ဟွာမှာ စိတ်ဒိုးဒိုးချ၍ ယိုကြည့်သွား၏။

အဘယ်ကြောင့် ဆိုသော် သူ၏သားငယ် ယန်အိုကောင်းကလေးမှာ မွေးစကတည်းကပင် ညာပခုံး၌ အနက်ရောင်အမှတ်လေးတစ်ခုပါခဲ့သည်ကို သူမအသိဆုံးဖြစ်သောကြောင့်ပင်။

'ကြော်....သားလေးတောင် လူချော လူလှ အမြဲရောင်သိုင်းပညာရှင်လေး တစ်ယောက် ဖြစ်နေပြီပဲ၊ ကြုံကြုံဖန်ဖန် သားအဖနှစ်ယောက်ပြန်ဆုံပြီး တိုက်ခိုက်ခဲ့ကြတယ်လို့ ခြေလွန်လက်လွန်ထိဖြစ်မကုန်တာ တော်သေးတယ်လို့ ဆိုရမယ်'

ဝမ်ပိုဝေ၏ပခုံးမှဒဏ်ရာကိုကြည့်ပြီးနောက် အော်မေလက်ထောက်ကိုက်ချုပ် စုချင်ဟွာက ထိုစကားများကို စိတ်ထဲမှ ရေရွတ်ပြောဆိုလိုက်ခြင်းဖြစ်၏။

စုချင်ဟွာမှာ အတွင်းအား အလွန်မြင့်မားသူဖြစ်သည့်ပြင် အေးကျမ်းများကိုလည်း လေ့လာထားသောကြောင့် ဝမ်ပိုဝေ၏ဒဏ်ရာများမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိဟုသိရပြီး စိတ်အေးရှိသွား၏။



'လက်သည်းကုတ်ချက်ကဲ အဆိပ်မပါလို့ တော်သေးတယ်၊ အကယ်၍ အဆိပ်သာပါရင် ဒီလောက်ဆိုးတွက်တာနဲ့ မင်း သေဆုံးသွားနိုင်တယ်'

'ဟုတ်ပါတယ် ဖေါဖေါ၊ ဒဏ်ရာတစ်ခိုက်ညှိမည်းနေတာကိုကြည့်ပြီး အဆိပ် မသုံးထားဘူးလို့တော့ ကျွန်တော်သဲတွက်ဆမိပါတယ်'

'မင်းက ဘယ်ဆိုးလို့လဲ ဗဟုသုတလဲ ရှိသေးသားပဲ'

'ဟုတ်ကဲ့၊ ဖေဖေက ကျွန်တော့်ကို ငယ်ငယ် ကလေးကတည်းက သင်ပေးထားလို့ပါ'

ဝမ်ပိုဝေက မဆိုင်းမတွပင် ပြန်ပြောလာ၏၊ ထို့ကြောင့် မွေးစားအဖေ ပျံသွားစားဝမ်ကောလီအား စုချင်ဟွာ ကြိတ်ပြီး ကျေးဇူးတင်လိုက်မိ၏။

ထိုနောက် စုချင်ဟွာက အော်မေဂိုဏ်း၏ အသုံးပြုနေကျ ဖြစ်သော ဆေးမှုန့်များကို ပခုံးမှဒဏ်ရာအားလိမ်းပေးလိုက်သလို ဝမ်ပိုဝေ၏ ထုံကျင်နေသော လက်ကိုလည်း အတွင်းအားဖြင့်လည်းကောင်း အကြောဖြင့် ပညာဖြင့်လည်းကောင်း ပြန်လည်ကုစားလိုက်၏။

'ဘယ်လိုနေသေးလဲ ဝမ်ပိုဝေ'

သူမကို မိခင်တစ်ယောက်အဖြစ် မသိစေလိုသောကြောင့် စုချင်ဟွာက ဖွင့်မပြောခဲ့ပေ။

အကယ်၍ဖွင့်ပြောပြလိုက်လျှင် ပြဿနာများ ရှုပ်ထွေးလာနိုင်သည်ဟု တွေးဆမိသောကြောင့်ပင်....

'အင်း....မဆိုးဘူး ဒေါ်ဒေါ်၊ အရင့်တုန်းကအတိုင်း အကောင်းမကတော့ မဖြစ်သေးပေမယ့် ထိုကျင့်နေတာကတော့ တော်တော်ကြီးကို သက်သာသွားတယ်၊ ဒေါ်ဒေါ်ကဆေးလဲ ကုတတ်တာပဲကိုး'

'သိုင်းလောကထဲမှာ ကျင်လည်နေတဲ့ လူတစ်ယောက်ဆိုတော့ ဒီလောက်တော့ ကုနိုင်မှဖြစ်မယ် ဝမ်ပိုဝေ၊ ပြီးတော့ ငါက လက်တောက်ဂိုဏ်းချုပ် တစ်ယောက်လဲ့ ဖြစ်နေတယ်လေ....'

'ဒါလဲ ဟုတ်တာပဲ'

'ဒါပေမယ့် မင်းက အဆိပ်မိထားလို့သာ၊ အကယ်၍ အဆိပ်မိထားတယ်ဆိုရင်တော့ မင်းကိုကယ်ဖို့ ခက်တွေ့မှာ သေချာတယ်'

'ဟုတ်ပါပြီဖြစ်....ဒေါ်ဒေါ်က ကျွန်တော့်ကို ဝေဒနာ သက်သာအောင် ကုသပေးလိုက်တဲ့အတွက် ကျေးဇူးကတော့ ရှိသွားပါပြီ'

'ထားပါလေကွာ၊ အဖြူရောင် သိုင်းလောကသားအချင်းချင်း ဒီလောက်ကူညီတာကတော့ စကားထဲထည့်ပြောစရာတောင် မလိုပါဘူး၊ အင်း....ဒါထက် မင်းအဖေရော၊ သူ နေကောင်းရဲ့လား'



'ကျွန်တော်အိမ်ကထွက်လာတော့ အဖေက အတွင်းဒဏ်ရာရပြီး အိမ်မှာကုနေခဲ့ပါတယ် ဒေါ်ဒေါ်၊ ဒါပေမယ့် အတွင်းဒဏ်ရာက သိပ်မပြင်းထန်တဲ့အတွက် ခုလောက်ဆိုရင်တော့ ပျောက်သွားပြီထင်ပါတယ်'

'နေပါဦး....မင်းအဖေကရော ဘယ်လိုလုပ်ပြီး ဒဏ်ရာရတာလဲ'

ခေါ်မယ်လက်တောက်ဂိုဏ်းချုပ် စုချင်ဟွာက မေးလိုက်သည့်အတွက် ဝမ်ပိုဝေက ပြန်ရှင်းပြ၏။

ထိုအခါကျမှပင် ဖျော်သွားသော ဝမ်ကောလီသည်လည်း ယန့်ဟူကျင်း လက်ချက်နှင့်ပင် ဒဏ်ရာရရှိသွားကြောင်း စုချင်ဟွာ သိခွင့်ရလိုက်၏။

ကျုံပုံစံအတိုင်းဆိုလျှင် သူမ၏ခင်ပွန်းဟောင်း ဖြစ်သူနက်ယန့်ဟူကျင်းမှာ အဖြူရောင်သိုင်းလောကကို ကောင်းကောင်း ဒုက္ခပေးတော့မည်ဟု သူထင်၏။

ကောင်ကျွန်းဘွားဘွားယိဖေးလည်း ကောင်ကျွန်းမှပြည်မသို့ရောက်လာပြီး ယန့်ဟူကျင်းနှင့်ပူးပေါင်းနေသည်ဟုသူသတင်းသိထားရ၏။

ခြင်္သေ့နက် ယန့်ဟူကျင်းမှာ တစ်ချိန်က ကောင်ကျွန်းဘွားဘွားယိဖေး၏ တပည့်ဖြစ်ခဲ့ဖူးသည်ကို သူမ ကောင်းကောင်းသိလေ၏။

ယခုမှပင် သမြစ်အပျက်ကို စုချင်ဟွာ ဆက်စပ်တွေးတော ပြည့်ရှိသွားသည်။

ခြသေ့်နက် ယန်ဟူကျင်းတစ်ယောက် နှစ်ပေါင်းနှစ်ဆယ်မျှ ပျောက်ချက်သား ကောင်းနေခြင်းမှာ တောင်ကျွန်းတွင် သွားရောက်ခိုအောင်း၍ အားမွေးနေခြင်းသာ ဖြစ်လေသို့ မည်။

သူမနှင့် သားငယ် ယန်အိုကောင်းကို ရှာမတွေ့သည့်တွင် သူတို့ သားအမိနှစ်ယောက်စလုံး သေဆုံးသွားပြီဟုထင်ကာ တောင်ကျွန်းတွင် သွားရောက်ဇာတ်မြှုပ်နေရာမှ ယခုမှ တဖန် ပြည်မကြီးသို့ပြန်လည်ခြေချလာလေပြီ။

ခြသေ့်နက် ယန်ဟူကျင်း ပြည်မသို့ ပြန်ရောက်လာခြင်းမှာ ကောင်းသောလာခြင်းမျိုးတော့ မဟုတ်ဘန်ရာ။

အဖြူရောင်သိုင်းလောကနှင့် ပြည်သူများကို လုလုပကြီး ဒုက္ခပေးရန် ရည်ရွယ်ချက်ကြီးကြီးမားမားဖြင့် ပြန်လည်ရောက်ရှိလာခြင်းဟုသာ သူထင်၏။

ယခု ပြည်မကိုရောက်ပြီး တာမှမကြာသေး ခြသေ့်နက်ဂိုဏ်းကို အပ္ပဟပြင်း ပြန်လည်ဖွဲ့စည်းကာ ဒုစရိုက်လုပ်ငန်းများကို တွင်တွင်ကြီးကျူးလွန်၍နေချေပြီ။

ဘိုမှ မကာသေး....

မျိုလွှားစား ဝမ်ကောလီနှင့် ဝမ်ပိုဝေတို့ကိုလည်း တော်တော်ကြာ အောင် တိုက်ခိုက်လွှတ်လိုက်ချေပြီ။

ဒါက သူမသိသည့်ကိစ္စမျှသာဖြစ်၏။

သူမ မသိတဲ့ အဖြူရောင်သိုင်းပညာရှင် မည်မျှ ထပ်မံဒုက္ခ ပေးပြီးပြီလည်း မပြောတတ်ချေ။



'ဒေါ်ဒေါ် ဘာတွေစဉ်းစားနေတာလဲ'

ဝမ်ပိုဝေကမေးလာမှပင် စုချင်ဟွာ၏အတွေးစများ ပြတ်တောက်သွား၏။

'ဪ....ခြသေ့်နက် ယန်ဟူကျင်းအကြောင်း စဉ်းစားနေတာပါ၊ သူ့ကိုလွှတ်ထားပေးရင်တော့ လူတွေဒုက္ခကောင်းကောင်းရောက်နိုင်သလို အဖြူရောင်သိုင်းလောကတောင် ဖရိုဖရဲ ဖြစ်သွားနိုင်တယ်'

'ဟုတ်တယ်ဒေါ်ဒေါ် ကျွန်တော်လဲ ဒီအကြောင်းပဲစဉ်းစားမိတယ်၊ ပြောမယ်ဆိုရင် သူ့ကိုကျွန်တော်ရင်ဆိုင်ချင်ပါတယ်၊ ဒါပေမယ့် ခက်တာက ကျွန်တော့်သိုင်းပညာက သူ့ထက်အများကြီးကို နိမ့်ကျနေတာပဲ ဒါကြောင့် တောင်းဆိုမြို့ ဒေါ်ဒေါ်ကများ ကျွန်တော့်ကို သိုင်းပညာသင်ပေးနိုင်မလား'

ဝမ်ပိုဝေက ရုတ်တရက်ဆိုသလို သူ့ကိုအားကိုးတကြီး မြင့် မေတ္တာရပ်ခံလိုက်လာသည်။

ပိုဝေမှာ အဖြူရောင်သိုင်းပညာရှင်တစ်ယောက် ဖြစ်သည့်အပြင်....

လူပေါ်၏ သားလည်း ဖြစ်နေသောကြောင့် စုချင်ဟွာသိုင်းပညာသင်ပေးရန် ဝန်မလေးပါချေ၊ သို့သော် သူမ၏ သိုင်းပညာက ဝမ်ပိုဝေထက်သာသော်လည်း ခြသေ့်နက် ယန်ဟူကျင်းကိုတော့ မီမည်မဟုတ်ပါချေ။

သို့ဖြစ်ရာ ယနေ့တူကျွင်း၏သိုင်းပညာ ကိုယင် ဖမီ သော သူမ က သင်ကြားပေးသည့် ဝမ်ပိုဝေမှာ ခြေသို့နှ ဂ ယနှ ကူကျွင်း ကို စိန်ခေါ်လျှင် ကိုယ့်သေတွင်းကိုယ်တူးသလို သာ ဖြစ်နေပေ လိမ့်မည်။

ထိုအချက်ကိုတွေးလိုက်မိ၍ ဆော်ခေမွယက်ယောက် ကိုကျိုး ချို စုချင်ဟွာက သက်ပြင်းတစ်ချက်ကို မှုင်းချလိုက်ကာ...

'မင်းကို သိုင်းပညာသင်ပေးဖို့ကတော့ ဘာမှအခက်အခဲ မရှိပါဘူးဝမ်ပိုဝေ'

**'ဒါဆို'**

'ဒေါ်ဒေါ်စကားက မဆုံးသေးဘူး နားထောင်ပါဦး လေ....'

'ဟုတ်ကဲ့ ပြောပါဒေါ်ဒေါ် ကျွန်တော် သန္ဓာအေသွား လို့ပါ'

'အေး....ဒေါ်ဒေါ်ကိုယ်တိုင်က ခုချိန်မှာ ယနကူကျွင်း ကိုယှဉ်ပြိုင် ဘယ်ပိုမှအနိုင်ရမှာမဟုတ်ဘူး'

'ဗျာ....'

'ဟုတ်တယ်ဝမ်ပိုဝေ ဒါကြောင့် ဒေါ်ဒေါ်သိုင်းပညာ သင်ပေးလို့ မင်းယနကူကျွင်းကို ယှဉ်နိုင်ဦးမှာ မဟုတ်ဘူးက တော့သေချာတယ်'

စုချင်ဟွာက ထိုသို့ပြောလိုက်သည်တွင် ဝမ်ပိုဝေ၏ လျှော့ အမင်းစိတ်ပျက်လက်ပျက်ဖြစ်သွားသော မျက်နှာဖြင့်....



'ဒါဆို ကျွန်တော့်အတွက် ဘာမှမျှော်လင့်ချက်မရှိတော့ ဘူးပေါ့နော်ဒေါ်ဒေါ် သူ့ကိုရင်ဆိုင်ဖို့အခွင့်အရေးမရှိတော့ ဘူးပေါ့'

'ဒီလိုလဲစိတ်ကိုလျှော့ချမပစ်လိုက်ပါနဲ့ ဝမ်ပိုဝေ၊ ဒေါ် ဒေါ်က မယှဉ်နိုင်ပေမယ့် သူ့ကို ကောင်းကောင်းယှဉ်နိုင်တဲ့ ထိတ်ထိတ်ကြဲသိုင်းပညာရှင်ကြီးတွေ အမြောက်အများသိုင်းလောက ထဲမှာရှိနေကြပါသေးတယ်'

'ဒီလိုတော့ ကျွန်တော်လဲ စဉ်းစားမိပါတယ် ဒေါ်ဒေါ် ဒါပေမယ့် အဲဒီသိုင်းပညာရှင်ကြီးတွေက ကျွန်တော့်ကိုသိုင်း ပညာသင်ပေးချင်စိတ်ရှိကြဦးမှာကိုး'

'ဒီအတွက်တော့ ဒေါ်ဒေါ်ကတာဝန်ယူပါတယ်'

'ဗျာ...ဒေါ်ဒေါ်က တာဝန်ယူတယ်ဟုတ်လား'

ဝမ်ပိုဝေက သေချာအောင်ပြန်မေးလိုက်ရာ ဟုတ်မှန်သည် ဟူသောသဘောမျိုးဖြင့် စုချင်ဟွာက ခေါင်းကိုညိတ်လိုက်၏

ပြီးမှ....

'မင်းကို သိုင်းပညာထက်မြက်တဲ့ သိုင်းပညာရှင်ကြီးတွေ ဆီခေါ်သွားမယ်၊ ဒီထဲကတစ်ယောက်ယောက်ကတော့ မင်း ကိုသိုင်းပညာသင်ပေးမှာ သေချာပါတယ်'

'ဟုတ်ပါ့မလားဒေါ်ဒေါ်'

'ဟုတ်ပါတယ်ကွယ် မင်းကိုဒေါ်ဒေါ်က ကူညီပြောပေးမှာ ဖြစ်သည့်အပြင် မင်းက အမြူရောင်ထိပ်တန်း သိုင်းပညာရှင် ပျံလွှားဓားဝမ်ကောလ ၏ ရဲ့သားလဲဖြစ်နေတယ် မဟုတ်လား'

* * *

(၂၄)

မူလက အချိန်တိုတိုအတွင်း ထိပ်တန်းသိုင်းပညာတစ်ရပ်ကို တတ်မြောက်ရန်မှာ မလွယ်ကူဟုခံတွေးဆပြီး စိတ်ပျက်နေသော ဝမ်ပိုဝေမှာ ယခုတော့ အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာ၏ စကားကြောင့် အထူးပင် ရွှင်ပျဝမ်းသာသွားသလိုလည်း ခံစားလိုက်ရ၏။

အော်မေ လက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာမှာ သူ့ကို ယခုမှစတင်သိကျွမ်းရခြင်း ဖြစ်သော်လည်း ဆက်ဆံရေးက နွေးနွေးထွေးထွေးရှိလှသည်ဟု ဝမ်ပိုဝေထင်သည်။

သူရထားသော ဓာတ်ရာများကို ကုသပေးရုံမျှမက ထိုဒဏ်ရာ တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်လာရန်ပင် ကူညီဦးမည်ဟု ဆိုပေးသည်။

ထိုကူညီပေးမည့်မှာ အောင်မြင်မည့် မခအောင်မြင်သည့် အပယ်ဘား။

ထိုစကားဖြင့်ပင် မယ်ပိုဝေဝမ်းသာသလို အောင်မလက် ယောက်ကိုတ်းချုပ် စုချင်ဟွာကိုလည်း ကျေးဇူးမတင်ဘဲမနေ နိုင်အောင်ဖြစ်၍သွားတော့သည်။

'ဒေါ်ဒေါ်ရဲ့ကျေးဇူးကို ကျွန်တော့တစ်သက် မမေ့ပါဘူး ခင်ဗျာ'

'မဟုတ်ပါဘူးကလေး မင်းကအဖြူရောင် သိုင်းပညာရှင်ကလေး တစ်ယောက်ဖြစ်လို့ ငါက စိတ်ဝင်စားတာပါ၊ ကူညီပေးချင်တာ ပါ၊ပြီးတော့ မင်းအခုလက်လဲ့ ဒေါ်ဒေါ်မလေးစားရတဲ့ အဖြူ ရောင်ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်နေတယ်လေ'

'အဖေတလဲ ဒီအကြောင်းတွေသိရင် ဝမ်းသာသွားမှာ ဖြစ်သလို ဒေါ်ဒေါ်ကိုလဲ ကျေးဇူးတင်မှာ သေချာတယ်'

'ဒေါ်ဒေါ်က ကျေးဇူးတင် ခံချင်လို့ ကူညီမှာ မဟုတ် ပါဘူး'

'ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ဒေါ် ကျွန် တော်ကသဘောကိုပြောတာပါ'



ဝမ်ပိုဝေက စကားကိုပြောပြီးလိုက်သည့်အခါ အောင်မ လက်ယောက်ကိုတ်းချုပ် စုချင်ဟွာက ပြုံးသည် ဆိုရုံလေးပြုံး သည်။

ပြီးမှ သူ့ကိုစေ့စေ့ကြည့်၍....

'ဒါဆို ဒေါ်ဒေါ်တို့ ခရီးဆက်ရအောင် မင်းကဓာတ်ရာရ ထားတယ်ဆိုတော့ အလျှားဖားလျှားသွားဖို့ မလိုပါဘူး မြည်းဖြည်းချင်းသွားရင်းလဲရပါတယ်'

'ကျွန်တော့်ရဲ့ဓာတ်ရာက ဒီလောက်ထဲ မပြင်းထန်ပါဘူး ဒေါ်ဒေါ်၊ ပြီးတော့ ဒေါ်ဒေါ်ပြန်ကုပေးလို့တော်တော်လဲ သက်သာနေပါပြီ'

'သာသဲဖြစ်ဖြစ် အပြင်းမသွားဖို့တော့ မလိုပါဘူးလေ'

'ဒေါ်ဒေါ် သဘောပါပဲခင်ဗျာ၊ ဒါထက် ကျွန်တော်က ဘယ်လိုက်ခဲ့ရမှာလဲ'

'ရှောင်လင်ကျောင်းတော် ကိုလေ'

'ဗျာ....'

'ဟုတ်တယ်....ရှောင်လင်ကျောင်းတော်မှာက သိုင်းပညာ အဆင့်မြင့်တဲ့ ဆရာတော်တွေ ရှိနေတယ်၊ သူတို့ဆီက မင်း သိုင်းပညာအမွေ ရမယ်ဆိုရင်တော့ အနက်ရောင်သိုင်းသမား တွေကို ကောင်းကောင်းကြီး ရင်ဆိုင်နိုင်လိမ့်မယ်'

အောင်မလက်ယောက်ကိုတ်းချုပ် စုချင်ဟွာက လေးနက် သည့်လေသံမျိုးဖြင့် ပြောသည်။

ထိုစကားကိုတော့ ဝမ်ပိုဝေ ယုံမှားသံသယ ရှိစရာမလို ပါချေ။

ရှောင်လင်ဂိုဏ်း၌ ဂိုဏ်းချုပ်ကြီးနှင့် လက်ထောက်ဂိုဏ်းချုပ် ဆရာတော်တို့အပြင် အခြား သိုင်းပညာထူးချွန်ထက်မြက်သည့် ဆရာတော်များရှိနေသေးသည်ကို သိုင်းဗဟုသုတရှိသော ဝမ်ပိုဝေ ယခင်ကပင်ကြားဖူးထားပြီးဖြစ်၏။

အော်မေ လက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာက သူ့ကို ရှောင်လင်ကျောင်းတော်သို့ ခေါ်သွားမည်ဟုဆို၏။

ထိုစကားမှာ သူ့အတွက် ဝမ်းသာစရာစကားပင်။ တစ်ခုရှိ၏၊ အဆိုပါ ရှောင်လင်ကျောင်းတော်မှ သိုင်းပညာအဆင့်မြင့်သည့်ဆရာတော်များက သူ့ကို လိုလိုလားလားကြည်ကြည်ဖြူဖြူ သိုင်းပညာသင်ကြားပေးမပေးဆိုသည့်အချက်ပင်။

မည်သို့ပင်ဖြစ်စေ အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာက ခေါ်ဆောင်သွားသူ ဖြစ်သည့်အပြင် သူကိုယ်တိုင်ကလည်း နာမည်ကျော် အဖြူရောင် သိုင်းပညာရှင်ကြီး ပျံ့လွှားဝေး ဝမ်ကောလီ၏ သားဖြစ်သောကြောင့် ပစ်ပစ်ခါခါကြီး ပယ်ထုတ်လိမ့်မည်ဟုကား သူမထင်ချေ။

တကယ်လည်း သူ့အထင်မှန်ကန်ကြောင်းကို ရှောင်လင်ကျောင်းတော်သို့ရောက်သည့် အခါတွင်မှ ဝမ်ပိုဝေ သိခဲ့ရလေသည်။

နာမည်သာ ကြားဘူးပြီး ကိုယ်တိုင် မရောက်ဘူးသေး၍ ကျယ်ဝန်းခမ်းနားပြီး ဆိတ်ငြိမ်အေးချမ်းသော ရှောင်လင်



ကျောင်းတော်သို့ ရောက်သည့်အခါ ဝမ်ပိုဝေ တအံ့တသြဖြစ်ခဲ့ရ၏။

အော်မေဂိုဏ်းချုပ်ကြီးမှာ ရှောင်လင် ဂိုဏ်းချုပ်ကြီးနှင့် ခင်မင်ရင်းနှီးသူဖြစ်၍ စုချင်ဟွာမှာ ရှောင်လင်ကျောင်းတော်ထဲသို့ အခက်အခဲမရှိပင် ဝင်ရောက်လာနိုင်ခဲ့၏။

နောက်ဆုံးတော့ စုချင်ဟွာက သူ့ကို ရှောင်လင်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သော ဆရာတော် တောက်တယ်ကျင်းထံခေါ်သွားကာ သိုင်းပညာသင်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့လေသည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီး တောက်တယ်ကျင်းကား အသက်ရှစ်ဆယ်ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရကာ ခန့်ညားပြီး လေးစားရိုသေလောက်သည့် အမူအရာမျိုးလည်းရှိ၏။

'အင်း....မင်းက အဖြူရောင် သိုင်းပညာရှင်တစ်ယောက်ဖြစ်တဲ့အပြင် ပျံ့လွှားခား ဝမ်ကောလီရဲ့သားလဲ ဖြစ်တယ်ဆိုတော့ ကျုပ်တဦးစားပေးရမှာပေါ့'

'ကျေးဇူးကြီးလှပါတယ် ဆရာတော်....၊ တပည့်တော်က အဖြူရောင်သိုင်းမလောကရဲ့ ကောင်းကျိုးကို အသက်ရှင်ပြီး ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ထားတာဖြစ်လို့ တပည့်တော်ကို သိုင်းပညာသင်ပေးတဲ့အတွက် ဆရာတော် သိက္ခာမကျစေရပါဘူး၊ နောင်တလဲ မရစေရပါဘူး'

သူ့ကို အဖြူရောင် သိုင်းပညာရှင်ကောင်းတစ်ယောက်ဟု သဘောပေါက်သွား၍ယားမပြောတော့၊

နောက်ဆုံးမှာတော့ ရွှေဝင်လင်ဂိုဏ်းချုပ်ကြီးတော့ဂါတယ် ကျွင်းက သူ့ကိုသိုင်းပညာသင်ကြားပေးရန် မြတ်သားစွာ ဆုံးဖြတ်ချက်ချခဲ့၏။

ထို့အတွက် ဝမ်ပိုဝေနည်းတူ အထူးတလည်ဝမ်းသာသွားသူကတော့ အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာပင်ဖြစ်၏။

'ဒေါ်ဒေါ့်ကို ကျွန်တော် အထူးပဲ ကျေးဇူးတင်ပါတယ်'

'ရပါတယ် ဝမ်ပိုဝေ ကိစ္စမရှိပါဘူး၊ ဒေါ်ဒေါ်ကလဲ မင်းကိုကူညီနိုင်တဲ့အတွက်ပဲ ဝမ်းသာလှပါပြီ၊ ဒါပေမယ့်...'

'ဒါပေမယ့် ဘာဖြစ်သလဲ ဒေါ်ဒေါ်'

'ရွှေဝင်လင်ဂိုဏ်းချုပ်ဆရာတော်ဆီက မင်းသိုင်းပညာသင်ပြီးရင်တော့ ခြင်္သေ့နက်ဂိုဏ်းကို သွားမနှိမ်နင်းခင် အော်မေ ဌာနချုပ်ကို တစ်ခေါက် ရောက်အောင် လာခဲ့ပါ....မင်းကို ဒေါ်ဒေါ် စကားပြောစရာရှိတယ်'

'စိတ်ချပါဒေါ်ဒေါ် ကျွန်တော် လာခဲ့ပါ့မယ်'

ဝမ်းပန်းကြီးသောကိစ္စ မဟုတ်သောကြောင့် ဝမ်ပိုဝေက တွေဝေ၍ပင်မနေပါချေ။



ခေါင်းမတွေပင် ကတိပေးလိုက်၏။

သူ့အဖို့ ထိုကတိစကားကိုကြားလိုက်ရသည်တွင်စိတ်အား လက်အေးဖြစ်သွားသည့်အလား အော်မေလက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာက သူ့ကိုထားခဲ့ကာ ရွှေဝင်လင်ကျောင်းတော်မှ မြန်ဆန်စွာထွက်ခွာသွားလေတော့သည်။

'မင်းကို ကျုပ်သင်ပေးမယ့် သိုင်းပညာက ခုနစ်ဆင့်လက်ဝါးသိုင်းပညာလို့ခေါ်တယ်'

ခုနစ်ဆင့်လက်ဝါး ဟူသော အမည်ကို ဝမ်ပိုဝေစိတ်ထဲမှ လိုက်ရေရွတ်ကြည့်လိုက်မိ၏။

ထိုစဉ်မှာပင် ဂိုဏ်းချုပ်ဆရာတော်က ဆက်ပြောလာလေသည်။

'ပြောမယ်ဆိုရင် မင်းက အဖြူရောင်သိုင်းလောကက ထင်ရှားတဲ့ပျံလွှားခါးဝမ်ကောလီရဲ့ သားဖြစ်တာရယ်၊ အော်မေလက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာကကိုယ်တိုင်လိုက်ပို့ပြီးထောက်ရပ်ခံလာတာရယ်၊ ပြီးတော့ မင်းကို ရဲရင့်ပြီးဖြူစင်တဲ့ သိုင်းပညာရှင်လေးတစ်ယောက်ဖြစ်ဘယ်ဆိုတာရယ်ကို အကဲခတ်မိသောကြောင့် ရှောင်လင်ဂိုဏ်းရဲ့သိုင်းပညာတစ်ရပ်ဖြစ်တဲ့ ခုနစ်ဆင့်လက်ဝါးသိုင်းပညာကို သင်ပေးဖို့ ဆုံးဖြတ်လိုက်ရတာပဲ၊ ပြောမယ်ဆိုရင် ဒီသိုင်းပညာက တော်ရုံလူ သင်ခွင့်ရတာမဟုတ်ဘူး'

'တပည့်တော် ဒီကျေးဇူးတရားကို တစ်သက်လုံး မမေ့ဘဲ စွဲနေအောင် မှတ်သားထားပါ့မယ်'

'အေးလေ မင်းကကျေးဇူးတရားကိုနားလည်တဲ့ လူတော် လူကောင်းလေးတစ်ယောက်လို့ ကျုပ်အကဲခတ်လို့ရပါတယ်၊ နောက်ပြီး အနက်ရောင်သိုင်းလောကသားတွေခေါင်းထောင် မလာနိုင်အောင် မင်းတို့လို လူငယ်တွေက တားဆီး နှိမ်နင်း



ပေးဖို့လဲလိုတယ်လေ၊ ကျုပ်တို့က အသက်အရွယ်တွေ ရလှကြပြီဆိုတော့ သိုင်းလောကရဲ့ပြဿနာတွေကို သိပ်ပြီးဝင်မပါချင်ဘူး'

ထိုနေရာအရောက်တွင် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး တောက်တယ်ကျင်းက စကားကို ခေတ္တရပ်သည်၊ ပြီးမှ အေးဆေးတည်ငြိမ်သောလေသံဖြင့် စကားကိုဆက်၏။

'အင်း....ကျုပ်မှတ်မိသေးတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ဝန်းကျင်လောက်က အနက်ရောင် သိုင်းလောကမှာ နာမည်ကျော်တဲ့ မရဏလက်ဝါးစီးဖန်ကိုအနိုင်ယူခဲ့တာဟာ ဒီခုနစ်ဆင့်လက်ဝါးပဲပေါ့၊ ဒါပေမယ့် အဲဒီတုန်းကတိုက်ခိုက်အနိုင်ယူခဲ့တာကတော့ ကျုပ်မဟုတ်ပါဘူး၊ ကျုပ်တို့ဂိုဏ်းချုပ်ဆရာတော်ကြီးက တိုက်ခိုက်အနိုင်ယူခဲ့တာ၊ ကျုပ်က အဲဒီတုန်းက လက်ထောက် ဂိုဏ်းချုပ်အဆင့်မှာပဲ ရှိသေးတယ်လေ'

သိုင်းလောကတွင် အထင်ကရရှိခဲ့သော အဆင့် မြင့်မားလှသည့် ခုနစ်ဆင့်လက်ဝါး သိုင်းပညာကို သင်ယူခွင့်ရတော့မှာပါလားဟူသောအသိဖြင့် ဝမ်ပိုဝေမှာ ပီတိဖြစ်မှုနှင့်အတူ တစ်ကိုယ်လုံး ပေါ့ပါးမြောက်ကြွနေသလိုမျိုးလည်း ခံစားလိုက်ရ၏။

ထိုစဉ်မှာပင် ဂိုဏ်းချုပ်ဆရာတော်ကြီး တောက်တယ်ကျင်း၏ စကားသံက ဆက်ထွက်လာသည်။

'ခုနစ်ဆင့်လက်ဝါးလို့ ခေါ်ရတာကတော့ ဒီသိုင်းပညာမှာ အဆင့်ခုနစ်ဆင့်ပါလို့ပဲ'

'ဟင်ပါ'

'အဲဒီ အဆင့်ခုနစ်ဆင့်မှ ပထမငါးဆင့်ကဒီလောက်မထူး ခြားလှပေဘူးလို့ပြောရပေမယ့် နောက်ဆုံးနှစ်ဆင့်ကတော့ အဆင့် မြင့်မားသလို ခက်ခဲလဲ ခက်တယ်၊ သူက အတွင်းအားကို အပြည့်အသုံးပြီး လိုအပ်သလို အသုံးချကိုက်ခိုက်တဲ့ သိုင်း ကွက်တွေဖြစ်လို့ အတွင်းအား မြင့်မားရင် မြင့်မားသလောက် ကို ကြောက်စရာကောင်းတယ်'

'ဟင်....ဒါဆို တပည့်တော်ရဲ့ အတွင်းအားက....'

ဝမ်ပိုဝေမှာ သာမန်ထက်သာ ရှိမျှသာရှိသည့်မိမိ၏အတွင်း အားအဆင့်ကို သတိရကာ အားမလိုအားမရ ဖြစ်သွားလေ သည်။

သူ့စကားက တစ်ဝက်တစ်ပျက်နှင့်ရပ်သွားသည်ကို ရှောင် လင်ဂိုဏ်းချုပ်ဆရာတော် တောက်တယ်ကျင်းကလည်း သဘော ပေါက်ပုံရသည်။

သူ့ကို တစ်ချက်ကြည့်ရင်းမှ....

'ဘာလဲ မင်းရဲ့အတွင်းအားက ထိပ်တန်းအဆင့်မှာမရှိလို့ စိတ်ပျက်သွားတာလား၊ ဘာမှ စိတ်မပျက်နဲ့ပါလေ၊ လော လောဆယ် ခုနစ်ဆင့်လက်ဝါးသိုင်းကွက်တွေကိုပဲ အလွတ်ရ အောင် လေ့ကျင့်ထားပါဦး၊ ပြီးမှ အတွင်းအားထိပ်တန်း အဆင့်ရောက်နိုင်တဲ့နည်းလမ်းကို ကျုပ်ပြောပြပါမယ်'

'ဆရာတော်ဆီမှာ ဒီလိုနည်းလမ်းရှိသွားတယ် ဟုတ်လား'

'ရှိပါတော့'



ရှောင်လင်ဂိုဏ်းချုပ်ကြီး တောက်တယ်ကျင်းက ခေါင်းကို ညိတ်ပြလိုက်သောကြောင့် ဝမ်ပိုဝေမှာ ထိတ်ခနဲဝမ်းသာသွား မိ၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီး တောက်တယ်ကျင်းက အတွင်း အားတစ်မိုဟုတ်ချင်း တိုးပွားနိုင်စေသော နည်းလမ်းကို သိ ထားသည်ဆိုပါလား။

ရှောင်လင်ဂိုဏ်းချုပ် တောက်တယ်ကျင်းကတော့ သူ့ကို မဟုတ်တဲ့ လိမ်ညာပြောမည့် မဟုတ်ပါချေ။

သို့ဖြစ်၍ ဝမ်ပိုဝေ အထူးပင်ဝမ်းသာသွား၏။

'ဟင်ပါ၊ ဒါဆို တပည့်တော် ခုနစ်ဆင့်လက်ဝါးသိုင်း ပညာရပ်ကိုပဲ အမြန်ဆုံးတတ်မြောက်အောင် ကြိုးစားသင်ယူ ပါမယ်၊ ပြီးမှ ဆရာတော် အမိန့်ရှိတဲ့ ကိစ္စကို ဆောင်ရွက်ပါ့ မယ်'

'ကောင်းပြီဝမ်ပိုဝေ၊ ဒါဆို မင်းကိုဒီကနေ့ပဲစပြီး သိုင်း ပညာသင်ပေးမယ်၊ ခုနစ်ဆင့်လက်ဝါးသိုင်းပညာရပ်က အဆင့် မြင့်ပြီး ခက်ခဲနက်နဲမှုတွေရှိတယ်၊ ဒါပေမယ့် ဉာဏ်ကောင်းပြီး ဇွဲလုံ့လရှိတဲ့ အပြင် သိုင်းပညာသက်ရင့်အားဖြင့်လဲအဆင့်မနိမ့် တဲ့အတွက် ထင်ရောက်မှုရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်'

'ဟင်ပါ၊ တပည့်တော် အထူးတလည်ကြိုးစားသွားပါ့ မယ်လို့ ကတိပေးပါတယ်'

ဝမ်ပိုဝေက မဆိုင်းမတွပင် ရဲဝံ့စွာအာမခံလိုက်လေ ရှောင်လင်ဂိုဏ်းချုပ်ကြီး တောက်တယ်ကျင်း၏ ယုံကြည် ကျေနပ်၍ သွားသည့်အလား ပြုံးသည်။

ဝမ်ပိုဝေ၏ ရင်ထဲမှာတော့ ပျော်ရွှင် အားတက်နေသည်ကား အမှန်ပင်တည်း။

( ၂၅ )

ဝမ်ပိုဝေမှာ ဉာဏ်ကောင်းသူဖြစ်သည့်အပြင် ဇွဲရှိပြီး စိတ်ပါလက်ပါလည်း သင်ယူခဲ့သောကြောင့် အဆင့်မြင့်မားလှသော ခုနစ်ဆင့်လက်ဝါးသိုင်းကွက်များကို အောင်မြင်စွာပင် လေ့ကျင့်တက်မြောက်ခဲ့လေသည်။

သို့သော် ထိပ်တန်းအဆင့် အတွင်းအားကိုမူ ပိုင်ဆိုင်ခြင်း မရှိသေးချေ။

သို့ဖြစ်၍ ရှောင်လင်ဂိုဏ်းချုပ် ဆရာတော် တောက်တယ်ကျင်းက အတွင်းအား တစ်မုဟုတ်ချင်း မြင့်မားစေမည့်နည်းလမ်းကို ပြောပြခဲ့သည်။

ထိုနည်းလမ်းကို ကြားသိရသည့်အခါမှာတော့ ဝမ်ပိုဝေမှာ ဝမ်းပန်းတသာရမလို စိတ်ပဲ့ပျက်ရမလို ဝေခွဲမရဖြစ်သွားသည်။

အကြောင်းမှာ ရှောင်လင်ဂိုဏ်းချုပ်ကြီး ပြောကြားတယ်ကျင်း ပေးသော နည်းလမ်းမှာ ရေခဲနဂါး၏ အသည်းကို ထုတ်စားရမည်ဟူသော နည်းလမ်းဖြစ်သောကြောင့်ပင်။

ရေခဲနဂါးမှာ နန်ကင်းပြည်နယ်ဘက်မှ ရေခဲတောင်၏ တောင်ခြေ ချောက်ထဲတွင်ရှိသည်ဟု သိရသည်။

အရွယ်အစားကြီးမားပြီး သန်မာသော ရေခဲနဂါးကြီးကို သတ်ဖြတ်ပြီး အသည်းကို ထုတ်ယူစားသောက်ရန်မှာ လွယ်ကူသော ကိစ္စတစ်ခု မဟုတ်သည်ကတော့ သေချာလှသည်။

ရေခဲနဂါးကို မသတ်နိုင်ဘဲ ရေခဲနဂါးလက်ချက်ဖြင့်လည်း သူ ဇာတ်သိမ်းသွားချင် သွားနိုင်ပေသည်။

သို့သော် မည်သို့ပင်ဖြစ်စေ သူစွန့်စားသည့်တော့ စွန့်စားရမည်သာပင်။

သို့မှသာ အတွင်းအား ထိပ်တန်းအဆင့် ရောက်ပြီး ခြသေ့နက် ဟန်ဟူကျင်းတို့လူစုကို ကောင်းစွာ ရင်ဆိုင်နိုင်မည်ဖြစ်သည်။

ထို့နောက် ဝမ်ပိုဝေက ရှောင်လင်ဂိုဏ်းချုပ်ကြီးအား တယ်ကျေးဇူးတင်ကြောင်း ကန်တော့နှုတ်ဆက်၍ ရှောင်လင်ကျောင်းမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ထိုအချိန်တွင် ဝမ်ပိုဝေမှာ နန်ကင်းနယ်ကိုကား မသွားနိုင်သေးပါချေ။ အော်မေဂိုဏ်းဌာနချုပ်ကို သွားလျှင် ဦးတည်၍ ထွက်လာခဲ့သည်။



သူ၏ ကျေးဇူးရှင်ဖြစ်သော အော်မေယက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာက ရှောင်လင်မှပြန်လျှင် အော်မေဂိုဏ်းဌာနချုပ်သို့ မပျက်မကွက် ဝင်ရောက်ခဲ့ရမည်ဟု သူ့ကို အသေးအနက် မှာကြားသွားခဲ့သည် မဟုတ်ပါလား။

'ဪ... ဝမ်ပိုဝေ မင်းတော်တော်ရောက်လာပြီ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်က သိုင်းပညာသင်ကြားပေးလိုက်ပြီလား'

အော်မေဂိုဏ်းဌာနချုပ်သို့ ရောက်ပြီး ယက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာနှင့် တွေ့သည်တွင် ဝမ်ပိုဝေအား အဘဦးဆုံး ဝမ်းသာအားရ မေးလာခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဝမ်ပိုဝေက ခေါင်းပြန်ညိတ်ပြ ပြုံးကာရင်း...

'ဟုတ်ကဲ့ သိုင်းပညာသင်ယူခဲ့ပြီးပါပြီ ဒေါ်ဒေါ် ဆရာတော်က ကျွန်တော့်ကို ခုနစ်ဆင့်လက်ဝါး သိုင်းပညာ သင်ကြားပေးလိုက်ပါတယ်'

'ခုနစ်ဆင့်လက်ဝါးဟုတ်လား သိပ်ကိုထူးခြားပြီး အဆင့်မြင့်မားကဲ့ သိုင်းပညာပဲ ဝမ်ပိုဝေ ဒီသိုင်းပညာသင်ယူခွင့်ရတာ မင်းကံကောင်းတာပဲ'

'ဒေါ်ဒေါ် ကျေးဇူးလဲ ပါပါတယ်ခင်ဗျာ အကယ်၍ ဒေါ်ဒေါ်ကသာ ရှောင်လင်ကျောင်းတော်ကို လိုက်မပို့ခဲ့ရင် ကျွန်တော် ဒီသိုင်းပညာကို တတ်မြောက်နိုင်စရာ အကြောင်းမရှိပါဘူး'

ကျေးဇူးတရားသိတတ်သော ဝမ်ပိုဝေက တလေးတစား ပြန်ပြောလိုက်ရာ အော်မေယက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာ၏ မျက်နှာက ပြုံးယောင်သမ်း၍သွား၏။

ပြီးတော့မှ သူ့ကိုကြည့်၍....

'အင်းမင်းကတော့ တကယ့်ကိုကျေးဇူးသိတတ်တဲ့လူတော် လူကောင်းလေးတစ်ယောက်ပဲ၊ ဒေါ်ဒေါ်က ခေါ်သွားတာတော့မှန်ပါတယ်၊ ဒါပေမယ့် မင်းကိုယ်တိုင်ကလဲ လူတော်လေးတစ်ယောက် ဖြစ်နေတာကြောင့် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော် တောက်ဘယ်ကျင်းက ဒီလိုထက်မြက်တဲ့ သိုင်းပညာကိုသင်ကြားပေးဖို့ စိတ်ကူးဆုံးဖြတ်တာလား မင်းက ဉာဏ်ရည်လည်းတော်တော်လေးကောင်းပုံရတယ်၊ ဒီလောက်ရက်တိုတိုနဲ့ မင်းသိုင်းပညာ တတ်မြောက်သွားမယ်လို့တောင် မထင်မိဘူး'

'ဟုတ်ကဲ့ ခုနစ်ဆင့်လက်ဝါးသိုင်းပညာကိုတော့ ကျွန်တော် စိတ်ပါလက်ပါ ကြိုးစားသင်ယူခဲ့တာကြောင့် တတ်မြောက်သွားခဲ့ပါပြီဒေါ်ဒေါ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ ဝမ်ပိုဝေ'

'အနက်ရောင်သိုင်းပညာရှင်တွေကို ရင်ဆိုင်ဖို့တော့ အခုထက်ပိုပြီး အတွင်းအားပြည့်ဝဖို့ လိုပါတယ်၊ ဒါကြောင့် အတွင်းအားကောင်းအောင် ကျွန်တော်အလျင်ကြိုးစားရမယ်၊ ပြီးမှ ခြင်္သေ့နက်ဂိုဏ်းကို ရင်ဆိုင်ရမယ်'

'မင်းက အတွင်းအားချက်ချင်းပြည့်ဝအောင် ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလို့လဲ'

'ရေခဲနဂါးကိုသတ်ပြီး အသည်းကိုထုတ်စားဖို့ စဉ်းစားထားပါတယ်ဒေါ်ဒေါ်'



သူ့ထံမှ မျှော်လင့်မထားသောစကားကို ကြားလိုက်ရသောကြောင့် အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာမျက်လုံးပြူးသွားသည်၊

'ရေခဲနဂါး'

'ဟုတ်ပါတယ် နန်ကင်းနယ်ထဲက ရေခဲဘောင်ချောက်ထဲမှာရှိတယ်လို့ပြောပါတယ်'

'ဒီအကြံကို ဘယ်သူပေးလိုက်တာလဲ'

'ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးပါ'

'မင်းကရော ဒီနည်းကိုပဲသုံးဖို့ ဆုံးဖြတ်လိုက်ပြီလား'

အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာက စူးစမ်းသလိုမေးလာသည်တွင် ဝမ်ပိုဝေက ခေါင်းညိတ်ပြလိုက်၏၊

'ဟုတ်ကဲ့ ကျွန်တော်ဆုံးဖြတ်ထားပြီးပါပြီဒေါ်ဒေါ် ရေခဲနဂါးကိုနှိမ်နင်းဖို့က မလွယ်ကူဘူးလို့တော့ ကျွန်တော် စဉ်းစားမိပါတယ်၊ ဒါပေမယ့်အတွင်းအားကချိန်တိုတိုအတွင်းမှာ ထိပ်ဆုံးကိုရောက်ချင်တယ်ဆိုရင်တော့ ဒီနည်းလမ်းကိုပဲ မလွှဲမသွေသုံးရမှာပဲ၊ ဒီထက်ပိုကောင်းတဲ့ နည်းလမ်းသစ်ရှိမယ်လို့ မထင်ဘူးလေ'

'ဒီနည်းလမ်းက ကောင်းပေမယ့် မင်းတော်တော်တော့ ရုန်းစားရလိမ့်မယ် ဝမ်ပိုဝေ၊ အဆင်မသင့်ရင် နဂါးအသည်းစားရဘဲ မှင်းတောင်မှ ပြန်လမ်းမရှိပဲ ဖြစ်သွားနိုင်တယ်၊ ဒေါ်ဒေါ်က မင်းကိုစိတ်ပျက်အောင် ခြိမ်းခြောက်နေတာ မဟုတ်ဘူးနော် အန္တရာယ်များတာကိုသာ မင်းသိအောင်

အသိပေးတာ အကယ်၍မင်းက ဖြတ်သွားစွာဆုံးဖြတ်ချက်ချထားပြီးပြီဆိုရင်တော့ ဒေါ်ဒေါ်ဘာမှ မပြောလိုတော့ဘူး အောင်မြင်အောင် အစွမ်းကုန်ကြိုးစားပါလို့ ဆိုက်တွန်းရုံသာရှိပါတယ်'

'ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ် ကျွန်တော်ကစွန့်စားရတာကို ဝါသနာပါပါတယ်၊ အကယ်၍ ရေခဲနဂါးကို မယှဉ်နိုင်ဘဲ သေဆုံးသွားခဲ့ရင်လဲ ကျွန်တော့်ကုသိုလ်လို့ပဲ မှတ်ယူလိုက်ပါ့မယ်၊ ဘာပဲဖြစ်ဖြစ် အကျင်းအား ထိတ်တန်းအဆင့်ကိုရောက်မှ ခြင်္သေ့နက်ဂိုဏ်းကို ဖြိုခွင်းနိုင်မှာဖြစ်လို့ ကျွန်တော်ကြိုးစားဖို့ ဆုံးဖြတ်ထားပါတယ်'

ဝမ်ပိုဝေက သူဆုံးဖြတ်ထားသည့်အတိုင်း ပွင့်ပွင့်လင်းလင်းပင်ထုတ်ပြောလိုက်၏။

ဒီတော့မှပင် အော်မလက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာက တစ်စုံတစ်ခုကို သတိရသွားသည့်အလား မျက်နှာသားပြောင်းသွားကာ....

'မအေး....မင်းက ခြင်္သေ့နက်ဂိုဏ်းဆီမှ ပြောရမယ့်စကားကို သတိရတယ်၊ မင်းကို ချောင်သင် ကျောင်းတော်မှာ တုန်းက ပြောစရာစကား ရှိတယ်လို့ ပြောခဲ့တာကို မင်းမှတ်မိသေးရဲ့လား'

'ဟုတ်ကဲ့မှတ်မိပါတယ် ဒေါ်ဒေါ်၊ ဒါကြောင့်လဲ့နန်ကင်းနယ်ကို မသွားခင် ဒေါ်ဒေါ်ပြောမယ်ဆိုတာကို နားထောင်ဖို့ဝင်လာတာပါ'



'မင်းရဲ့တည်ကြည်မှုကို ဒေါ်ဒေါ်လေးစားပါတယ်၊ ဒေါ်ဒေါ်က မင်းကို ကတိတစ်ခု ကြိုပြီး တောင်းထားချင်လို့ပါ၊ မင်းပေးမှာလား'

'ပြောပါဒေါ်ဒေါ်၊ ကျွန်တော် အခုလိုအနေအထားမျိုး ရောက်နေရတာဟာ ဒေါ်ဒေါ်ရဲ့ကျေးဇူးတွေ အများကြီးပါနေတာမို့ ဒေါ်ဒေါ်က ကတိတောင်းရင် ကျွန်တော် ပေးရမှာပေါ့'

ဝမ်ပိုဝေက ခပ်တည်တည်ပင် ပြန်ပြော၏။

အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာက မည်သည့်ကတိမျိုး တောင်းလာမည်ကို မသိရသေးသော်လည်း ဝမ်ပိုဝေ စိုးရိမ်မိပါချေ။

အကြောင်းမှု အမျှော်အမြင်သိုင်းပညာချင် တစ်ခေါက် ဖြစ်သော အော်မေလက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာမှာ မတရားသည့်ကိစ္စမျိုး တောင်းမည်မဟုတ်သလို မဖြစ်နိုင်သည့်ကိစ္စမျိုး တောင်းရန်လည်း ကတိတောင်းမည်မဟုတ်ဟု ခြွင်းချက်မရှိယုံကြည်ထားသောကြောင့်ပင်ဖြစ်၏။

'ကောင်းပြီ ဒါဆိုရင်လဲ မင်းကိုဒေါ်ဒေါ်ကတိတောင်းရတော့မှာပေါ့လေ'

'ပြောပါ ဒေါ်ဒေါ်'

'ခြင်္သေ့နက်ဂိုဏ်းချုပ်ယန့်ကုကျင်းကို မင်းရင်ဆိုင်ရရင် သူ့အသက်ကို သေအောင်မသတ်ပါဘူးဆိုတဲ့ကတိကိုပဲဒေါ်ဒေါ်က လိုချင်တာပါ'

'ဗျာ....'

သူကြားလိုက်ရသောစကားကလုံးဝနမျှော်လင့်မထားသော ကတိစကားမျိုးဖြစ်နေသောကြောင့် ဝမ်ပိုဝေမှာ ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်သောင်ဖြစ်သွား၏။

ခြင်္သေ့နက်ယန်ဟူကျင်းကို သေအောင်မသတ်ရဘူးဆိုသော စကားက သူ့ကို အံ့ဩသွားစေခဲ့သည်ကား အမှန်ပင်ဖြစ်လေသည်။

ထိုကတိမျိုးကို အော်မေဂိုဏ်းချုပ် စုချင်ဟွာက အဘယ့်ကြောင့် လိုချင်ရပါသနည်း။

ခြင်္သေ့နက်ယန်ဟူကျင်း၏ဆိုးယုတ်မှုကို မသိခဲ့၍ပဲလား။ သို့တည်းမဟုတ် စုချင်ဟွာမှာ တစ်ချိန်က ခြင်္သေ့နက်ဂိုဏ်းချုပ် ယန်ဟူကျင်းနှင့် ပတ်သက်ခဲ့ဖူးသူ ဖြစ်နေလို့ပဲလား။

ဝမ်ပိုဝေတစ်ယောက် သို့လောသို့လောအတွေးဖြင့် ဦးနှောက်ခြောက်သွား၏။

ထို့ကြောင့် ဝမ်ပိုဝေကနားမလည် ပြန်မေးလိုက်၏၊

'ဒီကတိကတော့ ကျွန်တော်လုံးဝမျှော်လင့်မထားတဲ့ကတိမျိုးပါပဲ ဒေါ်ဒေါ်၊ နေပါဦး ဘာကြောင့် ဒေါ်ဒေါ်က ဒီကတိမျိုးတောင်းရတာလဲ၊ ခြင်္သေ့နက်ယန်ဟူကျင်းဟာအနက်ရောင်သိုင်းပညာရှင်တစ်ယောက်ဆိုတာလဲ ဒေါ်ဒေါ်သိလျက်သားနဲ့'

'မှန်ပါတယ် ဝမ်ပိုဝေ၊ ခြင်္သေ့နက်ယန်ဟူကျင်းဟာ အနက်ရောင်သိုင်းပညာရှင်တစ်ယောက်ဆိုတာကို မင်းသိသလို ဒေါ်ဒေါ်လဲသိပါတယ်'



'ဒါနဲ့တောင် သူ့ကိုမသတ်ပါဘူးဆိုတဲ့ကတိကိုဒေါ်ဒေါ်က ဘာကြောင့်လိုချင်ရတာလဲ'

လေးနက်သောလေသံဖြင့် ပြန်မေးလိုက်သော သူ၏အမေးစကားအဆုံးမှာတော့ အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာ၏တည်ငြိမ်သောမျက်နှာက မသိမသာ လှုပ်ရှား၍သွားသည်ကို ဝမ်ပိုဝေသတိထားလိုက်မိ၏။

သို့သော် အဓိပ္ပာယ်ဖော်ရန်ကား မလွယ်ကူလှပါချေ၊ နောက်နောက်တော့မှ စုချင်ဟွာက မျက်နှာအားကို ပြန်ပြင်လျက်....

'ဒါကတော့ သူက မင်းအဖေဝမ်တာလီကို သေအောင် တိုက်ခိုက်ခဲ့တာ မဟုတ်ဘူးလေ၊ ဒဏ်ရာရရုံပဲ တိုက်ခိုက်ခဲ့တာ။ ဒါကြောင့် သူ့ကိုမင်းက သေသည်အထိလက်တုံ့ပြန်ပြီး တိုက်ခိုက်လိုက်မယ်ဆိုရင် မတရားရာ ရောက်သွားမှာပေါ့'

'ဒီလိုပြောလို့တော့လဲမရပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် အဖေကို ဒဏ်ရာရရုံပဲ တိုက်ခိုက်လိုက်တယ်ဆိုတာက ဟူယန်ကျင်း စိတ်ထားကောင်းလွန်းတာကြောင့်မဟုတ်ပါဘူး၊ အဖေက လွတ်မြောက်အောင် ထွက်ပြေးလာခဲ့လို့ပါ အကယ်၍ ထွက်မပြေးဘဲ ဆက်ပြီးရင်ဆိုင်ဦးမယ်ဆိုရင်တော့ သူကလဲ ပက်ချင် သတ်မှာပါပဲ၊ နောက်ပြီး သူက အနက်ရောင်သိုင်းပညာရှင်ကြီး တစ်ယောက် ဖြစ်တယ်ဆိုတာကိုလဲ ဒေါ်ဒေါ် မေ့ထားသင့်ပါဘူး၊ အဖေ့အတွက် ကလဲ့စားပြန်မချေဘူးပဲ

ထား၊ သူ့အသက်ရှင်လျက် ရှိနေဦးမယ်ဆိုရင် ပြည်သူတွေရော အဖြူရောင် သိုင်းလောကသားတွေမှာ ဘယ်လိုမှ စိတ်အေးချမ်းသာနေလို့ရမှာ မဟုတ်ဘူး'

'ဒီအတွက်တော့ ဒေါ်ဒေါ် စဉ်းစားပြီးသားပါ၊ မင်းက တိုက်ခိုက်ရင် အသာစီးရရင် သူ့ကို အတွင်းအားနဲ့ သိုင်းပညာတွေ ပျက်စီးသွားအောင် တိုက်ခိုက်ဖျက်ဆီးပစ်လိုက်ပါ၊ ဒါဆို သူ့ကို သတ်စရာမလိုတော့ဘူး၊ ယန်ဟူကျင်းလဲ သာမန်လူတစ်ယောက်လို ဖြစ်သွားတာမို့ နောက်ထပ် ဘယ်သူ့ကိုမှ ဒုက္ခပေးနိုင်တော့မှာ မဟုတ်ဘူး ဘယ်နှယ်လဲ ဒေါ်ဒေါ် ပြောတဲ့ အစီအစဉ် မကောင်းဘူးလား'

အော်မေလက်ထောက်ဂိုဏ်းချုပ်ကြီး စုချင်ဟွာက ပြောရင်း သူ့မျက်နှာကို မျှော်လင့်ချက်ကြီး ကြည့်လာသောကြောင့် ဝမ်ပိုဝေမှာ အတော်ပင် အခက်တွေ့သွားသည်။

စုချင်ဟွာပြောသော အစီအစဉ်ကလည်း မကောင်းဟု တော့ မငြင်းဆိုသာချေ။

အခွင့်အရေးရခိုက် သွေးကြောများပိတ်၍ ယန်ဟူကျင်း၏ အတွင်းအားနှင့် သိုင်းပညာများ ဖျက်ဆီးပစ်လိုက်မည်ဆိုလျှင် ယန်ဟူကျင်းမှာ သာမန်လူတစ်ယောက်ဘဝမျိုးကို ရောက်သွားပြီး မည်သူ့ကိုမျှ ထပ်မံဒုက္ခပေးနိုင်တော့မည် မဟုတ်ချေ။

သို့သော် ခက်သည်က ခြင်္သေ့နက်ယန်ဟူကျင်းကို မုန်းတီးနေသော ဝမ်ပိုဝေက အသေသတ်ရန် ဆန္ဒပြင်းပြနေခြင်းပင် ဖြစ်သည်။



ခြင်္သေ့နက် ယန်ဟူကျင်းက သူ့ကိုရော သူ့အဖေဝမ်ကောလ်ကိုပါ ဒဏ်ရာရအောင် အစွမ်းပြ တိုက်ခိုက်ထားခဲ့သည် မဟုတ်လား။

'မင်း ဘာတွေစဉ်းစားနေတာလဲ ဝမ်ပိုဝေ၊ ဒေါ်ဒေါ် တောင်းတဲ့ကတိကိုတောင် မင်းမပေးနိုင်ဘူးလား'

ငြိမ်သက်စွာ စဉ်းစားတွေးတောနေသော ဝမ်ပိုဝေမှာ အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာ၏ စကားကြောင့် ဖျတ်ခနဲ သတိပြန်ဝင်လာသည်။

ယခုကဲ့သို့ ခုနစ်ဆင့် လက်ဝါးသိုင်းပညာ တတ်မြောက်လာခြင်းတွင် စုချင်ဟွာ၏ကျေးဇူးများက ထိပ်ဆုံးမှပါနေသလို သူ့ကိုဒဏ်ရာများ ပျောက်ကင်းအောင် ကုသပေးထားသော ကျေးဇူးများလည်း ရှိနေသောကြောင့် ဝမ်ပိုဝေမှာ အတော်ပင်ခြင်းဆန့်ရခက်သွားသည်။

မည်သည့်ကတိကို တောင်းသည်ဖြစ်စေ သူ့အနေဖြင့် မပေးနိုင်စရာမရှိဟု စကားကျွံထားသည်ကလည်းရှိနေသည် မဟုတ်လား။

သို့ဖြစ်၍ ဝမ်ပိုဝေက အကောင်းဆုံးသော စကားလုံးများကို ရွေးချယ်စဉ်းစားလိုက်ပြီးမှ....

'ဒေါ်ဒေါ်တောင်းတဲ့ ကတိကို ပေးချင်ပါတယ် ဒေါ်ဒေါ် ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ ဝမ်ပိုဝေ'

'ခုဟာက အသေအကြေ ရင်ဆိုင်တိုက်ခိုက်မှု ဖြစ်တဲ့ အပြင် ခြင်္သေ့နက် ယန်ဟူကျင်းဆိုတာကလဲ့ အတွေ့အကြုံ

ကြယ်ဝရင့်ကျက်တဲ့ ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်သာကြောင့် မတော်တဆ ခြေချော်လက်ချော်ဆိုတာ ဖြစ်လာနိုင်ပါတယ်'

'မင်းဆိုလိုတာက'

'ရှင်းရှင်းလေးပါ ဒေါ်ဒေါ် သူ့ကိုကျွန်တော် အသာစီးရအောင် တိုက်ခိုက်နိုင်မယ်ဆိုတာက ခုချိန်မှာ ထင်ကြေးအဆင့်ပဲရှိပါသေးတယ်၊ တကယ်ကမ်းရင်ဆိုင်တိုက်ခိုက်ကြည့်တော့ ထင်ထားသလောက် လွယ်ကူချင်မှလွယ်ကူမှာပါ'

ဝမ့်ပိုဝေက သူ့စကားကို မှိုပိုလေးနက်စေလိုသောကြောင့် လမ်းတစ်ဝက်တွင် ခေတ္တရပ်နားထားလိုက်သည်၊

ပြီးသော့မှ အော်မေ လက်ထောက်ကိုက်းချုပ် စုချင်ဟွာအား မသိမသာကြည့်၍ စကားကိုဆက်ဆက်လိုက်သည်၊

'ဒါကြောင့် အနိုင်ရအောင် အသေအကြေတိုက်ခိုက်ရတဲ့အခါမျိုးမှာ မသေအောင်တိုက်ခိုက်ဖို့ဆိုတာ တော်တော်လေးအခက်အခဲရှိလာနိုင်ပါတယ်၊ ကိုယ်မသတ်ရင် သူကသတ်တော့မယ့်အနေအထားမျိုး ကြုံတွေ့လာရင်တော့ ကျွန်တော်က လက်ဦးမှုရယူသင့်ရင် ရယူရပါလိမ့်မယ်၊ အဲဒီအခါကျရင် ကျွန်တော်ကတိမတည်ဘူးလို့ ဒေါ်ဒေါ်က အပြစ်တင်စကားပြောနိုင်တဲ့အတွက် ကျွန်တော်ကတိပေးဖို့ ဝန်လေးနေတာပါ'

'မင်းအခက်အခဲကို ငါသဘောပေါက်ပါတယ်၊ မတော်တဆရှိနိုင်ပေမယ့် တမင်တကာ အသက်ရှင်ခွင့် ပေးနိုင်ရက်နဲ့



သတ်ပစ်တာမျိုးမနေပါဘူးလို့တော့ ဒေါ်ဒေါ့ကိုမင်းကတိပေးမှာ'

'ကောင်းပါပြီဒေါ်ဒေါ် ကျွန်တော်တတ်နိုင်သလောက် သတိထားပြီး တိုက်ခိုက်ပါ့မယ်လို့ ဒေါ်ဒေါ့ကို ကတိပေးပါတယ်'

နောက်ဆုံးမှာတော့ ကျေးဇူးရှင် ဘော်မေ့လက်ထောက်ကိုက်းချုပ်စုချင်ဟွာ စိတ်ကျေနပ်သွားစေရန် ဝမ်ပိုဝေ တစ်ယောက် မပေးချင်ပေးချင်ဖြင့်ပင် ကတိပေးလိုက်ရလေတော့သတည်း။

* * *

( ၂၆ )

အထူးတပ်မှူး ဟိုဖေကျန်မှာ ချင်ဖုန်းဆိုသော ခပ်ချော ချောလူရွယ်၏ အဆိပ်ဖြေဆေးလုံးသောက်လိုက်ရ၍ အဆိပ်များပျက်ပြယ်ကာ လူကောင်းပကတိဘဝကို ပြန်လည်ရောက်ရှိ၍သွားခဲ့သည်။

သူ့ကိုအသက်ရှင်အောင် အဆိပ်ဖြေဆေးလုံးပေးခဲ့သော လူရွယ်သိုင်းသမားကိုမူ ချင်ဖုန်းဟူသောအမည်မှလွဲ၍ သူဘာမှသိခွင့်မရလိုက်ပါချေ။

မည်သို့ပင်ဖြစ်စေ အသက်ရှင်ခွင့်ပြန်ရခဲ့ပြီဖြစ်သော ဟိုဖေကျန်က ခြသေ့်ဂိုဏ်း၏သတင်းကို ထပ်မံစုံစမ်း၍ နေခဲ့သည်။



ထိုသို့စုံစမ်းရင်းမှ သူ့အသက်ကို ကယ်တင်ဖူးသောချင်ဖုန်းဆိုသည့် သိုင်းသမားလူရွယ်ကို တွေ့လိုတွေ့ငြား ရှာဖွေ၍နေမိသည်။

သို့သော် မတိုက်ဆိုင်၍ပဲလားမသိ မပြောဘတ်၊ ချင်ဖုန်းဆိုသော သိုင်းသမားလူရွယ်ကိုမူ သူထပ်မံ၍ မတွေ့ခဲ့ပါချေ။

ပြောမည်ဆိုလျှင် ခြသေ့်နက်ဂိုဏ်း၏ စခန်းတည်နေရာကို သူသိခဲ့လျှင်တည်း တစ်ယောက်တည်း ဝင်ရောက်တိုက်ခိုက်ရန်ကား မဖြစ်နိုင်ချေ။

အကြောင်းမူ ခြသေ့်နက်ဂိုဏ်းတွင် လွန်စွာ သိုင်းပညာစွမ်းထက်မြက်သော တောင်ကျွန်းဘွားဘွား အဆိပ်ယိုဖင်းရှိနေသောကြောင့်ပင်ဖြစ်သည်။

ပြောမည်ဆိုလျှင် တောင်ကျွန်းအဆိပ်ဘွားဘွား ယိုဖေးကိုမဆိုထားနှင့် ဂိုဏ်းချုပ်ဖြစ်သည့် ခြသေ့်နက်ယန်ဟူကျုံးကိုပင် သူအနိုင်ရရန် မလွယ်ချေပါ။

ခြသေ့်နက် ယန်ဟူကျုံးမှာ ထိပ်တန်း သိုင်းပညာရှင်ယောက်ျားဖြစ်ပြီး အတွေ့အကြုံကြွယ်ဝသည်နှင့်အမျှ ပါးနပ်ပြီး ရိုယာယ်လည်း အလွန်များသည်ဟု တစ်စွန်းတစ်စ ကောလာဟလများအရ ကြားသိရ၏။

ခြသေ့်နက် ယန်ဟူကျုံးမှာ အနှစ် နှစ်ဆယ် နီးပါးခန့်ပျောက်ကွယ်ပြီးမှ ပျောက်ကာ ငြိမ်ချက်သားကောင်းနေသည့်အတွင်း အဖြူရောင် သိုင်းလောကသားများက မေ့ပျောက်၍ပင် နေခဲ့ကြသည်၊ ယန်ဟူကျုံးမှာ သေဆုံးသွားမည်သာ။

သို့မဟုတ်....

ဗုဒ္ဓတပြစ်သွားသည်လား....

ဒါမှမဟုတ် နေ့ခင်းတရပြီး ဇာတ်မြုပ်သွားသည်လား၊ ထိုသုံးချက်အနက် တစ်ချက်ချက်ဖြစ်မည်ဟု သိုင်းလောကသားများက တွေးထင်မှတ်ယူထားခဲ့ကြ၏။

ယခုမှပင် ထိုတွေးထင်ထားချက်သုံးခုစလုံး တက်တက်စင်အောင် လွဲမှားကြောင်း အဖြူရောင် သိုင်းလောကသားများ သိခွင့်ရခဲ့ကြ၏။

ခြင်္သေ့နက် ယန်ဟူကျောင်းကား တောင်ကျွန်း၌ သွားရောက်ပုန်းအောင်းရင်း သိုင်းပညာကို ပိုမိုထက်မြက်အောင် လေ့ကျင့်ပြီး အားယူနေခြင်းဖြစ်ပေလိမ့်မည်။

ကျေနပ်အားရလောက်သည့် အဆင့်ကိုရောက်မှ ခြင်္သေ့နက် ယန်ဟူကျောင်းမှာ ပြည်မကိုဒုက္ခပေးရန် ပြန်လည်ရောက်ရှိလာသည်

ပိုဆိုးသည်ကား သူနှင့်ဟူတူ အနက်ရောင်သိုင်းဝေဝီတစ်ဦးဖြစ်သည့် တောင်ကျွန်းအဆိပ်ဘွားဘွားယီဖေးပါ အဆော်ပါလာခြင်းပင်ဖြစ်၏။

ယခုမှပင် သိုင်းလောကတွင် ဝေဖန်ပြောဆိုနေကြသည့် စကားများအရ ယန်ဟူကျောင်းမှာ တောင်ကျွန်းဘွားဘွား ယီဖေး၏ တပည့်ရင်းတစ်ယောက် ဖြစ်ခဲ့ဘူးသည်ဟု သိရလေသည်။

သိုင်းပညာစွမ်းမြင့်မားသည့်နှင့်အမျှ ရက်စက်ကြမ်းကြုတ်သည့် ခြင်္သေ့နက် ယန်ဟူကျောင်းတို့ ဆရာတပည့်နှစ်ယောက် ပူး



ပေါင်းလိုက်ပြီဆိုလျှင်တော့ အဖြူရောင်သိုင်းလောကမှာ ကံဆိုးမိုးမှောင်ကျတော့မည်ဟု ခန့်မှန်း၍ရ၏။

ထို့အတူ အားကောင်းလာပြီး တစ်စထက်တစ်စ ပိုမိုဆောင့်ရဲလာသည့် ခြင်္သေ့နက်ဂိုဏ်းကို အချိန်မီ မဖြိုခွဲနိုင်လျှင်လည်း ပြည်သူလူထုများ ကျီးလန့်စာစားနှင့် အတိဒုက္ခရောက်ကြတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင် သေချာ၍နေ၏။

‘ဟိုတစ်ကြိမ်ကတည်းက လက်သောက်ဂိုဏ်းချုပ် ကျူးကိကို ဝါ လက်ရဖမ်းတော့မလို့၊ ဟိုအဘိုးကြီး လာရှုပ်တာကြောင့် မအောင်မြင် ဖြစ်သွားခဲ့ရတယ် ကျူးလိုကိုဖမ်းပြီး သေသေချာချာစစ်ဆေးလိုက်ရင် ခြင်္သေ့နက်ဂိုဏ်းရဲ့ တည်နေရာကို ပြောမှာသေချာတယ်’

တပ်မှူး ဟိုဖေကျန်က ပြီးခဲ့သည့်ကိစ္စကို ပြန်တွေးလိုက်ရင်း စိတ်ထဲတွင် မချင့်မရဲဖြစ်၍ နေမိသည်၊ ဟုတ်တော့လည်းဟုတ်သည်။

ဖြစ်ပုံက တကယ်လည်း မချင့်မရဲဖြစ်ချင်စရာပင်၊ လက်သောက်ဂိုဏ်းချုပ် ကျူးလီနှင့် ခြင်္သေ့နက် ဂိုဏ်းသားများကို အသာစီးရနေစဉ် မမျှော်လင့်ဘဲ တောင်ကျွန်းဘွားဘွားယီဖေး ပေါ်ပေါက်လာပြီး ခြင်္သေ့နက်ဂိုဏ်းဘက်မှ ဝင်ရောက်ကူညီပေးခဲ့သည် မဟုတ်ပါလား။

‘လွှတ်နော် လွှတ်....ရှင်တို့မယုတ်မာကြနဲ့’

‘ဟင်....’

အဲတော့မြင့်အလုပ်ရှုပ်ရင်း ပတ်ဝန်းကျင်ကို သတိမမူမိဘဲ နေသည့် တင်မှူး ဟိုဖေကျွန်မှာ နားထဲသို့ ရုတ်တရက် တိုးဝင်လာသော အသံများကြောင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

မြင်ကွင်းက လှပသော မိန်းမပျိုလေးတစ်ယောက်ကို ကျားကျားလျားလျား ယောက်ျားသားကြီး လေးယောက်က ဆွဲလားရမ်းလား လုပ်နေသည်ကို တွေ့လိုက်ရ၏။

တင်မှူးတစ်ယောက် ဖြစ်သည့်အပြင် မူလကတည်းကမဟုတ် မခံစိတ်ရှိထားသူလည်းဖြစ်၍ ဟိုဖေကျွန် မည်သို့မျှ လက်ပိုက်ကြည့်မနေနိုင်တော့ပါချေ။

'ဟေ့ လူတွေ ဘာလုပ်နေတာလဲ...ရပ်လိုက်ကြစမ်း'

ဟိုဖေကျွန်ကအသံပြုလိုက်သည်တွင် ထိုလူလေးယောက်က အယောင်ယောင်အမှားမှားဖြင့် မိန်းကလေးကို လွှတ်ပေးကြ၏။

ဖြိုးလျှင် ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည့် သူ့ကို မလိုလားသောအကြည့်ဖြင့် ကြည့်ရင်းမှ တစ်ယောက်ကမေးလေ၏။

'ခင်ဗျား ဘယ်သူလဲ'

'ကျုပ်က ခရီးသွားတစ်ယောက်ပါ'

'ခရီးသွားတစ်ယောက်ဆိုရင် ဘာကြောင့် ကိုယ့်လမ်းကိုယ် မသွားဘဲ သူများကိစ္စကို ခင်ပါရတာလဲ'



ထိုသူကပင် ဘဝင်မကျသလိုပြောလာ၏။ ဟိုဖေကျွန်က အဖြေမပေးသေးဘဲ မိန်းမပျိုလေးကို တစ်ချက်လှမ်းကြည့်လိုက်၏။

မိန်းမပျိုလေးမှာ အသက်နှစ်ဆယ်ထက် ပိုဦးမည့်ပုံမရပါချေ၊ ချောမောလှပသည့် မျက်နှာလေးမှာ ပျိုမြစ်နုနယ်မှုက အထင်အရှားပင် ရှိနေ၏။

ဝတ်စားထားသည်များက အဖိုးထိုက် အဖိုးတန် အဝတ်အစားများ မဟုတ်သော်လည်း ဆင်းရဲသားများဝတ်သည့် ပေါ်ကြမ်းကြမ်း အပေါစား အဝတ်အစားမျိုးလည်း မဟုတ်ပါချေ။

သို့ဖြစ်၍ အတော်အသင့်ချောင်လည်သည့်မိသားစုမှပေါက်ဖွားလာသည့် မိကောင်းဖခင် သားသမီးတစ်ယောက်ပင် ဖြစ်မည်ဟု ဟိုဖေကျွန်တွက်ဆမိလိုက်၏။

မိန်းမလှလေးက တခြားကို ထွက်မသွားဘဲ သူ့ကို အားကိုးတကြီး မျက်လုံးများနှင့်ကြည့်ကာ လှမ်းပြော၍လာလေသည်။

'ကျွန်မကို ကူညီပါရှင်....ကျွန်မကို သူတို့ သက်သက်နှောင့်ယှက်နေကြတာပါ'

'သူပြောတာကို မယုံစမ်းပါနဲ့လေ၊ သူက ကြေးစားမိန်းကလေး တစ်ယောက်ပါ၊ သူတောင်းသလောက် ကျုပ်တို့က မပေးနိုင်လို့ ကသန်းကဆန်လုပ်နေတာပါ'

'ရှင်....ရှင်တို့ ဒီလိုမစွပ်စွဲပါနဲ့နော်၊ ကျွန်မက မိကောင်းဖခင် သားသမီးတစ်ယောက်ပါ၊ ဒီကအစ်ကိုကြီး သူတို့ပြောတာကို မယုံပါနဲ့နော်'

မိန်းမလှလေးက တစ်ဖက်လူတို့၏စကားကို ယုံစားပြီး သူ ထွက်သွားမည်ကို စိုးရိမ်ဟန်ဖြင့် ပျာပျာသလဲ ရှင်းပြလာ၏။

အထူးတပ်မှူးတစ်ဦးဖြစ်သည့် ဟိုဖေကျွန်မှာ သိုင်းပညာစွမ်း ထက်မြက်ပြီး ရဲရင့်သလို လူကဲခတ်လည်း ညံ့သူတစ်ဦး မဟုတ်ပါချေ။

လူရမ်းကားလေးယောက်၏စကားများမှာ အကြောင်းမဲ့ ပြောဆိုသောစကားများသာ ဖြစ်သည်ဟု သဘောပေါက်ပြီး ဖြစ်၏။

သို့ဖြစ်၍ ဟိုဖေကျွန်က ပြုံးလိုက်ရင်းမှ....

'ဘာပဲဖြစ်ဖြစ် မိန်းကလေးက မလိုလားဘူး ဆိုရင်တော့ ကြေးစားမိန်းကလေးတစ်ယောက်ပဲဖြစ်စေ ခင်ဗျားတို့ အနိုင်အထက်မပြုသင့်ပါဘူး၊ လူမြင်လို့လဲ မသင့်တော်ပါဘူးလေ၊ ဒါကြောင့် ဒီနေရာက ခပ်မြန်မြန်ထွက်သွားကြပါ'

ဟိုဖေကျွန်က ပြဿနာကြီးမည်ကို မလိုလားသောကြောင့် လေသံပျော့ပျော့ဖြင့်ပြောလိုက်၏။

ဒါကိုကြည့်ပြီး လူရမ်းကား သိုင်းသမားလေးယောက်က သတ္တိမရှိသော လူပျော့ လူညံ့တစ်ယောက်ဟု မှတ်ထင်သွားသည်လား မပြောတတ်ချေ။



နေရာမှထွက်ခွာမသွားသည့်အပြင် သူရှိရာကိုပင်တစ်လှမ်းချင်းတိုးလာကြ၏။

'ခင်ဗျားက လူစွမ်းကောင်း လုပ်တာလား'

'မတရားတာမြင်လို့ ဝင်ပါတာပါ'

'မလိုပါဘူး၊ ခင်ဗျား အသားမနာချင်ဘူး ဆိုရင်တော့ ဒီကနေ ထွက်သွားတော့'

လူရမ်းကားများက သူ့ကိုပင် ပြန်နှင်ထုတ်လာလေသည်၊ ပါးမှုန်းသီအောင် အမောက်ထောင်မပြု၍ မဖြစ်တော့ဟု ဟိုဖေကျွန် သဘောပေါက်လိုက်၏။

'အကယ်၍ ခင်ဗျားတို့ပြောတာကို ကျုပ်က လက်မခံဘူး ဆိုရင်ရော'

'မင်းကို နံရိုးကျိုးသွားအောင် ဆုံးမရမှာပေါ့'

'ကြိမ်းဝါးတာကြီးကတော့ တကယ်ကို ကြောက်စရာပဲ၊ ဒါပေမယ့် အဲဒီလောက်တော့ မလွယ်ဘူးထင်တယ်'

'လွယ်မလွယ် ခုပဲစမ်းကြည့်ကြတာပေါ့'

လူရမ်းကား လေးယောက်ထဲမှ ခေါင်းဆောင်ဖြစ်သူက လက်မြှောက်အချက်ပေးလိုက်သည်တွင် သုံးယောက်ကသူ့ကို ရှေ့နှင့်ဝဲယာမှညှပ်၍ တိုက်ခိုက်လာ၏။

'ဟျား'

'ဟိတ်'

ထိုသူများကား မြို့ခံ လူမိုက်များလေလော၊ အနက်ရောင် ဒုစရိုက်ဂိုဏ်းတစ်ခုခုမှ ဂိုဏ်းသားသားများ ဖြစ်ကြသည်လား မပြောတတ်ချေ။

ခါးကြားတွင် ဓားကောက်များ ချိတ်ဆွဲထားကြ၏။ ယခု လည်း ၎င်းတို့အစလုံးက ဓားကောက်များကိုဖြုတ်၍ ထိုက် နိုက်လာကြခြင်းဖြစ်သည်။

သို့သော် လှုပ်ရှားမှုကို ကြည့်လိုက်သည်နှင့်ပင် သာမန်ဆဲ သည့် သိုင်းသမားများဟု ဟိုဖေကျန်က ရိပ်စားမိလိုက်ပြီး ဖြစ်၏။

သို့ဖြစ်၍ တပ်မှူးဟိုဖေ ကျန်က ဓားရှည်ကိုပင်ဓားအိမ်ထဲမှ ဆွဲမထုတ်ခဲ့ပါချေ။

* * *

( ၂၇ )

'ရော့'
'ဝှစ်'
'ဖြောင်း'
'အား'

ဓားချက်နှစ်ချက်စလုံးမှလွတ်အောင် "ရွှေသို့လှမ်းကာ ကာ ရုံ၀သို့ကျရောက်လာသောဓားဦးကိုမူ ကိုယ်ကိုတိမ်း၍ရှောင် ပေးလိုက်၏။

ပြီးမှ ရှေ့တည့်တည့်မှ သိုင်းသမား၏ရင်ဝကိုဘယ်လက်ဝါး ပြင်း ခပ်အားဆတ်ဆတ်ရိုက်သွင်းလိုက်၏၊ ထို့နောက် ဓားနှစ်ဖက်မှ

ရန်သူများကိုမူ လေတွင်ဝဲကာ ညာခြေဖြင့်ပိတ်ကန်လိုက်လေသည်။

ဟိုဖေကျွန်၏တိုက်ခိုက်မှုက တို့ကျသလို မြန်လည်းမြန်ဆန်လှသည်ဖြစ်ရာ လူရမ်းကားသုံးယောက်မှာ ရှောင်တိမ်းရန်ပင် အချိန်မရလိုက်ပါချေ။

မြေပြင်ပေါ်သို့ ကိုးရိုးကားရားပင် လွင့်စဉ်လဲကျသွားကြသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ခေါင်းဆောင်ဖြစ်သူမှာ မျက်နှာအနည်းငယ်ပျက်သွားခဲ့၏။ သူက အချိန်တိုအတွင်းမှာပင်သုံးယောက်ကို မြေပြင်ပေါ်သို့ လဲကျသွားအောင် လှုပ်ရှားတိုက်ခိုက်ပြနိုင်ခဲ့သည်မဟုတ်ပါလား။

'မင်း....မင်းက တယ်စွမ်းပါလား'

'ဒါကြောင့် ခင်ဗျားတို့ကို ဒီနေရာက အမြန်ဆုံး ထွက်သွားကြပါလို့ ကျုပ်ကတိုက်တွန်းခဲ့တာပေါ့'

'မသွားဘူးကွ၊ ငါကိုယ်တိုင် မင်းကိုငရဲပို့ပေးရတော့မယ်'

မိန်းမလုလေး၏ရှေ့တွင်ဖြစ်၍ အလျှော့ပေး ထွက်ပြေးမည့်အရေး ရှက်၍မဲလား၊ သို့တည်းမဟုတ် တပည့်သုံးယောက် မြေပြင်ပေါ်လဲကျသွားအောင် တိုက်ခိုက်လိုက်သော သူ့ကိုပင် ဒေါသထွက်သွား၍လောမပြောတတ်။

လူရမ်းကား ခေါင်းဆောင်ဖြစ်သူက ဓားကောက်ကို မြှောက်ကာ မာန်သွင်းသံပေးလျက် ဝင်ရောက် တိုက်ခိုက်လာသည်။



'ကျား'

'ဟိတ်'

သို့သော် မရပါချေ။ ထိုသို့ကမူးရှူးထိုးတိုက်ခိုက်မှုမျိုးမှာ သိုင်းပညာ အဆင့်မြင့်တတ်ကျွမ်းထားသူများအတွက် ပို၍ပင် ရှောင်ရတိမ်းရလွယ်သေး၏။

ယခုလည်း သိုင်းပညာအဆင့်ချင်းကွာခြားသည်ကိုသိထားသော ဟိုဖေကျွန်က တုံ့ပြန်တိုက်ခိုက်ခြင်းမပြုသေးဘဲအလွတ်ပင်တိမ်းရှောင်ပေးလိုက်၏။

ထို့ကြောင့် တစ်ဖက်မှရန်သူများမှာ အကောင်အထည်မရှိသောလေနှင့် တစ်ယောက်တည်းတိုက်ခိုက်ရသည့်ပမာ ပတ်ချာလည်နေ၏။

သည်တော့မှ တပ်မှူးဟိုဖေကျွန်က အချိန်လွန်နေသော ထိုလူ၏ရင်ဝကို ခြေဖြင့် အားညှစ်ကန်သွင်းလိုက်သည့် အခါမှာတော့....

'ဖုန်း'

'အွန့်'

လူရမ်းကား ခေါင်းဆောင်ဖြစ်သူမှာ မြေပြင်ပေါ်သို့လွင့်စိုက်လဲကျသွား၏။ ခြေကန်ချက်ကြောင့် အသည်း နာကျင်သွားသည်ဖြစ်ရာ ထိုသိုင်းသမား၏ မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်ဟန်များလည်း ပေါ်လာ၏။

'ဘယ်လိုလဲ၊ ကျုပ်ကိုအကဲပြီး တိုက်ခိုက်ချင်သေးလား'

ဟိုဖေကျွန်က တမင်တကာ ခပ်ခဲ့လှောင်လှောင် မေးလိုက်သည့်အခါမှာတော့ ထိုလူရမ်းကားသိုင်းသမားမှာသူ၏တပည့်

သုံးယောက်ကိုမျက်ရိပ်ပြကာမပြောမဆိုပင် ထိုနေရာမှအသာလျှား ဖားလျား ထွက်ပြေးသွားကြ၏။

'အင်း....ခုကျတော့လဲ မပြေးလိုက်ကြတာမှနှောက်ကကျ၊ လိုက်ကာကျနေတာပဲ'

ဟိုဖေကျွန်ကရယ်မောလျက် မှတ်ချက်ချသလိုမျိုး ပြောဆိုလိုက်၏။ ထိုစဉ်မှာပင် မိန်းမပျိုလေးက သူ့နားကိုရဲတင်းစွာ လျှောက်လာ၏။

ပြုံးမှချစ်စဖွယ်အပြုံးလေးဖြင့် သူ့ကို ကျေးဇူးတင်စကား ပြောလာ၏။

'ကျေးဇူးတင်ပါတယ်ရှင်၊ အစ်ကိုကြီးသာ ဝင်မကူညီရင် ကျွန်မဘဝကတော့ မတွေးဝံ့စရာပါပဲ'

ရှက်ရွံ့မှုနှင့်တုန်လှုပ်မှုများ အကင်းမသေသေးသည့်မျက်နှာမျိုးနှင့် မိန်းမလှလေးက ပြောလာ၏။

ထိုအခါကျမှပင် မိန်းမလှလေး၏မျက်နှာကို ဟိုဖေကျွန် အနီးကပ် တွေ့မြင်အကဲခတ်ခွင့်ရလိုက်၏။

မိန်းမပျိုလေးကား တော်တော်လေးကို ထူးထူးခြားခြား လှသည့်မိန်းမပျိုလေးတစ်ယောက်ပင်။

အတန်အသင့် ကောင်းမွန်သည့်အဝတ်အစားများ ဝတ်ဆင်ထားပြီး ပြုပြင်မှုကင်းမဲ့ကာ ကပိုကရိုလေးရှိနေသည့်တွင် သူမ၏ ထူးခြားသည့်အလှကလေး ထင်းထင်းကလေးပေါ်လွင်နေ၏။

အသက်သုံးဆယ်ကျော် လူပျိုကြီးတစ်ယောက်ဖြစ်သည့် တပ်မှူး ဟိုဖေကျွန်မှာ မိန်းမပျိုလေး၏ အကြည့်စူးစူးကို



ရင်ဆိုင်လိုက်ရသည့်တွင် လူပျိုပေါက်ကလေး တစ်ယောက်လို ရင်ထဲ၌ တုန်ယင် လှုပ်ရှားသွားသလိုမျိုး ခံစားလိုက်ရလေသည်။

'ရပါတယ်လေ၊ ကြုံကြိုက်လို့ ကူညီရတာပဲ ကိစ္စမရှိပါဘူး၊ မင်းကိုကူညီခွင့်ရတာကိုပဲ ကျုပ်ကဝမ်းသာလှပါပြီ'

'ဒါနဲ့ ခုနကတော့ ဟိုလူတွေပြောခဲ့တာကို....'

'မစိုးရိမ်ပါနဲ့လေ ကျုပ် လူကဲခတ်မည့်ပါဘူး၊ သူတို့က တမင်တကာ မင်းကိုအထင်သေးအောင်လျှောက်ပြောနေတယ်ဆိုတာ ကျုပ်နားလည်ပါတယ်'

သူ့ထံမှ ထိုစကားကို ကြားလိုက်ရမှပင် မိန်းမလှလေး၏ မျက်နှာပေါ်၌ ကျေနပ်ရွှင်ပျသည့် အရိပ်အယောင်တွေ ယှက်သန်းရှိလာ၏။

'ကျေးဇူးတင်ပါတယ်ရှင်.... ပြီးတော့ ကျွန်မအပေါ်မှာ ယုံကြည်မှုရှိတဲ့ဒါကို သိရတဲ့အတွက်လဲ ဝမ်းသာမိပါတယ်.... ကျွန်မက မိကောင်းဖခင် သားသမီးတစ်ယောက်ပါ၊ ကျွန်မရဲ့ နာမည်က စီဝစ်လို့ခေါ်ပါတယ်'

'မင်းရဲ့ ချောမောလှပတဲ့ ရုပ်ရည်ရယ်၊ ပြီးတော့ အပြောအဆိုရယ်ကိုကြည့်ပြီး မိကောင်းဖခင် သားသမီးတစ်ယောက်ဖြစ်မယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် မင်းလိုချောမောလှပတဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ အခုလို တစ်ယောက်တည်း အဖော်မပါဘဲ ထွက်လာတာကတော့ မဟုတ်သေးဘူး၊ ဒါဟာ သိပ်ကို အန္တရာယ်များလွန်းတယ်လို့ မင်း မစဉ်းစားမိဘူးလား'

ဟိုဖေကျန်က ကရုဏာဒေါသောဖြင့် ပြောဆိုဖိုက်သည့် အခါမှာတော့ မိန်းမလှလေး၏မျက်နှာက သိသိသာသာသင့် ညှိုးနွမ်းရှုံသွားသည်။

ပြီးတော့မှ သူ့မျက်နှာကို မရဲတရဲကြည့်ရင်း....

'အစ်ကိုကြီးပြောချင်လဲ ခံရုံမှာပေါ့ပဲရှင် ကျွန်မက အိမ်က ထွက်ပြေးလာခဲ့တာပဲ'

'အိမ်ကထွက်ပြေးလာခဲ့တာဟုတ်လား'

'ဟုတ်ပါတယ် ကျွန်မတို့မိသားစုက ချောင်လည်တဲ့မိသားစုတစ်ခုပါ၊ ဒါပေမယ့် ဖေဖေဆုံးပါးသွားတော့ မေမေက နောက်အိမ်ထောင်ပြုခဲ့ပါတယ်၊ ကျွန်မ ပထွေးက လူကောင်းတစ်ယောက်မဟုတ်ပါဘူး အရက်သောက်သလို လောင်းကစားသမားပါ သိပ်ကြီးတယ်၊ ပြီးတော့ ကျွန်မကိုပဲ ကြံရွယ်တာသိထိပါး ရိပါးလုပ်ပါတယ်'

မိန်းမလှလေး စီဝမ်ပြောစကားထဲတွင် ဟိုဖေကျန်မှာ မသိမသာ နှုတ်မြုပ်ရှုံသွားသည်၊ စီဝမ်က ခေတ္တမျှရပ်ပြီးနောက် အရှိန်မပျက်ပင် ဆက်၍ပြောလာပြန်သည်။

'ကျွန်မဟာ နေ့ညမိက ထွက်ပြေးသွားဖို့အကြိမ်ကြိမ် စဉ်းစားနေခဲ့ပေမယ့် မေမေ့ကိုသနားတာတို့၊ ချစ်စိတ်တွေကြောင့် ဘယ်လိုမှထွက်မသွားဖြစ်ခဲ့ပါဘူး၊ ကျွန်မ မနေ့တော့ရော မေမေ ကို နှိပ်စက်ခံရမယ်လို့ သိနေတယ်လေ'

'မင်းရဲ့အမေက မင်းပထွေးကို နည်းနည်းပါးပါးမပြော ဘူးလား'



နားထောင်ရင်းမှ အားမရှိအားမရဖြစ်လာသောကြောင့် ဟိုဖေကျန်က ခပ်လောလောဖြတ်လိုက်၏။

ထိုအခါစီဝမ်က ခေါင်းကလေးကိုသာ ဖြည်းလေးစွာ ခါ ယမ်းရှုပြ၏။

'မပြောရဲပါဘူး အစ်ကိုကြီးရယ်၊ မေမေက အရက်မူးလာ ရင်ဆေ့ဆိုးပြီး ပင်ကိုယ်ကကို စရိုက်ကြမ်းတဲ့ ကျွန်မပထွေး ကိုကြောက်ရပါတယ်'

'မင်းအမေ လူရွေးမှားသွားတာပေါ့'

'ဟုတ်ပါတယ်ရှင်၊ ဒီလိုနဲ့ နေခဲ့ကြရာက ကိုတစ်လောက တော့ ကျွန်မအမေဆုံးသွားခဲ့ပါတယ်'

'ဘာကြောင့်သေဆုံးရတာလဲ'

'အမိကတော့ စိတ်ဆင်းရဲတာကြောင့်လို့ပဲ ကျွန်မထင် ပါတယ်'

စီဝမ်က တွေးတွေးဆဆဖြင့် ထင်မြင်ချက်ပေးသည်၊ ထို စကားမှာ ဖြစ်နိုင်ဖွယ်ရာအကြောင်းရှိသည်၊ ထင်ဆိုးမထား ထားမှားဟူသော စကားပင်ရှိပေသေး၏။

'ယခုလည်း တစ်ခုပင်လဲမှုတစ်ခုတွေ့ဆိုသော စကားကို ကျင့် သုံးမိသော စီဝမ်၏ဖခင်မှာ အခွင့်ကောင်းသာသောကြောင့်အနက် တို့ခံရလေပြီ။

'အင်း...တကယ်ဆို မင်းအမေသေရမှာမဟုတ်ဘူး၊ မင်း ပထွေးအရက်မူးလွန်ပြီးသေသင့်တာ'

'ဒါပေမယ့် လောကကြီးက ကိုယ်ဖြစ်ချင်သလို ဖြစ်ပျက် ပေးနေတာမဟုတ်ဘူးလေ'

'ဒါလဲမှန်တာပဲ'

'တာပဲဖြစ်ဖြစ် မေမေမရှိတာဟာ ကျွန်မအိမ်က ထွက်ပြေးဖို့ အခွင့်အရေးရသွားတယ်လို့ပဲပြောရမယ်၊ အမေရှိစဉ်က ကောင်မှ ထိပါး ရိပါးလုပ်နေတာ အခုမ မရှိရင်တော့ ဒီလောက်စရိုက်ကြမ်းပြီး စိတ်ထားမကောင်းတဲ့လူတစ်ယောက်နဲ့ ကျွန်မတစ်ယောက်တည်း ဆက်နေဖို့ဆိုတာကတော့ တွေးကြည့်ကိုက်တာနဲ့တင် ကျောချမ်းစရာကောင်းပါတယ်'

'မှန်တာပေါ့၊ မင်းအတွက်အများကြီးကို အန္တရာယ်ရှိတာပေါ့'

'ဒါကြောင့် ကျွန်မအိမ်က ဆင်းပြေးလာခဲ့တာပါ'

မိန်းမလှလေး စိဝမ်၏ဇာတ်ကြောင်းပြန်ခြင်းက ဆိုးနစ်တွင်ပင် အဆုံးသတ်သွားသည်၊ ယုတ်မာပြီးစရိုက်ကြမ်းသော ပထွေးရှိသည့်အိမ်ကို သူပြန်ဖို့ရန်ကားမဖြစ်နိုင်ချေ၊

ထိုလုပ်ချပ်မှာ သားရဲဘွင်းဆဲပစ်ချသော လုပ်ချပ်နှင့် တစ်ထက်တည်းကျနေလိမ့်မည်ဟု ဟိုဖေကျွန်တွေးဆမိသည်၊

သို့သော် ချောမောလှပသော မိန်းမပျိုလေးတစ်ယောက်တည်းခြေဦးတည့်ရာလျှောက်သွားနေခြင်းကလည်း အန္တရာယ်ကို လက်ရင်ခေါ်သလိုဖြစ်၍နေပြန်သည်၊

'ပထွေးရှိတဲ့အိမ်ကို ပြန်မသွားတာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်မင်းလို ချောမောလှပတဲ့ မိန်းမပျိုလေးတစ်ယောက်



တည်းလျှောက်သွားနေတာကလဲ မကောင်းပြန်ဘူး၊ ပြီးတော့ မင်းကသိုင်းပညာလဲ တတ်တာမဟုတ်'

'ဟို ဒါဆို ကျွန်မအစ်ကိုကြီးနဲ့ အဖော်အဖြစ်တူတူလိုက်နဲ့လို့ရမလား'

'ဟင်'

စိဝမ်ထံမှ မျှော်လင့်မထားသော စကားမျိုးကိုကြားလိုက်ရသောကြောင့် တပ်မှူးဟိုဖေကျွန်မှာ ဘာပြန်ပြောရမည်မှန်းမသိအောင်ပင်ဖြစ်သွားသည်၊

သူ့မှာ တာဝန်များ ရှိနေသည်မှန်သော်လည်း ဘာရယ်ကြောင့်မှန်းမသိ၊ ချောမောလှပ၍ ချစ်စဖွယ်ကောင်းသော စိဝမ်တစ်ယောက် ဒုက္ခတွေ့မည့်အရေးကို စိုးရိမ်၍နေမိသည်၊

သူနှင့်တူတူ လိုက်ခွင့်မပေးဘူးဆိုလျှင် တစ်ယောက်တည်းလျှောက်သွားမည့် စိဝမ်မှာ ဒုက္ခလှလှတွေ့စရာအကြောင်း ရှိနေလေသည်၊

သို့ဖြစ်၍ မိကောင်းဖခင်သားသမီး မိန်းမပျိုလေး တစ်ယောက်ကို ဒုက္ခမရောက်စေလိုသော ဟိုဖေကျွန်က အကောင်းဆုံးနည်းလမ်းကို စဉ်းစားမရတော့ခင် သူနှင့်တူတူခေါ်သွားဖို့ဆုံးဖြတ်လိုက်ရလေတော့သည်၊

'ကောင်းပြီလေ၊ မင်းတစ်ယောက်တည်း ဒုက္ခရောက်နေတယ်ဆိုရင်တော့ ငါနဲ့ပဲလိုက်ခဲ့ပါ'

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်၊ ဒါနဲ့ အစ်ကိုကြီး နာမည်ကို ကျွန်မ မသိရသေးဘူးနော်'

စိမ်းက ထိုသို့မေးလိုက်မှပင် ဟိုဖေကျွန်က တစ်လုံးချင်း ပြန်ပြောလိုက်သည်။

'ငါ့နာမည်လား၊ ငါ့နာမည်က ဟန်းလီကွဲ'

( ၂၀ )

ခမ်ပိုဝေမှာ ဧဘော်မေဂိုဏ်းဌာနချုပ်မှ ထွက်လာသည်တွင် နန်းကင်းနယ်ကို ဦးတည်၍ ထွက်လာခဲ့သည်၊ ရေခဲတောင်ခြေ ကောက်ထဲမှ ရေခဲနဂါးကြီး၏ အသည်းကို ထုတ်စားပါမှ အတွင်းအား ထိပ်တန်းအဆင့်သို့ ရောက်ရှိမည်ဟု ခရွှာင်လင် ဂိုဏ်းချုပ် ဆရာတော် ဘောက်ဘယ် ကျင်းကသိသည်။

နှစ်ဆင့်လက်ဂါး သိုင်းပညာ တတ်မြောက်သွားသည့်နောက် ပေါ်လည်း သူလိုကိုယ်လို သာမန် အတွင်းအားမျှလောက်နှင့် ဆိုလျှင်တော့ ယန်ဟူ ကျင်း ကဲ့သို့သော အနက်ရောင်ထိပ်တန်း သိုင်း ပညာရှင်ကြီးများကို အနိုင်ယူနိုင်ရေး မရေရာ၊ မသေချာ ပါချေ၊ သို့ဖြစ်၍ ရေခဲနဂါးကြီးကိုရအောင်သတ်ပြီး အသည်း

ကို ထုတ်ယူစားသောက်ရန် ဝမ်ပိုဝေ ခိုင်မာဖြတ်သားစွာပင် ဆုံးဖြတ်ချက်ချခဲ့မိသည်။

အကယ်၍ ရေခဲနဂါးကြီးကို တိုက်ခိုက်ရင်း သူ့အစွမ်းအစမရှိ၍ သေဆုံးသွားလျှင်တော့ မတတ်သာပါချေ။

ယောကျ်ားပီပီစွန့်စားရင်း သေဆုံးရမည်ဖြစ်၍ သူဝမ်းမြောက် ဂုဏ်ယူရတော့မည်သာဖြစ်သည်။

ထိုအတွေးဖြင့် ဝမ်ပိုဝေမှာ စိတ်ဓာတ်ကြည်ကြည်ရွှင်ရွှင်စွာဖြင့် ခရီးထွက်လာရာ နောက်ဆုံးမှာတော့ ရေခဲတောင်ခြေကို ရောက်ရှိလာခဲ့လေသည်။

တောင်ခြေတွင် ချောက်ကြီးတစ်ခုရှိသလို၊ တောအုပ်ကြီးကလည်းရှိသည်၊ ထိုအနီးအနားမှ ရွာလေးများရှိ လူများမှာ တောအုပ်ထဲကိုရောက်လျှင် ရေခဲနဂါးကြီးနှင့် မတော်တဆ တိုးမိပါက အသက်သေဆုံးရန် မြေကြီးလက်ခတ်မကွဲ သေချာ၍နေပေသည်။

သို့ဖြစ်သောကြောင့် ရွာများမှ အရပ်သားများမှာ တောအုပ်ထဲသို့ပင် ရဲရဲမလာဝံ့ဘဲ ရှိနေကြသည်ဟုသိရသည်။

ထို့ကြောင့် ဝမ်ပိုဝေက ရေခဲနဂါးကိုနှိမ်နင်းရန် ရောက်လာသည်ဟု ပြောပြသည်တွင် တချို့က အံ့သြသလိုကြည့်ကြသည်၊

တချို့ကမူ သူ့ကို သနားစရာသတ္တဝါတစ်ကောင်လိုကြည့်ကြသည်ကို ဝမ်ပိုဝေ သတိထားလိုက်မိသည်။

တချို့ကမူ အသိဉာဏ်နည်းပါးပြီး မိုက်မဲလှရန့်တော ဟု သော အကြည့်မျိုးဖြင့် ကြည့်ကြသည်လည်းရှိသည်၊



ဟုတ်တော့လည်းဟုတ်သည်၊ ရိုးသားပြီး သိုင်းပညာမတတ်သော တို့ရွာသားများ၏အဖြစ်တော့ မဟုတ်ချေ၊

ကြောက်မက်ဖွယ်ကောင်းသော ရေခဲနဂါးကြီးကိုနှိမ်နင်းသတ်ဖြတ်ရန်မှာ သူတို့အတွက်တော့မည်သို့မျှစိတ်ကူးမရဲသော စွန့်စားမှုမျိုးဖြစ်နေမိမည်မှာ အသေအချာပင်။

ဝမ်ပိုဝေကမူ ဆုံးဖြတ်ချက်ချပြီး ထွက်လာသူဖြစ်၍ ရေခဲနဂါးကြီးအကြောင်း လိုအပ်သည်ထက် ပိုကြီးကျယ်စွာကြားရလင့်ကစား စိုးစဉ်းမျှပင် တုန်လှုပ်ချောက်ချားခြင်းမျိုးဖြစ်ခဲ့ပါချေ။

လူရေခဲနဂါးကို သတ်ဖြတ်နိုင်ခဲ့လျှင် သူ့အတွက် အကျိုးရှိသည့်နည်းတူ လူအများအတွက် အန္တရာယ်ကိုနှိမ်နင်းပေးရာလည်းရောက်သောကြောင့် ဝမ်ပိုဝေမှာ ပို၍ပင်စိတ်အားထက်သန်၍သွားလေသည်။

နောက်တော့ သူ့အား အံ့သြသလိုကြည့်နေကြသောမျက်လုံးများအောက်မှပင် မူလဆုံးဖြတ်ချက် အတိုင်း ဆောင်ရွက်ရန် ရေခဲတောင်ခြေသို့ ထွက်ခွာလာခဲ့၏။

နောက်ဆုံးမှာတော့ဝမ်ပိုဝေမှာ ရေခဲတောင်ခြေကိုအောင်မြင်စွာပင် ရောက်ရှိလာခဲ့၏။

ရေခဲနဂါးကြီးမှာ ရှည်လျားပြီး အရွယ်အစား ကြီးမားသည်သာမက သန်မာသည်ဟုလည်း သိရ၏။

ထို့ပြင် ရေခဲနဂါး၏အရေခွံမှာ ကော်ရဲ့ ဓား လှံ မထိုးဖောက်နိုင်လောက်အောင်ပင် ထူထဲမာကျောလှသည်ဟုလည်း သိရ၏။

ပြည်သူပင်ဖြစ်စေ ဖွင့်စားရန် ဆုံးဖြတ်သော်ငြား ဖြစ်သော ဝမ်ပိုဝေကမူ ဝေးရှည်ကိုလက်တွင်ကိုင်လျက် ချောက်ထဲကိုသတိကြီးစွာဖြင့်ပင် ခုန်ဆင်းလိုက်၏။

ရေခဲနဂါးကြီးနေထိုင်သည်ဟူသော ချောက်သည် နက်သည် မဟုတ်၊ လူသုံးရပ်ကျော်ခန့်မျှသာ ရှိ၏။

သို့သော် ထိုချောက်ထဲတွင် ကျောက်ဂူကြီးသုံးခုကိုမူ တွေ့ရ၏။

'အင်း….ကျောက်လိုဏ်ဂူကြီးသုံးခုဟောင်းမှပဲ၊ ရေခဲနဂါးက ဘယ်ကျောက်ဂူထဲမှာ နေမှန်းလဲမသိဘူး၊ ရမ်းဝင်သွားလို့လဲ မဖြစ်ဘူး'

ထို့နောက် ဝမ်ပိုဝေက ရေခဲနဂါးကြီးကို အပြင်ထွက်လာအောင် မျှားခေါ်ပြီးမှ ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

မြေညီကွက်လပ်တွင် လွတ်လွတ်လပ်လပ် တိုက်ခိုက်ပါက ရှောင်ရတိမ်းရ လွယ်ကူပေ၏၊ ကျောက်ဂူထဲသို့ ဝင်ရောက်တိုက်ခိုက်ပါက ကျဉ်းမြောင်းသောကြောင့် လျင်မြန်စွာရှောင်တိမ်းနိုင်မည် မဟုတ်ချေ။

ထိုမျှမကသေး။

ကျောက်ဂူတွင်းမှာ မှောင်မည်းနေသောကြောင့် သူက အလိုလိုတစ်ပန်းရှုံးနေပေသည်။

ရေခဲနဂါးကြီးမှာမူ သူနေထိုင်ရာ ကျောက်ဂူထဲတွင်ဖြစ်၍ အသာစီးရသွားပေလိမ့်မည်။



အကင်းပါးသော ဝမ်ပိုဝေက ရေခဲနဂါးကြီးကို ကျောက်ဂူထဲဝင်ရောက် တိုက်ခိုက်ရန် စိတ်မကူးပါချေ။

ထို့နောက် ဝမ်ပိုဝေက ကျောက်ဂူထဲမှရေခဲနဂါးကြီးပေါ်ထွက်လာစေရန် အသံကို ကျယ်လောင်စွာပြုလိုက်၏။

'ဟေး'

ရေခဲတောင်ခြေ၏ချောက်ထဲမှာ ထူးခြားသောအေးမြမှုကလည်း သူ့ကို သိသိသာသာပင် လွှမ်းခြုံထား၏။

မကြာပါချေ။

သူရပ်နေသောမြေကြီးက သိမ့်ခနဲလှုပ်ရှားသွားပြီးနောက် ကျောက်ဂူတစ်ခုထဲမှ ရေခဲနဂါးကြီး ဗြုန်းခနဲ ပေါ်ထွက်၍ လာလေသည်။

'ဟင်'

ရေခဲနဂါး၏အမည်ကိုသာကြားဖူးပြီး ပုံပန်းသဏ္ဌာန်ကိုမူ မြင်ဖူးမထားသော ဝမ်ပိုဝေမှာ တွေ့မြင်လိုက်ရခြင်းမှာတော့ တဒင်္ဂမျှ မှင်တက်မိသလိုမျိုး တွေဝေသွား၏။

နဂါးကြီး၏ဦးခေါင်းကား လူ၏ဦးခေါင်း သာသာခန့်မျှသာရှိပြီး လုံးပတ်အားဖြင့်မူ အုန်းပင်ကြီးမျှလောက်ရှိသည်ကို တွေ့ရ၏။

နဂါးကြီးက ကျောက်ဂူအပြင် ရောက်သည်နှင့် ရန်သူကို အလျင်အမြန်လိုက်ရှာသည်၊ ထို့နောက် သူ့ကို တွေ့မြင်သွားသည်တွင် တုံ့ဆိုင်းမနေတော့ဘဲ ရှူးခနဲ ဝင်ရောက် တိုက်ခိုက်လာ၏။

'ဗျူး'

ကိုယ်လုံးကြီး၏ လှုပ်ရှားရာတွင် လေလှိုင်းလိမ့်မည်ဟု ထင်ထားခြင်းမှာ ဘက်ဘက်စင်အောင်ပင် လွဲမှားနေသည်၊

ဖျတ်ခနဲ့ သတိဝင်ပြီး လှုပ်အပြု ကိုတိမ်းရှောင်မှု သာ မပြုပါက ရေခဲနဂါးကြီး၏ ပွဲဦးထွက်တိုက်ခိုက်မှုဖြင့်ပင် ဝမ်ပိုဝေ ဒုက္ခရောက်သွားနိုင်၏။

ယခုလျှင်မြန်စွာပင်ရှောင်ပေးလိုက်သည့်ပင် ရေခဲနဂါးကြီး၏ နှာခေါင်းပေါက်ထဲမှ လေများက သူ့ကို တိုးဝှေ့သွားသေး၏။

ထိုလေများမှာလည်း အကတ်အေးစက်နေသည်ကို ဝမ်ပိုဝေ သတိထားလိုက်မိ၏။

ဤနဂါးကြီးကို လျှော့တွက်လျှင် နဂါးအသည်းမစားရတဲ့ လူသားလျှင် ရေခဲနဂါးစာ ဖြစ်သွားလိမ့်မည်ဟု ဝမ်ပိုဝေ တွေးသမိ၏။

သို့ဖြစ်၍ ဝမ်ပိုဝေက ရေခဲနဂါးကြီး သူ့ဆီခေါင်းသွင်းလာသည့်တွင် ဓားဖြင့်ခုတ်ချလိုက်၏။

'သန်း'

သူ၏ဓားချက်က နဂါးကြီး၏ကိုယ်ပေါ်ကို မလွဲမချော်ပင် ကျရောက်သွား၏။

သို့သော် သံချပ်ကာအင်္ကျီ ဝတ်ဆင်ထားသူကို ခုတ်ရသည့်ပမာ မြည်ဟီးသံထွက်လာပြီး ဓားချက်က လွဲချော်ထွက်သွားသည်၊



'ဟိုက်....မလွယ်ပါလား'

ရေခဲနဂါးကြီးကို တိုက်ခိုက်ရန်မှာ သူထင်ထားသည်ထက် ပိုခက်ခဲလိမ့်မည်ဟု ဝမ်ပိုဝေ သဘောပေါက်သွားရလေသည်၊

ကိုယ်လုံးကို တိုက်ခိုက်ခြင်းအားဖြင့် အချိန်ကုန်လူပမ်းရုံသာရှိမည်ဟု သဘောပေါက်သွားသည့် ဝမ်ပိုဝေက ရေခဲနဂါးကြီး၏ခေါင်းကို အဓိကထား၍ တိုက်ခိုက်ရန်စိတ်ကူးလိုက်၏။

ဂရေဋ္ဌ မည်မျှပင်ထူထဲသော အကျဲ့သည်ဖြစ်စေ မျက်လုံးဟူသည် နူးညံ့ပျော့ပျောင်းတတ်မြဲပင်ဖြစ်၏၊

ထိုအားနည်းချက်ကိုသိထား၍ ဝမ်ပိုဝေက နဂါးကြီး၏ ဦးခေါင်းကို ဦးတည်တိုက်ခိုက်လိုက်၏။

ရေခဲနဂါးကြီးကလည်း ထိုအချက်ကို နားလည် သဘောပေါက်ရှိပုံလား မပြောတတ်ချေ၊ ဦးခေါင်းကို မရပ်မနား လှုပ်ခေါင်းရင်း တိုက်ခိုက်နေရာ ဝမ်ပိုဝေမှာ ပိုအခက်သည် ဆက်ပိုပိုအားအင်စိုက်ထုတ်နေရ၏၊

ရေခဲနဂါးကြီး၏ အမြီးဖြင့် ပွတ်တိုက်ရိုက်ခတ်မှုကြောင့် ဝမ်ပိုဝေ လွင့်စဉ်လဲကျနေသည်ကလည်း အကြိမ်ကြိမ်ပင်၊

သို့သော် ခွဲအားကောင်းသည့် ဝမ်ပိုဝေက ချက်ချင်းပြန်လူးလဲထနိုင်သည်ချည်း ကားပင်၊

သူ့အနေအထားက နောက်ဆုတ်ရသော အနေအထားမျိုးမဟုတ်၊ ယခုမှ လက်လျှော့လိုက်လျှင်လည်း သူ့ကသက်သေဆုံးမည်သာပင်။

ထိုအချက်ကိုတွေးဆမိသောကြောင့် ဝမ်ပိုဝေက ပင်ပန်းနွမ်းနယ်ပြီး တစ်ကိုယ်လုံး နာကျင်နေသည့်ကြားမှပင် မာန်တင်းလိုက်ပြီး ရေခဲနဂါးကြီးကို ဆက်လက်တိုက်ခိုက်ခဲ့လေသည်။

အကယ်၍ ဝမ်ပိုဝေမှာ ထိပ်တန်းအဆင့် အတွင်းအားကို ပိုင်ဆိုင်ထားပြီးဖြစ်လျှင်တော့ ထိုမျှလောက်ခက်ခဲချင်မှ ခက်ခဲပေလိမ့်မည်။

ယခုမူ ဝမ်ပိုဝေမှာ သာမန်ထက် သာရုံမျှလောက်သော အတွင်းအားမျိုးသာလျှင် ပိုင်ဆိုင်ထားသောကြောင့် သန်စွမ်းမာကျောသည့် နဂါးကြီးကို အလွန်တရာမှ ခက်ခဲပင်ပန်းစွာ ရင်ဆိုင်တိုက်ခိုက်ခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ ရဲရင့်ပြီး ဇွဲကောင်းလှသည့် ဝမ်ပိုဝေ၏ ကြိုးပမ်းမှုမှာ အချည်းနှီးတော့ ဖြစ်မသွားခဲ့ပေ။

နောက်ဆုံးတွင်တော့ ရေခဲနဂါးကြီး၏ မျက်လုံးနှစ်လုံးစလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ထိုးဖောက်ပစ်လိုက်နိုင်ခဲ့လေ၏။

'ဇွပ်....ဇွပ်'

ရေခဲနဂါးကြီး၏ ဒေါသတကြီး အော်မြည်ညည်းတွားသံကြီးကား ရေခဲတောင် ချောက်ထဲ၌ နားကွဲလုမတတ်ပင် ဆူညံသွား၏။

နာကျင်မှုနှင့် ဒေါသတရားပေါင်းကာ မြေပြင်၌ လူးလိမ့်နေသောကြောင့်လည်း မြေငလျင်လှုပ်သည့်အလား ကျောက်ခဲများပင် ခါယမ်းနေ၏။



တောင်ရှိ ကျောက်တုံးများမှာ နဂါးကြီး၏အမြီး နှင့် ရိုက်မိသည်တွင် လွင့်စဉ်ကြွေကျကုန်ကြ၏။

ဝမ်ပိုဝေကား အန္တရာယ်ကို ရိပ်စားလိုက်မိ၍ ခပ်လှမ်းလှမ်းဆီသို့ သွားကာ ကျောက်သားနံရံကို ကျောမှီ၍ ရပ်ခံနေလိုက်၏။

မျက်လုံးနှစ်လုံးစလုံး ထိုးဖောက်ခံလိုက်ရသည့် ရေခဲနဂါးကြီးသည်ကား သူ့ကို လိုက်လံရန်မူနိုင်စွမ်းကား မရှိတော့ပါချေ။

တအောင့်လောက်အကြာမှာတော့ လူးလွန့်နေမှုများတစ်စထက်တစ်စ လျော့ပါးသွားကာ နောက်ဆုံး၌ လုံးဝငြိမ်သက်သွားလေ၏။

ရေခဲနဂါးကြီးကား ပူကိုခံနိုင်ဘဲ အရှုံးပေးသွားခဲ့ရလေပြီဖြစ်သည်။

(၂၉)

ထိုအတူ ဝမ်ပိုဝေ၏တစ်ကိုယ်လုံးမှာလည်း နာကျင်မှုနှင့် မောပန်းနွမ်းနယ်မှုတို့ကြောင့် ခြေလက် မလှုပ်ချင်တော့သည့် အနေအထားမျိုးပင် ရောက်ရှိနေပြီဖြစ်၏။

မည်မျှပင် ပင်ပန်းနွမ်းနယ်သည်ဖြစ်စေ သာမန်လူများ ရင်ဆိုင်တိုက်ခိုက်ရန် စိတ်ပင်မကူးရဲသည့် ကြောက်မက်ဖွယ် ရေခဲနဂါးကြီးကို အနိုင်တိုက်နိုင်ခဲ့ပြီဖြစ်သည့် အသိကြောင့် ဝမ်ပိုဝေ ရင်ထဲ၌ ကျေနပ်ပီတိဘူကို ဖော်မပြတတ်နိုင်လောက် အောင်ပင် ခံစားနေရ၏။

ယခု သူ၏ဝမ်းသာဂုဏ်ယူမှုမှာ သာမန်ဝမ်းသာဂုဏ်ယူမှု မျိုးမဟုတ်တော့။



ရေခဲနဂါးကြီး၏အသည်းကို ထုတ်စားပြီးလျှင် ထိပ်တန်း အတွင်းအားကို ရယူပိုင်ဆိုင်တော့မည်ဖြစ်၍ အားတက်ပျော် ရွှင်ခြင်းလည်း ပါပေသည်။

ထိုနောက် ရေခဲနဂါးကြီး လုံးဝငြိမ်သက်သွားသည်တွင် အသက်သေဆုံးသွားပြီဟု ဝမ်ပိုဝေ ခိုင်ခိုင်မာမာပင် ယုံကြည် ယူဆလိုက်၏။

သို့ဖြစ်၍ တစ်ကိုယ်လုံး နုံးချိပြီး နာကျင်နေသည့်အဖြစ်ကို ပင် ဂရုမထားဘဲ ဝမ်ပိုဝေက ကျောက်သားနံရံကိုကျောမှီပြီး ရပ်နေရာမှ ရေခဲနဂါးကြီး သေကျသေဆုံးနေရာကို စောင်၍ လျှောက်လှမ်းသွားလိုက်၏။

ထိုအချိန်မှာပင် သူ၏နောက်ကျောဆီသို့တစ်စုံတစ်ယောက် ခုန်ဝင်လာသည်ဟူသောအသိချိုး ဝမ်ပိုဝေမသိစိတ်က ခံစား လိုက်ရသည်။

သို့ဖြစ်၍ ဝမ်ပိုဝေက နောက်ကိုအမြန်ဆုံးလှည့်၍ ရန်သူကို ရင်ဆိုင်ရန်ပြင်လိုက်၏။

သို့သော် တစ်ကိုယ်လုံးနာကျင်ပြီး လွန်စွာပင်ပန်းနွမ်းနယ် နေသောကြောင့် သူ၏လှုပ်ရှားမှုက လုံးဝပင်လျှင်မြန်မှုကင်း မဲ့၍နေပြီဖြစ်သည်။

သို့ဖြစ်ရာ နောက်သို့ပင် ဟုတ်တိပတ်တိ မလှည့်နိုင်သေး။ တစ်ဖက်ရန်သူက သူ၏မေးကြောကို ကျင်လည်စွာ ထိုးပိတ်လိုက် ခြင်းကြောင့်...

'ဟိတ်'

'အင့်'

ဝမ်ပိုဝေမှာ တစ်ဖက်မန်သူကိုင် မည်သူမည်ဝါဟု သိကို ရှာမတွေ့မြင်ရဘဲ မြေပြင်ပေါ်သို့ ရုတ်တရက် မှောက်ခွလဲကျကာ သတိလစ်မေ့မြောသွားလေ၏။

ဒါသည်ပင်လျှင် ခပ်ကောင်းကောင်းဖြစ်၏၊ အကယ်၍ သူ့ကို နောက်မှအငိုက်ဖမ်းကာ တိုက်ခိုက်လိုက်သော ရန်သူ၏ မျက်နှာကို တွေ့မြင်လိုက်ရလျှင် ဝမ်ပိုဝေပို၍ပင် မကျေမချမ်း ဖြစ်သွားပေဦးမည်။

အကြောင်းမူ ဝမ်ပိုဝေအားနောက်မှ မေ့ကြောဝင်ရောက် ထိုးပိတ်လိုက်သူကား၊ တစ်ခြားမဟုတ်၊

သူကြည့်မရသော ချုဖုန်းဆိုသည့် ယန့်စေးချီဖြစ်နေသော ကြောင့်ပင်။

မှန်ပါသည်၊ ချင်ဖုန်းခေါ် ယန်စေးချီမှာ ခပ်စောစော ကပင် ရေခဲတောင်ခြေမျောက်ကို ရောက်ရှိနေခဲ့၏။

သူမရောက်ရှိစဉ်က ဝမ်ပိုဝေနှင့်ရေခဲနဂါးကြီးကိုစတင်တိုက်ခိုက်ပင်ရှိသေးသည်၊ နဂါးကြီးနှင့်ဝမ်ပိုဝေတို့အပြင်းအထန် ရင်ဆိုင် တိုက်ခိုက်နေသည်ကို တွေ့မြင်ရသည်တွင် ယန့်စေးချီ အထူးပင် ဝမ်းသာကျေနပ်၍သွား၏။

သူမအနေဖြင့် ရေခဲတောင်နဂါးနှင့်ဝမ်ပိုဝေ မည်သူသေသည်ဖြစ်စေ အကျိုးယုတ်စရာ အကြောင်းမရှိချေ

မှန်ပါသည်။

အကယ်၍ ဝမ်ပိုဝေသေဆုံးသွားသည်ပဲထား၊ ဝမ်ပိုဝေ၏ လက်ချက်ကြောင့် ဒဏ်ရာများရကာ မော့ပမ်းနေသောနဂါး



ကြီးကို သူမတိုက်ခိုက်ရလျှင် သက်သာရာရမည်ကတော့ အမှန်ပင်ဖြစ်၏။

အကယ်၍ ဝမ်ပိုဝေက ပို၍အစွမ်းထက်၍ နဂါးကြီးကို အနိုင်သတ်နိုင်ပြီဆိုလျှင်တော့ သူမအတွက်ပို၍ပင် ကောင်းပေသေး၏။

နဂါးကြီးနှင့် သေသေကျေကျေ ရင်ဆိုင်တိုက်ခိုက်ထားရ၍ မောပမ်းနွမ်းနယ်နေသော ဝမ်ပိုဝေကို နောက်ကခဲမှအငိုက်ဖမ်းကာ ဝင်ရောက်လုပ်ကြံပြီး နဂါးကြီး၏ ဦးခေါင်းကို ဖြတ်ယူသွားရုံပေပင်။

ထိုသို့ တွေးမိသောကြောင့် ယန့်စေးချီက ချောက်ထဲသို့ ဆင်းသေးဘဲ ချောက်အပေါ်မှပင် ငြိမ်းကန့်သောတိုက်ပွဲကို စိတ်ပါလက်ပါပင် စောင့်ကြည့်၍ နေခဲ့လေသည်။

ထိုသို့ကြည့်ရင်းမှပင် ဝမ်ပိုဝေဆိုသောသိုင်းသမားကို သူမ ရင်ထဲ လေးစားစိတ်များ ဝင်ရောက်လာခဲ့သည်၊

အကြောင်းမှာမူ ဝမ်ပိုဝေ၏ ရဲရင့်မှုနှင့် ဇွဲကောင်းမှုက အထူးပင် လေးစားချီးကျူးလောက်စရာကောင်းသောကြောင့်ပင်၊

နဂါးကြီး၏ အမြီးရိုက်ချက်ကြောင့် လွင့်စဉ် လဲကျသွားသောအခါမှ အချိန်မဆိုင်းဘဲ ချက်ချင်းသူးလဲ့ထပြီး ဝင်ရောက်တိုက်ခိုက်လာသည်သာ ဖြစ်၏။

ထိုသို့ဖြစ်၍ ဝမ်ပိုဝေဘက်မှ ဝင်ရောက် တိုက်ခိုက်ပေးလျှင် ကောင်းလေမလားဟူသောစိတ်ကူးမျိုး ပေါ်ပေါက်လာသလို

အဘယ်ကြောင့် နဂါးကြီးကို သေသေသာသာချမ်းချမ်း ရင်ဆိုင်တိုက်ခိုက်နေရသလဲဟုလည်း စဉ်းစားမရဖြစ်လာ၏။

နယ်စားကြီးလီဝူချင်က သူ့ကို တာဝန်ပေးထားပြီးဖြစ်၍ ဝမ်ပိုဝေကို ထပ်ပြီးတာဝန်ပေးမည်ဟုတော့ သူမထင်။

ဟိုပေနယ်စားကြီး လီဝူချင်တွင် မေးစားစရာ သမီးနှစ်ယောက်မရှိပါချေ၊ သို့ဖြစ်၍ ဝမ်ပိုဝေမှာ နဂါးကြီးကို သူ့သဘောနှင့်သူလာရောက် နှိမ်နင်းတိုက်ခိုက်နေခြင်း ဖြစ်မည်ဟု သာ ယန်စေးချို ယူဆလိုက်၏။

အဖြစ်အပျက်က ဘာကြောင့်ပင် မယုံကြည်နိုင်စရာကောင်းမှု သည်၊ သတ္တဝါဟူသည် အရွယ်အစား မည်မျှကြီးမားပြီးသန်စွမ်းလည်းဖြစ်ပါစေ အသိဉာဏ်ရှိသောလူကို နောက်ဆုံးတွင် အရှုံးပေးရမြဲ ဟူသည့်စကားက မှန်ကန်ကြောင်းကို ဝမ်ပိုဝေက ကောင်းစွာသက်သေပြ၍ သွားခဲ့လေသည်။

ဟုတ်ပါသည်၊ နောက်ဆုံးမှာတော့ ဝမ်ပိုဝေက မျက်လုံးနှစ်လုံးစလုံးကို ရအောင်ထိုးဖောက်တိုက်ခိုက်လိုက်သည်တွင် ရေခဲနဂါးကြီးမှာ မည်သို့မျှ မတတ်သာတော့ဘဲ ရှုံးနိမ့်ကာ လဲကျသေဆုံး၍ သွားခဲ့လေတော့သည်။

မူလက ရေခဲနဂါးကြီး သေဆုံးသွားလျှင် ဝမ်ပိုဝေကို ရှင်းပြီးမှ ရေခဲနဂါးကြီး၏ ဦးခေါင်းကိုဖြတ်ယူသွားရန် ယန်စေးချို စိတ်ကူးထားခဲ့သည်။

သို့သော် ရဲရင့်ပြီးစွမ်းဆောင်းသောသခံနိုင်ရည်ရှိပြီးယောကျ်ားကောင်းပီသသည့် ဝမ်ပိုဝေကို သူ မသတ်ရက်တော့ပါ။



အကယ်၍ သူမ အသေသတ်မည်ဆိုပါက ခြေကုန်လက်ပန်းကျနေသော ဝမ်ပိုဝေမှာ မည်သို့မျှ ခုခံနိုင်မည်မဟုတ်သည်မှာ မြေကြီးလက်ခတ်မလွဲပင် သေချာ၍ နေလေသည်။

မွေးစားဖခင် ခြင်္သေ့နက်ယန်ဟူကျင်းနှင့် တောင်ကျွန်းဘုရားဘွားယိဖေးတို့၏ လက်ထဲတွင် ကြီးပြင်းလာခဲ့သောကြောင့်သာ ယန်စေးချိုမှာ ရက်စက်လိုသော စိတ်ဓာတ်များဝင်ရောက်နေခြင်းဖြစ်သည်။

အကယ်တော့ ယန်စေးချိုမှာ အဖြူရောင် သိုင်းသမားကြီး မုံလွှားဓာဝမ်ဘောလီ၏ ရင်သွေးဖြစ်သောကြောင့်ပင်ကိုစိတ်ရင်းအားဖြင့်မူ ဆိုးလှသည်မဟုတ်ပါချေ။

မည်သို့ပင်ဖြစ်စေ ရေခဲနဂါးကြီး၏ခေါင်းကိုတော့ သူမ ဖြတ်ယူသွားရမည်သာပင်၊ သို့မှသာ ဟိုပေနယ်စားကြီး လီဝူချင်က သူမကို သားမက်လောင်းအဖြစ် သဘောကျပေလိမ့်မည်။

သို့မှသာ ထိုအခွင့်အရေးကို အမိအရယူပြီး တောင်ကျွန်းဘုရားဘွားယိဖေး၏ခင်ပွန်း မရဏာလက်ဝါးစီးဖနဲ့ကို သူမ ကပ်ဝင်နိုင်ခွင့်ရမည် မဟုတ်ပါလား။

ထို့ကြောင့် ယန်စေးချိုက ထို့ဆိုင်းမနေတော့ပါချေ၊ ရေခဲနဂါးကြီးဆီသို့ လေးဖင့်စွာသွားနေသော ဝမ်ပိုဝေ၏ နောက်ကျောကို ကိုယ်ဖျောက်ပညာသုံး၍ ခုန်ဝင်တိုက်လိုက်သည်။

သတ္တိရှိသော ဝမ်ပိုဝေက ထိုမျှပင်ပမ်းနွမ်းနယ်နေသည့်ကြားမှပင် နောက်ကိုလှည့်ကြည့်ရန် ကြိုးစားသေးသည်။

ထိုသော် လှည့်ခွင့်ကား မရခဲ့ပါချေ၊ ယန်စေးချိက ဓမ္မကြောကို ကျင်လည်စွာထိုးပိတ်လိုက်သည့်အခါမှာတော့ ဝမ်ပိုဝေမှာ နေရာတွင်ပင် ပျော့ခွေလဲကျပြီးသကာလ လုံးဝ သတိလစ်မေ့မြော၍သွားသည်။

'စိတ်မကောင်းပါဘူး ဝမ်ပိုဝေ၊ ကျွန်မ သူများခူးခံပြီးမှ အသင့်ဝင်ယူစားလိုက်သလို ဖြစ်သွားပါတယ်၊ ဘာပဲဖြစ်ဖြစ်ရှင့်ရဲ့ ရဲရင့်မှုကိုတော့ ကျွန်မလေးစားမိပါတယ်'

ချင်ဖုန်းအဖြစ် ဟန်ဆောင်ထားသော ယန်စေးချိက မြေပြင်ပေါ်တွင် ခွေလဲကျနေသည့် ဝမ်ပိုဝေကို မပြောလိုက်ခြင်းဖြစ်သည်။

ပြီးလျှင် ယန်စေးချိက ရေခဲနဂါးကြီးဆီသို့ လျှောက်သွားကာ ခေါင်းကိုဖြတ်ယူလိုက်သည်။

နောက်တော့ အသင့်ယူဆောင်လာသော သစ်သားသေတ္တာလေးထဲသို့ရေခဲနဂါးကြီး၏ခေါင်းကို ဖြည့်သွင်းလိုက်သည်။

ထိုအချိန်အထိ သူမလေးကြောထိုးပိတ်ထားသော ဝမ်ပိုဝေမှာ သတိပြန်ရလာခြင်းမရှိပါချေ၊ ထိုနောက်မှာတော့ ယန်စေးချိက ရေခဲနဂါးခေါင်းကို သွတ်ထည့်ထားသော



သေတ္တာလေးကိုသယ်ကာ ရေခဲတောင်ခြေမှ ပြန်လည်ထွက်ခွာလာခဲ့လေတော့သည်။

ရေနဂါးကြီးကို သေသေကျေကျေမတိုက်ခိုက်ရဘဲ အသင့်ခေါင်းဖြတ်ယူနိုင်ခြင်းမှာ သူမကံကောင်းခြင်းဟုဆိုရချေမည် မဟုတ်ပါလား။

*

ပင်ပန်းနွမ်းနယ်မှုဒဏ်ကြောင့် သွေးကြောထိုးပိတ်ခံခဲ့ရသော ဝမ်ပိုဝေမှာ အတော်ကြာအောင်ပင် သတိလစ်၍ နေခဲ့သည်။

အတော်ကလေးကြာပြီးမှ သူသတိပြန်ရကာ လူးလွန့်လိုက်မိသည်။

မျက်စိကို ဖွင့်ကြည့်လိုက်သည်တွင် ပြာလွင်နေသော ကောင်းကင်ကို ဦးစွာမြင်တွေ့လိုက်ရသောကြောင့် သူ ပက်လက်အနေအထားဖြင့် သတိမေ့လဲကျနေသည်ကို သတိပြုလိုက်မိသည်။

နောက်တော့ သူ မေ့လဲမကျခင်က အဖြစ်အပျက်ကို ခပ်လေးလေးပင် စဉ်းစားလိုက်သည်။

ရေခဲနဂါးကြီးကို သူရှာပြီးတိုက်နေရာသို့ ရောက်သွားချိန်မှာပင် တစ်စုံတစ်ယောက်က အငိုက်ဖမ်းကာ သူ့ကို သွေးကြောပိတ်သွားခဲ့ခြင်းကို သူပြန်အမှတ်ရလာသည်။

လှုပ်ရှားမှုလျင်မြန်ခြင်းနှင့် ကျွမ်းလှသဖြင့် သွေးကြောထိုးပိတ်နိုင်ခြင်းတို့ကို တွေးကြည့်၍ သူ့ကိုသွေးကြောထိုးပိတ်သွားသည့်ရန်သူမှာ အဆင့်နိမ့်မည်မဟုတ်ဟုလည်း ဝမ်ပိုဝေ တွက်ဆမိလိုက်သည်။

ထိုအခါ သူ့ခေါင်းထဲတွင် စဉ်းစားစရာများ ဖြစ်လာရပြန်သည်။

ရန်သူက သူ့ကိုအဘယ်ကြောင့်နောက်ကကွယ်မှ အလစ်သွေးကြောထိုးပိတ်ကာ သတိမေ့အောင် ဖန်တီးခဲ့ရပါသနည်း။

အကယ်၍ သူ့ကိုမသေစေလိုသောဆန္ဒရှိလျှင် သွေးကြောထိုးပိတ်မည့်အစား နောက်ကျောကိုသာ ဓားဖြင့် ထိုးသွား



တိုက်ခိုက်လိုက်ပါက မည်သူမည်ဝါဖြစ်ကြောင်းပင် မသိလိုက်ဘဲ နှင့်ပင် သူသေဆုံးသွားရမည်မှာ သေချာသည်။

ဒီမိကော ပင်ပန်းနွမ်းနယ်ပြီး သေလုမျောပါး ဖြစ်နေသည့်အပြင် တစ်ဘက်ရန်သူကလည်း လျင်မြန်လှသည်မဟုတ်ပါလား။

သို့သော် ရန်သူက သူ့ကိုသေအောင်မတိုက်ခိုက်ဘဲ မေ့မြောအောင်သာလျှင် ထိုးပိတ်တိုက်ခိုက်သွားခဲ့သည်။

သို့ဖြစ်ရာ သူ့ကိုမသေစေလိုသော ရန်သူတစ်ယောက်မဟုတ်ဟုယူဆရမည်ဖြစ်နေသည်။ သို့ဆိုလျှင် အဘယ်ကြောင့် သူ့ကိုမေ့မြောအောင်ထိုးပိတ်ခဲ့ရပါသနည်း။

ရေခဲနဂါးကြီး၏ အသည်းကိုလဲ လိုချင်၍လား...

'ဟင်'

ထိုအတွေးကို တွေးမိလိုက်သည့် တစ်ခဏမှာပင် ဝမ်ပိုဝေမှာ ပြင်းစွာတုန်လှုပ်၍သွား၏။

ဒါဆိုလျှင် ဘာမဖြစ်၊

ကာသလိုးမျှပါ၊ ရင်ဆိုင်တိုက်ခိုက်ခဲ့ပြီးမှ ရေနဂါးကြီး၏ အသည်းကို အချောင်ယူပြီးကာ ဝင်စားသွားမည်ဆိုလျှင် သူ့အတော်ဝင်ခံရပေတော့မည်။

သို့ဖြစ်၍ ဝမ်ပိုဝေက နေရာတွင် လူးလဲထထိုင်ပြီး လှမ်းကြည့်လိုက်ရာ မလှမ်းမကမ်းတွင် သေဆုံးနေသောရေခဲနဂါးကြီးကိုတွေ့လိုက်ရ၏။

သို့သော် အံ့သြဖို့ကောင်းသည်မှာ ရေခဲနဂါးကြီးတွင် ခေါင်းမရှိတော့ခြင်းဖြစ်သည်။

'ဟာ....နဂါးကြီးမှာ ခေါင်းမရှိတော့ပါလား'

အံ့ဩစိတ်ဖြင့်ရေရွတ်ရင်းမှ ဝမ်ပိုဝေက ရေခဲနဂါးကြီးအနားကို ထလျှောက်သွားကာ သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

သူ့မျက်စိမမှားပါ၊ ရေခဲနဂါးကြီးတွင် ဦးခေါင်းကင်းမဲ့နေသည်မှာ အမှန်ပင်။

'အင်း....ဘုတ်ပြီ ရေခဲနဂါးရဲ့ခေါင်းကို ဖြတ်ယူသွားသူဟာ ငါ့ကိုနေခွက်ကျောကနေ သွေးကြောထိုးပိတ်ခဲ့သူပဲဖြစ်ရမယ်'

ဝမ်ပိုဝေက အခြေအနေကို ဆက်စပ်တွေးတော ကြည့်မိသွားကာ သဘောပေါက်သွားသလိုမျိုး ခေါင်းညိတ်လိုက်သည်။

ရေခဲနဂါးကြီး၏ ဦးခေါင်းကိုသာဖြတ်ယူသွား၍ ဝမ်ပိုဝေ စိတ်သက်သာရာရသွား၏၊ အကယ်၍ အသည်းကိုထုတ်စားသွားလျှင်မူ သူပြုံးနိုင်တော့မည်မဟုတ်ပါချေ။

'အင်းခေါင်းဖြတ်ယူသွားတဲ့ရန်သူကရေခဲနဂါးရဲ့အသည်းက ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို သိမထားလို့ဖြစ်မယ်၊ ခေါင်းဖြတ်ပြီးယူသွားတာကတော့ သူ့မှာအကြောင်းတစ်ခုခုရှိလို့ဖြစ်မှာပဲ'

မည်သို့ပင်ဖြစ်စေ ဝမ်ပိုဝေက ဦးနှောက် အခြောက်ခံပြီး လျှောက်စဉ်းစားမနေတော့ပါချေ။

ဓားကိုယူ၍ ရေခဲနဂါးကြီး၏ ရင်ကိုခွဲကာ အသည်းကိုထုတ်ယူ၍ စားလိုက်သည်။ စားရသည်မှာ အဆင်မပြေလှ



သော်လည်း မဖြစ်မနေ စားရမည်ဟု စိတ်သွင်းထားသော ကြောင့် နောက်ဆုံးတော့ သူစားလိုက်နိုင်ခဲ့ပေသည်။

စားပြီးသည်နှင့် ဝမ်ပိုဝေက ချက်ချင်းပင်ဆိုင်၍အတွင်းအားကျင့်စဉ်ကို လေ့ကျင့်နေလိုက်၏။

ရေခဲနဂါးကြီး၏အသည်း သူ၏ခန္ဓာကိုယ်ထဲ ရောက်ရှိပြီး တအောင့်လောက်အကြာမှာတော့ ဝမ်ပိုဝေ၏ တစ်ကိုယ်လုံးမှာ အေးစိမ့်လာသလိုမျိုး ခံစားလာရ၏။

ထို့အတူ ရင်ထဲတွင် အတွင်းအားလှိုင်းများက တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသလိုမျိုးလည်း ခံစားလာရ၏။

နောက်တော့ အအေးဓာတ်က ပိုမိုပြင်းထန်လာရာ ဝမ်ပိုဝေမှာ မာန်တင်းလျက် အအေးဓာတ်ကို အပြင်းအထန်ပင်ခုခံချေဖျက်ပေးနေရ၏။

ဝမ်ပိုဝေမှာ တုန်ခိုက်အောင် ချမ်းလာပြီးနောက် နေရာတွင်ပင် ခွေလဲကျသွားကာ ခဏ္ဍာ အကြိမ် 'သတိပြန်မေ့သွားပြန်၏။

သူသတိပြန်ရချိန်မှာတော့ ညနေစောင်းအချိန်သို့ပင်ရောက်ရှိနေပြီဖြစ်၏။

သတိပြန်ရရလာချင်း ဝမ်ပိုဝေ စတင် သတိပြုမိသည်က ၎င်း၏တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေသည့်အဖြစ်ပင်။

'ဟင်....နဂါးအသည်းက အစွမ်းပြပြီထင်တယ်'

မှန်ပါသည်၊ ရေခဲနဂါးကြီးနှင့် ပြင်းထန်စွာရင်ဆိုင်တိုက်ခိုက်ထားခဲ့ရ၍ ပင်ပန်းနွမ်းနယ်နေသည်များ၊ နာကျင်နေသည်များမှာ ယခုတော့ မည်သို့မျှမကျန်တော့ဟုဆိုရလောက်အောင်ပင် ပေါ့ပါးလန်းဆန်းနေ၏။

ထို့ကြောင့် ဝမ်ပိုဝေက သေချာအောင် နေရာတွင်ထရပ်ကာ အတွင်းအားများကို စုစည်း၍ လက်ဝါးချက်တစ်ချက်စမ်းသပ်ရိုက်ထုတ်ကြည့်လိုက်၏။

'ဝှမ်း'

'ဟာ....'

သူ၏လက်ဝါးရိုက်ချက်မှ ဖြစ်ပေါ်လာသည့် လေခွင်းသံမှာ ကျယ်လောင်ပြင်းထန်လွန်းလှသဖြင့် ဝမ်ပိုဝေမှာ ကိုယ့်ကိုကိုယ်ပင် ပြန်ပြီးမယုံမကြည်ဖြစ်သွား၏။

နောက်ထပ် လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်ရာတွင်လည်း ထိုနည်းတူပင်၊ သို့ဖြစ်၍ အတွင်းအားလွန်စွာမြင့်မားလာပြီဆိုသည့်အချက်မှာ ယုံမှားသံသယရှိစရာပင်မလိုတော့ပါချေ။

သို့ဖြစ်၍ ဝမ်ပိုဝေ၏အံ့သြစိတ်များက ဝမ်းသာပီတိဖြစ်စိတ်များသို့ ရုတ်ခြည်းပင်ကူးပြောင်းသွား၏။

'ငါတကယ်ပဲ အတွင်းအားမှာ ထိပ်တန်းအဆင့်ကို ရောက်သွားပြီပဲ၊ ဒါဟာ ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး တော်တယ်ကျင်းရဲ့ ကျေးဇူးက အဓိကပဲ၊ ဒေါ်ဒေါ်စုချင်ဟွာကိုလဲ ကျေးဇူးတင်ရမှာပဲ၊ ပြီးတော့ ငါ့ရဲ့ကုသိုလ်ကံကောင်းတာလဲ ပါလိမ့်မယ်'



ဝမ်ပိုဝေက တစ်ယောက်တည်းရေရွတ်ပြောဆိုရင်းကျေးဇူးရှင်များကို မြင်ယောင်ကြည့်လိုက်၏။

နောက်တော့ဖခင်ဖြစ်သူ ပျံလွှားစားဝမ်ကောလီ၏မျက်နှာကိုလည်း မြင်ယောင်လာမိပြန်၏။

သူယခုလို ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်သွားသည်ကိုမြင်လျှင် သူ့ဖခင် ဝမ်ကောလီ အထူးပင်ဝမ်းသာ၍သွားပေလိမ့်မည်။

'အင်း....အတွင်းအားက ပြည့်ဝသွားပြီဆိုတော့ ငါအခုပဲ ခုနစ်ဆင့်လက်ဝါး သိုင်းကွက်တွေကို ပြန်ပြီး လေ့ကျင့်လိုက်တာ ကောင်းတယ်....ပြီးမှ ဒီတောင်ခြေကနေ ပြန်သွားတော့မယ်....'

ဝမ်ပိုဝေက ဆုံးဖြတ်ချက်ချလိုက်ပြီးသည်တွင် ရေခဲတောင်ချောက်ထဲတွင်ပင် ခုနစ်ဆင့်လက်ဝါး သိုင်းကွက်များကို ကျေညက်အောင် ထပ်မံလေ့ကျင့်နေမိလေသည်။

( ၃၀ )

ဟိုပေနယ်စားကြီး လီဝူရှုင်မှာ သမီးဖြစ်သူ မေနှအိမ်မှ ထိတ်တဆိတ်ထွက်ပြေးသွားသည်တွင် အထူးပင်စိတ်သောကရောက်ခဲ့သလို ဒေါသလည်း ထွက်ခဲ့ရသည်။

ထိုသတင်း ပျံ့နှံ့သွားလျှင် သူ့အရှက်ကွဲရမည် ဖြစ်သလို မသမာသူ အနက်ရောင် သိုင်းလောကသားများကလည်း လီကျေးရှန်ကို တွေ့အောင်ရှာပြီး လက်ရဖမ်းကာ သူ့ကိုအကျပ်ကိုင် ဗိုက္ခပေးလာနိုင်သည်ဟု နယ်စားကြီးလီဝူချင် တွေးဆသည်။

သို့ဖြစ်၍ နယ်စားကြီးလီဝူချင်က သူ့အားထားရသော လက်ရွေးစင်တပ်သားဆယ်ယောက်ကိုသာခေါ်၍ လီကျေးရှန်အား



တွေ့အောင် လိုက်ရှာပြီး ပြန်ခေါ်လာခဲ့ရန် လျှို့ဝှက်တာဝန် ပေးစေခိုင်းထားလေ၏။

သူ၏စံအိမ်တော်ရှိ အစေခံ မိန်းကလေးများ အပါအဝင် အစောင့်များအားလုံးကိုလည်း ထိုသတင်းကိုလျှို့ဝှက်ဖုံးကွယ်ထားရန်နှင့် အကယ်၍ပေါက်ကြားသည်ဟုသိခဲ့လျှင် ပြင်းထန်စွာ အပြစ်ပေးမည်ဟု ဟိန်းဟောက် သတိပေးထားခဲ့လေသည်။

အရေးယူကျမှ သူက ချင်ဖုန်းဆိုသော သိုင်းပညာတတ်လူရွယ်ကိုလည်း နဂါးခေါင်းဖြတ်ယူလာခဲ့ရန်နှင့် အောင်မြင်ခဲ့လျှင် လီကျေးရှန်နှင့် ခမ်းနားစွာ လက်ထပ်ပေးပါမည်ဟု စကားလွန်သွားခဲ့မိ၏။

ချင်ဖုန်းကသာ နဂါးကို အောင်မြင်စွာ သတ်ဖြတ်ပြီး ခေါင်းဖြတ်ယူ လာနိုင်ခဲ့ပါက လီကျေးရှန်ကို ပေးစားရပေတော့မည်။

လီကျေးရှန်နှင့် ပေးစားရန် သဘောတူထားပြီ ဖြစ်သော်လည်း လောလောဆယ်တွင် လီကျေးရှန်က ပျောက်နေ၍ ပြဿနာ ရှုပ်ထွေး၍လာနိုင်၏။

အမှန်အတိုင်း ပြောပြ၍ ချင်ဖုန်းကမယုံလျှင် သူ့ကို မပေးစားချင်၍ တမင်ဝှက်ထားခြင်းဟု ထင်မြင်ကောင်း ထင်သွားနိုင်သည်။

အကယ်၍ ယုံကြည်ထားသည့်အတိုင်း ထိုသတင်းကိုသာ ချင်ဖုန်းကန့်ကွက်မလုံဘဲ လျှောက်ပြောမည်ဆိုလျှင်လည်း မလိုလား အပ်သော ပြဿနာများ ပေါ်ပေါက်လာနိုင်ပေသေးသည်။

သို့ဖြစ်၍ လီကွေးရှန်ကို သူ၏ လက်ရွေးစင် ရဲမက်များ အမြန်ဆုံးမှာတွေ့ပါစေဟုဆုတောင်းရပြီ တစ်ဖက်ကလည်း ချင်ဖုန်းတစ်ယောက် နဂါးကို မနှိမ်နင်းနိုင် ပါစေနှင့် ဦးဟု လည်း ဆုတောင်းနေရ၏။

သို့သော် နယ်စားကြီး လီဝူချင်၏ဆုတောင်းက ကြာကြာ တော့ မပြည့်ဝခဲ့ပါချေ။ ယခု မနက်ခင်းမှာတော့ ဧည့်ခန်း တွင်တစ်ယောက်တည်းထိုင်ပြီး စိတ်ရှုပ်ရှုပ်ဖြင့် အရက်သောက် နေစဉ်မှာပင် ဧည့်ခန်းဆီသို့ ရဲမက် တစ်ယောက် ဝင်ရောက် လာ၏။

'နယ်စားကြီး'

'ပြော ဘာကိစ္စလဲ'

'အပြင်မှာ ဧည့်သည်တစ်ယောက်ရောက်နေပါတယ်၊ ဝင် ခွင့်ပြုလိုက်ရမှာလားခင်ဗျာ'

'ဧည့်သည်က ဘယ်သူလဲ'

'ဟိုတလောက သိုင်းပြိုင်ပွဲမှာဗိုလ်စွဲသွားတဲ့ သိုင်းပညာရှင် ချင်ဖုန်းပါ'

'ဟေ'



စိတ်လှုပ်ရှားမှုကြောင့် နယ်စားကြီးလီဝူချင်၏ လက်ထဲမှ ကြွေပန်းကန်လုံးပင် လွတ်ကျတော့မတတ်ဖြစ်သွား၏။

သူမဝံ့မရဲ မျှော်လင့်ထားခဲ့သော ခနဲ့ရှက်ကား လွဲချော်မရ ဘဲ ရောက်ရှိလာချေပြီ။ သူက လီကွေးရှန်ကိုရှာခိုင်းထားပြီး ဟု သော ဝမ်းသာစရာသတင်းစကားက ရောက်မလာ၊ ချင်ဖုန်း ကသာ စောစီးစွာရောက်ရှိလာခဲ့ချေပြီ။

အကယ်၍ သူ၏စံအိမ်တော်တွင် သမီးလီကွေးရှန် ရှိနေ မည်ဆိုလျှင်တော့ ချင်ဖုန်းရောက်လာလျှင် သူဝမ်းသာရမည် ဖြစ်သည်။

ယခုမူ လီကွေးရှန်က ပျောက်ချင်းမလှပျောက်ချက်သား ကောင်းဆဲ ဖြစ်သောကြောင့် ချင်ဖုန်း ရောက်လာသည်တွင် ဟိုပေနယ်စားကြီး လီဝူချင်တစ်ယောက် စိုးကသိကအောင့် ဖြစ်သွားရခြင်းဖြစ်သည်။

'ကျွန်တော်မျိုး ဝင်ခွင့်ပြုလိုက်ရမလား နယ်စားကြီး'

အရက်ပန်းကန်လုံးကြီးကိုင်ကာ ကိုယ်နှင့်စိတ် ကင်းကွာ သွားသော သူ့ကို ရဲမက်က ထပ်မေးလာ၏။

ချင်ဖုန်းရောက်လာပြီဆိုမှတော့ မည်သို့မျှ အတွေ့မခံ၍မရ တော့ပါချေ။

သို့ဖြစ်၍ နယ်စားကြီးလီဝူချင်က မထူးခြားသော ပုံစံမျိုး ဖြင့်ပင်....

'အေးလေ ဝင်ခွင့်ပြုလိုက်ပါ'

'ကောင်းပါပြီ နယ်စားကြီး'

ထို့နောက် ရဲမက်က အခန်းထဲမှ ပြန်ထွက်သွားသည်နှင့် နယ်စားကြီး လီဝူချင်မှာ ချင်ဖုန်း ရောက်လာလျှင် ပြောရန် အကောင်းဆုံးသောစကားလုံးများကို ရွေးချယ်စဉ်းစားနေမိသည်။

မကြာပါချေ။

ဝတ်စုံနက် ဝတ်ဆင်ထားသည့် ကိုလူချော သိုင်းသမားလေး ချင်ဖုန်းက ညှို့ခန်းဆောင်ထဲသို့ ဝင်ရောက်လာလေသည်။

'ဟင်....'

ချင်ဖုန်းကား လူလွတ် ဝင်ရောက်လာခြင်းမဟုတ်၊ လေးထောင့် သစ်သား သေတ္တာလေးတစ်ခုကို ပွေ့ပိုက်ကာ ဝင်ရောက်လာခြင်းဖြစ်၍ ရေခဲနဂါးကြီး၏ဦးခေါင်းကို အောင်မြင်စွာ ဖြတ်ယူလာနိုင်ခဲ့ပြီဟု လီဝူချင်တွေးဆမိလိုက်၏။

လူအများကို အန္တရာယ်ပေးနေသည့် ဧရာမနဂါးကြီးတစ်ကောင်ကို ရှင်းပစ်လိုက်နိုင်သည့်အတွက် ဝမ်းသာရပေ၏။

ဤသို့ဖြစ်၍ နယ်စားကြီး လီဝူချင်က စိတ်ရှုပ်ထွေးမှုကို မျက်နှာတွင် ပေါ်လွင်မလာအောင်ထိန်းရင်းမှ ခပ်ပြုံးပြုံးလုပ် ပြောလိုက်၏။



'မင်းကို ငါမျှော်နေတာပါပဲ ချင်ဖုန်း၊ နောက်ဆုံးကျတော့ မင်းတကယ်ပဲရောက်လာခဲ့တာပဲနော်'

'ဟုတ်ပါတယ် နယ်စားကြီး....နယ်စားကြီး နေကောင်းတယ်နော်'

'ကောင်းပါတယ်ကွာ....ဒါထက် မင်းက ရေခဲနဂါးကြီးရဲ့ ခေါင်းကို တကယ်ပဲဖြတ်ယူလာနိုင်ခဲ့ပြီလား'

'မှန်ပါတယ် နယ်စားမင်း....နယ်စားမင်းကိုယ်တိုင်ပဲ စစ်ဆေး ကြည့်ရှုနိုင်ပါတယ်'

ချင်ဖုန်းက ပြောပြောဆိုဆိုနှင့်ပင် သေတ္တာလေးကို တရိုတသေ ကမ်းပေးလာ၏။

ထို့ကြောင့် လီဝူချင်က ဟန်မပျက်ဝင်လှမ်းယူ၍ဖွင့်ကြည့်လိုက်၏။

'ဟင်....တကယ်ပဲ ရေခဲနဂါးကြီးကို ခေါင်းဖြတ်ယူလာနိုင်ခဲ့တာပဲ'

အံ့ဩမှုကြောင့် လီဝူချင့်၏နှုတ်မှ လွှတ်ခနဲ အသံထွက် ရေရွတ်မိသည်အထိ ဖြစ်သွား၏။

ပြီးနောက် လီဝူချင်က သေတ္တာကို စားပွဲပေါ်တွင်ပြန် တင်လိုက်ကာ ချင်ဖုန်းအား လက်ဖြင့် ဝင်ထိုင်ရန်ညွှန်ပြလိုက်သည်။

ထိုအခါ ချင်ဖုန်းက သူ့ကိုအရှိအသေပြုပြီးမှ ထိုင်ခုံတင် လုံး၌ ဣန္ဒြေရရပင် ဝင်ထိုင်၏။

ရေခဲနဂါးကြီးနှင့် တိုက်ခိုက်လာခဲ့သည့် ချင်ဖုန်း၏ကိုယ် ပေါ်၌ မည်သည့်ဒဏ်ရာဒဏ်ချက်မျှ ရသွားပုံမရ၍ လီဝူချင်မှာ ချင်ဖုန်း၏ပါးနပ်မှုနှင့် သိုင်းပညာစွမ်းကို ပို၍ပင်အထင်ကြီး သွားမိ၏။

'မင်းကိုတော့ ကျုပ် မလေးစားဘဲမနေနိုင်အောင်ကို ဖြစ် သွားပြီချင်ဖုန်း၊ မင်းဟာတကယ်ပဲ ရေခဲနဂါးကြီးနိုင်အောင် တိုက်ခိုက်နိုင်ခဲ့တယ်နော်'

'ဟာလဲ ခင်ဗျာ နယ်စားကြီးက ကျွန်တော့်ကိုတာဝန် ပေးခဲ့ပေမယ့် ရေခဲနဂါးကြီးကို တကယ်တမ်းတွေ့ရင် ကျွန် တော် အနိုင်ရနိုင်မှာ မဟုတ်ဘူးလို့ ကြိုတင်တွေးဆသွားလို့ များလား'

'လူတစ်ယောက်ရဲ့ အရည်အချင်းကိုတော့ ကျုပ် လျှော့ လျှော့ပေါ့ပေါ့နဲ့ ကြိုပြီးအထင်မသေးတတ်ပါဘူး ချင်ဖုန်း... ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ နယ်စားမင်း'

'ဒီကောင်ကြီးကို မောင်ရင် နိုင်အောင် တိုက်မှတိုက်နိုင်ပါ့ မလားဆိုပြီး သံသယရှိခဲ့တာကတော့ အမှန်ပဲ'

သူ့စကား အဆုံးမှာတော့ ချင်ဖုန်းက အဓိပ္ပာယ်ပါပါ ပြုံး၏၊ ပြီးမှ....



'ဖြစ်နိုင်ပါတယ်ခင်ဗျာ၊ ရေခဲနဂါးကြီးကို နှိမ်နင်းဖို့ဆို တာက လွယ်ကူတဲ့ကိစ္စတစ်ရပ် မဟုတ်တော့ နယ်စားကြီးသံသ ယ ဝင်မယ်ဆိုရင်လဲ ဝင်သင့်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ကလဲ လူတစ်မျိုး၊ စိတ်မပါဘူးဆိုရင်တော့ ပုရွက်ဆိတ်တစ် ကောင်သတ်ဖို့တောင် အခက်အခဲတွေ့ချင်တွေ့မယ်၊ အဲ....စိတ် ပါလာပြီဆိုရင်တော့ ဘာကောင်ကြီးကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ တစ်စက်ကလေးမှကို မတွန့်တော့ဘူး'

'ဟုတ်ပါတယ် မောင်ရင်၊ ဒီရေခဲနဂါးကြီးကို သွားမသတ် ခင်က ဒီစကားမျိုးပြောခဲ့ရင်တော့ မောင်ရင်ကိုအလုံးထွား လွန်းတယ်လို့ ထင်ကောင်းထင်မိပါလိမ့်မယ်၊ ခုဟာက လက် တွေ့ သက်သေပြခဲ့ပြီးပြီဖြစ်လို့ မောင်ရင့်စကားကိုမယုံကြည်လို့ ဘယ်လိုမှကို မရတော့ပါဘူး'

'ကျေးဇူးတင်ပါတယ် နယ်စားမင်း၊ ဒါထက် မသွားခင် က နယ်စားကြီး ကျွန်တော့်ကိုကတိတစ်ခု ပေးလိုက်တယ်လို့ ထင်ပါတယ်'

ချင်ဖုန်းက လီခကျွးရှန်နှင့် ပေးစားမည်ဟု ကတိခံယူ ထားသည့်ကိစ္စကို တည့်တည့်မပြောဘဲ သွယ်ဝိုက်ပြောဆို၍ လာ လေသည်။

ထို့ကြောင့် လူကြီးပီပီ နယ်စားကြီး လီဝူချင်က ဟန်မ ပျက်ပင် ရယ်မောလိုက်ရင်းမှ...

'ဪ....သမီး လီခကျွးရှန်နဲ့ လက်ထပ်ပေးမယ်လို့ ပြော ခဲ့တာထင်တယ်'

'မှန်ပါတယ်နယ်စားကြီး လီကွေးရှန်ကတော့ ကျွန်ုပ်ကို နှစ်မှုနှစ်သက်ရဲ့လား မပြောတတ်ဘူး'

'သမီးကို ကျုပ်မေးပြီးပါပြီ၊ သမီးက ဒီကိစ္စကို မကန့်ကွက်ပါဘူး ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ နယ်စားမင်း'

'ဟိုလေ.... သမီးက ခုလောလောဆယ် မရှိသေးဘူး ချင်ဖုန်းရဲ့'

'ဗျာ....'

'ဪ....ဒီလိုပါ မရှိသေးဘူး ဆိုတာက သူ့ရဲ့ အဘိုးအဘွားတွေရှိတဲ့ ကွမ်ကျိုးဘက်ကို ခရီးလွန်နေတာကို ပြောတာပါ'

လီဥချင်၏ မှင်သေသေ စကားကြောင့် ချင်ဖုန်းမှာ တကယ်ဟုပင်မှတ်ထင်သွားပုံရသည်။

'ကွမ်ကျိုးက အဘိုးအဘွားတွေဆီ သွားလည်တာလား နယ်စားမင်း'

'မှန်ပါတယ်ကွယ် အဘိုးအဘွားတွေကလဲ တွေ့ချင်လို့ခေါ်၊ သမီးကိုယ်တိုင်ကလဲ မတွေ့ရတာကြာလို့ သတိရတယ် ပူဆာနေတာကြောင့် မောင်ရှင်လဲ တော်တော်နဲ့တော့ ပြန်လာဦးမှာမဟုတ်သေးဘူးလို့ ထင်သားတာလဲပါတယ်လေ၊ ဒါက ဘာမှပြဿနာမရှိလှပါဘူး၊ တစ်ရက် နှစ်ရက်လောက် စောင့်ရင်



စောင့်လိုက်တာပြီး သမီးကိုပြန်ခေါ်လိုက်ပါမယ်၊ မောင်ရှင်က ဒီအိမ်မှာပဲတည်းခိုနေပေါ့'

'ဪ....ဟုတ်ကဲ့ ရပါတယ်နယ်စားကြီး အကယ်၍ လီကွေးရှန်က အဘိုးအဘွားတွေဆီ အလည်အပတ်သွားတာဆိုရင်တော့ သူပျော်သလောက်ပဲနေပါစေ လက်ထပ်ဖို့ ကိစ္စကို ကျွန်တော် မလောပါဘူး ဖြည်းဖြည်းမှခေါ်လဲ ဖြစ်ပါတယ်၊ ကျွန်တော်က နယ်စားမင်းသတိမေ့နေသလားလို့ မေးကြည့်တဲ့သဘောပါ'

ချင်ဖုန်း၏ တုံ့ပြန်စကားကြောင့် နယ်စားကြီး လီဥချင် အတော်ပင် သက်သာရာရသွားသည်၊ သူက ကြည့်ကောင်းအောင်သာ တစ်ရက် နှစ်ရက်အတွင်း ပြန်ခေါ်ပေးမည်ဟု ပြောလိုက်ရခြင်းဖြစ်သည်။

စင်စစ်တော့ ဘယ်ရောက်နေမှန်းမသိသော လီကွေးရှန်ကို တွေ့အောင်ရှာပြီး ပြန်ခေါ်လာရန်မှာ ထိုမျှလောက် မလွယ်ကူချေ။

အခန့်မသင့်လျှင် လင်နှင့်ချီ၍ပင် ပြောကောင်းပြောနိုင်ပေသည်၊ သူ့သမီး လီကွေးရှန်က ချင်ဖုန်းနှင့် လက်မထပ်လို၍ ကြိုကြိုတင်တင် အိမ်က ထွက်ပြေးသွားခြင်းဖြစ်လို့ နေသည် မဟုတ်ပါလား။

ဟုခုမှ အလိုက်သိတတ်ပြီး သဘောကောင်းသောချင်ဖုန်းက ဖြည်းဖြည်းခေါ်လည်းရပါတယ်ဟု အခွင့်အရေးပေးလာ

သောကြောင့် စိတ်တင်းကျပ်နေမှုများ အနေတော်အတန် လျော့ပါး၍သွား၏။

သို့မှသာ လီကွေးရှန်ကို အပူတပြင်း လိုက်လံရှာဖွေရန် သူတို့အချိန်ပိုရမည်မဟုတ်လား။

'ဩော်....အေး ဒါဆိုလဲ နောက်မှပဲလှမ်းခေါ်လိုက်မယ် ဒီကြားထဲတော့ မောင်ရင် ဒီအိမ်မှာပဲ လွတ်လွတ်လပ်လပ်နေပျော်သလိုနေပေါ့။ မောင်ရင့်ကို အစစ်ဆေး အတားဆီးမရှိ သွားချင်ရာသွားဖို့ ကျုပ် အားလုံးကို ပြောထားလိုက်ပါ့မယ်'

'ကျေးဇူးတင်ပါတယ်နယ်စားကြီး'

'မလိုပါဘူးလေ နောက်ကျရင် သားအဖတော်တော်ကြာ ရမယ့်လူတွေပဲဟာ'

နယ်စားကြီး လီဝူချင်က စိတ်အနည်းငယ်လွတ်လပ်ပေါ့ပါးသွား၍ ရယ်ရယ်မောမောပင် ပြောလိုက်သည်။

ထိုအခါ ချင်ဖုန်းကလည်း ရောယောင်ပြီးရယ်သည်။ ပြီးလျှင် စားပွဲပေါ်၌ လင်ပန်းထဲမှ သစ်သီးတစ်လုံးကို ယူ၍ မြိန်ရည်ယှက်ရည်ပင် စားသောက်၍နေသည်။

ယခုလို အမူအရာလေးကျပြန်တော့လည်း ချင်ဖုန်းပုံစံကရဲရင့်သည့် သူရဲကောင်းတစ်ယောက် မဟုတ်သည့်အလား။

* * *

(၃၁)

ချင်ဖုန်းကား စံအိမ်တော်တွင် လီကွေးရှန်မရှိဟု သိလိုက်ရသည်တွင် စိတ်ထဲက ဝမ်းသာ၍ပင် သွားမိသည်။ တကယ်တော့သူက ဘောင်ကျွန်းဘွားဘွားယီဖေးနှင့် ဖခင်ကြီးဖြစ်သူ ခြသေ့်နက် ယန်ဟူကျင်းတို့၏ တာဝန်ပေးချက်အရသာ ရေခဲနဂါးကြီးကို ခေါင်းဖြတ်ယူခဲ့ခြင်းဖြစ်သည်။

သူကကိုယ်တိုင်က မိန်းမသားတစ်ယောက် ဖြစ်နေသောကြောင့် နယ်စားကြီး၏ တစ်ဦးတည်းသော သမီးချော လီကွေးရှန်ကိုမူ မည်သို့မျှစိတ်ဝင်စားခြင်းမရှိပါချေ။

အကယ်၍ လီကွေးရှန်ရှိနေလျှင်လည်း လက်ထပ်မပေးရသေးခင်မှာပင် မြေအောက်အချုပ်ခန်းမှာ ရှိသည်ဆိုသော

တောင်ကျွန်းဘွားဘွား ယိုဒေဖျာ၏ခင်ပွန်း မရကာလွက်ဝါးစီးပို့ကို ကယ်ထုတ်ကာ အမြန်ဆုံးထွက်ပြေးရန် စဉ်းစားဆုံးဖြတ်ထားပြီးဖြစ်သည်။

ယခုမူ လီကွေးရှန် စံအိမ်တော်တွင် ရှိမနေဟု သိလိုက်ရသည်တွင် ယန်ဓေးချီမှာ ပိုလို့ပင်ဝမ်းသာကျေနပ်သွားသည်။

လီကွေးရှန်မှာ လီဝူချင်၏ပြောစကားများအရ ကွမ်ကျိုးဟုင်ရှိသော အတိုးအဘွားများထံ သွားရောက်လည်ပတ်နေသည်ဟု သိရသည်။

ထိုစကားမှာ အမှန်ဖြစ်နိုင်သလို နယ်စားကြီး လီဝူချင် လိမ်ညာပြောခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

လိမ်ညာပြောခြင်းဆိုလျှင်ပင် အကြောင်းရင်းက နှစ်ချက်ဖြစ်နိုင်ပေသည်။

ပထမအချက်မှာ လီကွေးရှန်က သူ့ကိုလက်မထပ်လို၍ နေအိမ်မှတိတ်တဆိတ် ထွက်ပြေးသွားခြင်းဖြစ်နိုင်၏။

ဒုတိယအချက်မှာမူ နယ်စားကြီးလီဝူချင်ကိုယ်တိုင်က သူ့ကိုပေးစားမည့် ဆန္ဒမရှိသောကြောင့် အချိန်ဆွဲထားခြင်းဖြစ်နိုင်သည်။

ထိုအချက်ကိုလည်း မဖြစ်နိုင်ဟုပြောမရ၊ ရေခဲနဂါးကြီးကိုခေါင်းဖြတ်ယူလာနိုင်လျှင် သမီးလီကွေးရှန်နှင့်ပေးစားမည်ဟု နယ်စားကြီး လီဝူချင်ကဆိုခဲ့ခြင်းမှာ ရေခဲနဂါးကြီးကို သူတယ်နည်းနှင့်မျှ နိုင်အောင်တိုက်ခိုက်နိုင်မည်မဟုတ်ဟုယူဆပြီး ပြောခြင်းဖြစ်နိုင်ပေသည်။



ထိုသို့ဖြစ်၍ ရေခဲနဂါးကြီး၏ ခေါင်းကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်တွင် နယ်စားကြီးလီဝူချင်၏ မျက်နှာပေါ်၌အံ့သြရိပ်နှင့်အတူ အဓိပ္ပာယ်တစ်မျိုးဆောင်သောအရိပ်လက္ခဏာများ ယှက်သန်းသွားသည်ကို ယန်ဓေးချီသတိပြုလိုက်မိသည်။

ထိုသို့ဖြစ်ခြင်းမှာ ပေးစားရန် သမီးလီကွေးရှန် အမှန်ပင်ပျောက်ဆုံးနေ၍ စိတ်ဒုက္ခရောက်သွားခြင်းဖြစ်နိုင်သ ပို့....

လီဝူချင်ကိုယ်တိုင်ကပင် မပေးစားလို၍စိတ်ကသိကအောင့်ဖြစ်သွားခြင်းလား ဆိုသည်ကိုတော့ နယ်စားကြီးလီဝူချင်သည်သာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေကာမူ လီကွေးရှန် စံအိမ်တော်တွင်မရှိခြင်းက ပိုကောင်းသည်ဟုပင် ယန်ဓေးချီယူဆ၏။

နောက်ပြီး နယ်စားကြီးလီဝူချင်က သူ့ကို စံအိမ်တော်တစ်ခုလုံးသို့ တံခါးမရှိဓားမရှိ ဝင်ထွက် သွားလာနိုင်ပါသည်ဟု ခွင့်ပြုလိုက်ရာ 'ရေငယ်တုန်း ရေတွင်းထဲ ပြုတ်ကျသူ'ပမာ ယန်ဓေးချီ အပျော်ကြီးပျော်သွားခဲ့မိသည်ကား အမှန်ပင်ဖြစ်သည်။

လီကွေးရှန်က တကယ်ပင်အတိုးအဘွားများထံ အလည်အပတ် ထွက်သွားသည်ဖြစ်စေ၊ သူနှင့်လက်ထပ်ရမည်စိုးကာ နေအိမ်မှ ထွက်ပြေးသွားသည်ဖြစ်စေ သူမအတွက် ကတော့

ထူးခြားမှုမရှိပါချေ။ သူမအခွင့်အရေးရသည်နှင့် ခမြဲအောက် အချုပ်ခန်းမှ ရေကောလက်ဝါး စီးဖန်ကို ကယ်ထုတ်ပြီး ထွက်ပြေးသွားနိုင်ဖို့သာ အရေးကြီးပေ၏။

ထို့နောက် ယန်စေးချီမှာ နယ်စားကြီးလီဝူချင်၏ အထူးဧည့်သည်တော်အဖြစ် ကျယ်ဝန်းသော အခန်းကြီးတစ်ခုတွင် အနားယူခွင့် ရရှိသွား၏။

'သခင်လေး ဒီမှာ စားစရာတွေ ရောက်ပါပြီရှင်'

ယန်စေးချီက ခုတင်ပေါ်တွင်လှဲရင်း ရှေ့ဆက်လုပ်ဆောင်ရမည့်ကိစ္စများကို အလေးအနက်ထား စဉ်းစားနေစဉ်မှာပင် အစေခံမိန်းမပျိုလေးတစ်ယောက်က အခန်းထဲကိုဝင်ပြီးတရိုတသေပြောလာခြင်းဖြစ်၏။

မိန်းမပျိုလေး ကိုင်ဆောင်လာသော လင်ဗန်းထဲမှာတော့ ကြက်ကြော်နှင့် သစ်သီးမျိုးစုံက မြင်ရရုံဖြင့် စားချင့်စဖွယ် ကောင်းနေပေ၏။

'ကြော်...အင်း စားပွဲပေါ်မှာထားခဲ့'

'ကောင်းပါပြီ သခင်လေး'

'ဟေ...နေဦး'

စားပွဲပေါ်တွင် လင်ဗန်းကိုတင်ပြီး ပြန်ထွက်သွားမည်ပြုသော အစေခံမိန်းမပျိုလေးမှာ သူ၏ ရုတ်တရက်လှမ်းခေါ်လိုက်သံကြောင့် ခြေလှမ်းများတုံ့ဆိုင်းသွားသည်။



'ဘာအလိုရှိလို့ပါလဲ သခင်လေး'

'ကျုပ် မင်းကိုမေးစရာရှိလို့ပါ'

ချင်ဖုန်း အဖြစ် ဟန်ဆောင်ထားသော ယန်စေးချီမှာ ယောကျ်ားလေးတစ်ယောက်၏ အသံမျိုးဖြင့် မင်ခဲသခဲသမှင် ကောစလိုက်၏။

'ဟုတ်ကဲ့ မေးပါရှင်'

'မင်းတို့ သခင်မလေးက တကယ်ပဲ ကွမ်ကျိုးက အဘိုးအတွားတွေဆီ အလည်သွားနေတာလား'

'ဟုတ်...ဟုတ်ပါတယ်ရှင်'

အစေခံမိန်းမပျိုလေးက မဆိုင်းမတွ ပြန်ဖြေသော်လည်း မျက်နှာက သိပ်မှုမမှန်သလို စကားကလည်း ထစ်ထစ် ငေါ့ငေါ့ဖြစ်နေ၏။

ထိုအချက်မှာ သံသယဖြစ်စရာ ကောင်းသော်လည်း ယန်စေးချီက အလေးမထားသော အမူအရာဖြင့်ပင်...

'အင်းလေ ဒါဆိုလဲ ပြီးတာပါပဲ အရေးမကြီးလှပါဘူး မင်းသွားတော့'

'ဟုတ်....ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် သခင်လေး'

ယန်စေးချိကထွက်သွားရန်ခွင့်ပေးလိုက်သည်တွင် အနေခဲ့ မိန်းမပျိုလေးမှာ သေမိန့်မှ ဂင်းလွတ်ခွင့် ရသွားသူ တစ်ယောက်၏မျက်နှာမျိုးဖြင့် အခန်းထဲက ထွက်ခွာသွား၏။

နယ်စားကြီးလီပူချင်၏ ပြောပုံ ဆိုပုံနှင့် အခစားမိန်းမပျိုလေး၏ အမူအရာတို့ကို ဆက်စပ်ကြည့်ရှုမျှဖြင့်ပင် လီကွေးရှန် ပျောက်ဆုံးမှုက သံသယဖြစ်စရာကောင်းနေ၏။

သို့သော် ထိုကိစ္စက သူမအတွက်တော့ စိတ်ဝင်စားစရာ ဖြစ်မလာခဲ့ပါချေ။ သူမအတွက် အရေးတကြီး ဆောင်ရွက်ရမည့်တာဝန်က နှစ်ရပ်သာရှိသည်။

ပထမတာဝန်မှာ မြေအောက်အချုပ်ခန်းတွင် အသက်ရှင်လျက်ရှိနေဆဲဟု မျှော်လင့်ရသော သိုင်းပညာရှင်ကြီး မကာလုဝါး စီးဖန့်ကို ကယ်ထုတ်သွားရန်နှင့်....

ဒုတိယတာဝန်မှာမူ သူမ၏မိခင်ကို ရက်စက်စွာသတ်ဖြတ်ခဲ့သည်ဆိုသော ပုံလားစေး ဝမ်ကောလီအား လက်တုံ့ပြန်ကလဲ့စားချေကာ မိခင်အတွက် လွေးကြွေးဆပ်ပေးရန် တာဝန်ပင်ဖြစ်လေ၏။



ပြောမည်ဆိုလျှင် မိန်းမသားတစ်ဦးမျှသာဖြစ်သည့် ယန်စေးချိမှာ လီကွေးရှန်ကို စိတ်မဝင်စား။

ယောကျ်ားပီသပြီး ခန့်ညားချောမောသည့် ဝမ်ပိုဝေကိုသာ မြင်ကာစကတည်းက အနည်းငယ် စိတ်ဝင်စားခဲ့မိခဲ့လေသည်။

ထိုမှတစ်ဖန် ဝမ်ပိုဝေမှာ သူကလဲ့စားချေရမည့် ပုံလားစေး ဝမ်ကောလီ၏သားဟုသိရသည့်အခါတွင် ယန်စေးချိမှာ စိတ်ဝင်စားမှုကို ပြန်လည်ပယ်ဖျက်ရန် ကြိုးစားပစ်ခဲ့၏။

မည်သို့ပင်ဖြစ်စေ ရေခဲတောင်ခြေရှိ ချောက်ထဲ၌ ရေခဲတောင် နဂါးကြီးအား ဝမ်ပိုဝေက ယောကျ်ားကောင်းပီသစွာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်ခဲ့သည်ကို တွေ့မြင်ရချိန်မှာတော့ အကောင်းကြီးစိတ်၊ လေးစားစိတ်ကို ဖြစ်ခဲ့ရသာဖြစ်၏။

သို့ဖြစ်၍လည်း ယန်စေးချိက အင်အားကုန်ခန်းကာ မောပန်းနွမ်းနယ်နေသည့် ဝမ်ပိုဝေကို သတိပေးရုံသာ ဖွေးခကြွာ ထိုးပိတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်၏။

'အင်း....ဝမ်ပိုဝေက ရုပ်ရည် ချောမောသလောက် ရဲရင့်ပြီး ယောကျ်ားကောင်းတော့ တော်တော်ပီသတာပဲ။ ငါ ကလဲ့စားချေရမယ့် ဝမ်ကောလီရဲ့သားဖြစ်နေတာ သေးတာခုပဲ ဆိုးတာ'

ယန်စေးချီက မချင့်မရဲဖြင့် တီးတိုးရေရွတ်ပြောဆိုလိုက်ပြီးနောက် ခုတင်ပေါ်မှထကာ အစေခံ မိန်းမပျိုလေး သယ်လာပေးသည့် ကြက်ကြော်ကိုယူ၍ အားရပါးရပင် စားသောက်လိုက်သည်။

တောင်ကျွန်းတွင် ကြီးပြင်းလာခဲ့သောကြောင့် အစားအသောက် ကောင်းကောင်း မစားသောက်ခဲ့ရသည့် ယန်စေးချီမှာ ယခုတော့ အရသာထူးကဲပြီး အမျိုးအစားစုံလင်လှသည့် ပြည်မမှအစားအသောက်များကို နှစ်သက်ခုံမင် စွဲလမ်းနေပြီဖြစ်၏။

'အင်း....မြို့စားရဲ့ သားမက်လောင်း ဘဝနဲ့ပဲ နေရတာ ဘယ်ဇိမ်ရှိတာပဲ....ဒီအတိုင်း ဆယ်ရက်လောက်ဆက်ပြီး ဇိမ်ယူနေဖို့ကောင်းတယ်၊

ယန်စေးချီက ပကာမတော့ ထိုအတွေးမျိုးကိုမှင် တွေးလိုက်မိ၏၊ သို့သော် ထိုအချိန်မှာပင် မတောင်ကျွန်းဘွားဘွားယိဖေး၏ မျက်နှာကို မြင်ယောင်မိသည့်အခါ မှာတော့ ယန်စေးချီက ခေါင်းကိုညင်သာစွာခါယမ်းမိ၏။

'အင်း....မဖြစ်သေးပါဘူးလေ၊ ဘွားဘွားယိဖေးက ငါ့ကို ကျေနပ်မှာမဟုတ်ဘူး၊ သူ့ ခင်ပွန်းကို အမြန်ဆုံးကယ်ထုတ်ခဲ့ရမယ်လို့ ငါ့ကိုမှာထားတာ၊ ပြောမယ့်သာပြောရသည်



မရောလက်ဝါး ဘိုးဘိုးဖိဖန်က မြေအောက် အချုပ်ခန်းထဲမှာ ရှိမှရှိသေးရဲ့လား မပြောတတ်ဘူး'

ယန်စေးချီက ကြက်ကြော်ကို ဝါးရင်း ရောက်တတ်ရာရာများကို စဉ်းစားတွေးတောကြည့်နေမိ၏။

'အင်း... မတူးပါဘူး၊ ဒီကနေ့ နေ့လယ်သောက်ကျရင်တော့ မယောင်မလည်နဲ့ မြေအောက် အချုပ်ခန်းထဲ ကို ဆင်းကြည့်ဦးမှပဲ နယ်စားကြီး ငါ့ကိုမစစ်ဆေးရဘူးလို့ ပြောထားတာကြောင့် ပြဿနာ အခက်အခဲတော့ရှိမှာမဟုတ်ပါဘူး'

ယန်စေးချီက ကိုယ့်ဘာကိုယ်ကိန်းနှင့်ကိုယ် ကျေနပ်သွား၏၊ ဟုတ်တော့လည်းဟုတ်သည်။

ဘာကိုလိုနှင့် သူ နယ်စားကြီး လီဘူချင်၏ စံအိမ်တော်သို့ အထူးဧည့်သည်တော်အဖြစ် ရောက်ရှိနေခဲ့သည်မှာ ယခုနှပါဆို သုံးရက်ပင်ရှိသွားခဲ့ချေပြီ၊

စားလိုက်သောက်လိုက်နှင့် ဇိမ်ကျနေသောကြောင့် ယခုချိန်ထိ မြေအောက်အချုပ်ခန်းကိုပင် သူ တစ်ကြိမ်မျှ ဆင်း၍ မကြည့်ခဲ့ဖူးသေးချေ။

သို့ဖြစ်၍ ယန်စေးချီ က နေ့လယ်ခင်းလောက်ကို အရောက်မှာတော့ မြေအောက်အချုပ်ခန်းကို လှော့လာနဲ့ အခန်းထဲမှ ထွက်လာခဲ့၏၊

ဧည့်ခန်းဆောင်သို့အရောက်မှာတော့ နယ်စားကြီးနှင့်သွား တွေ့၏။

'ခြောက်....ချင်ဖုန်းပါလား မင်းဘယ်သွားမလို့လဲ၊ ငါက တရေးတမောအိပ်နေပြီတောင် မအောက်မေ့တာ'

'ကျွန်တော်အိပ်မရတာနဲ့ ထွက်လာတာပါ နယ်စားကြီး'

## ( ၄၂ )

'ဒါဆိုလဲ မြို့ထဲလျှောက်ကြည့်ချင်ကြည့်လေ၊ ဒါပေမယ့် နေ့ခင်းဖြစ်လို့ နေကတော့ နည်းနည်းပူမယ်၊ ပြီးတော့ လူလဲ လမ်းပေါ်မှာတော့ သိပ်တွေ့ရမှာ မဟုတ်ဘူး'

'ကျွန်တော် မြို့ထဲမထွက်တော့ပါဘူး နယ်စားကြီး၊ ညနေ စောင်းလောက်မှပဲ ထွက်ချင်ထွက်ဖြစ်ပါမယ်၊ ခုလာခဲ့တာ ဆယ်တော့ မြေအောက်အချုပ်ခန်းကို မရောက်ဖူးသေးလို့ သွားကြည့်မလားလို့'

ယန်စေးချိက တကယ်ပင် အပျင်းပြေ သွားကြည့်မည့်လူ တစ်ယောက်၏ လေသံမျိုးဖြင့် ပြောလိုက်ရာ နယ်စားကြီး လီဝူချင်ပင် သူ့ ပရိယာယ်ကို အဟုတ်ထင်မှတ်သွားပုံရသည်။

'ကြည့်....အေး....သွားကြည့်လေ၊ မင်းသွားချင်တဲ့နေရာကို သွားကြည့်လို့ရပါတယ်၊ မင်းကို ဘယ်သူမှ မဟန့်တားမစစ်ဆေးဖို့ စံအိမ်တော်မှာရှိတဲ့ ရဲမက်အားလုံးကို ငါမှာကြားထားပြီးပါပြီ'

'ကျေးဇူးတင်ပါတယ် နယ်စားကြီး'

'မလိုပါဘူးကွာ၊ အမှန်ဆို ငါကိုယ်တိုင်ခေါ်ပြီး လိုက်ပြသင့်တာ၊ ခုဟာက အခွန်တော် ငွေစာရင်းတွေ အချိန်မီ ပြန်စစ်ဖို့ ကျန်နေကြရှိသေးလို့'

'ဟာ....ရပါတယ် နယ်စားမင်း၊ ကျွန်တော်က လူစိမ်းတစ်ယောက်မှ မဟုတ်တဲဟာ၊ နယ်စားကြီး လုပ်စရာရှိတာ ကိုသာလုပ်ပါ၊ ကျွန်တော်တစ်ယောက်တည်းပဲ လျှောက်ကြည့်လိုက်ပါမယ်'

'အေး....ဒါဆိုလဲသွား....သွား'

'ဟုတ်ကဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး နယ်စားမင်း'

အကြံအစည်ရှိထားသော ယန့်စေးချိက လီဝူချင်အား ဆက်စကားဆိုပြီးသည်နှင့် မြေအောက်အချုပ်ခန်းရှိရာသို့ ထွက်ခွာ၍ လာခဲ့သည်။

'သခင်လေးပါလား၊ ဘာကူညီပေးရမလဲခင်ဗျာ'



သူ့ကိုမြင်သည်တွင် မြေအောက်အချုပ်ခန်းသို့ ဆင်းသည့် တံခါးပေါက်စောင့် ရဲမက်နှစ်ဦးက ဗျာဗျာသလဲဖြင့် ဆီးမေးလာသည်။

ယန့်စေးချိက ခပ်ပေါ့ပေါ့ပြုံးလိုက်ကာ....

'ဘာမှ ကူညီပေးစရာမလိုပါဘူး၊ ကျုပ်က မြေအောက်အချုပ်ခန်းကို တစ်ခါမှ မရောက်ဘူးသောကြောင့် စဉ်းစားမိတာ ဆင်းကြည့်မလို့ပါ'

'ကြော်... သခင်လေးက အချုပ်ခန်းတွေကို ဆင်းကြည့်မလို့လား'

'ဟုတ်တယ် နယ်စားကြီးကိုလဲ ကျုပ်ခွင့်တောင်းခဲ့ပြီးပါပြီ၊ သူက စာရင်းတွေပြစရာရှိလို့ မလိုက်သာတာပါ'

'ဟုတ်ကဲ့ သခင်လေး ဒီလောက်ထိ ရှင်းပြဖို့မလိုပါဘူးခင်ဗျာ၊ သခင်လေးကို ကျွန်တော်တို့ ယုံကြည်ပြီးသားပါ၊ ပြီးတော့ သခင်လေးကို ဘယ်နေရာမှာပဲတွေ့တွေ့ အစစ်အဆေးမလုပ်ရဘူးလို့လဲ နယ်စားကြီးက ကျွန်တော်တို့ကို မှာကြားထားပြီးသားပါ'

နှုတ်ဆက်ပုံရသော ရဲမက်က ပြုံးပြုံးရွှင်ရွှင်ပင် ပြန်ပြောရှာလာသည်။

ထို့ကြောင့် ယန့်စေးချိမှာ မပြုံးဘဲမနေနိုင်အောင် ဖြစ်သွားသည်။

ထိုစဉ်မှာပင် အဆိုပါရဲမက်က ပြောကောင်းကောင်းဖြင့် ဆက်ပြောလာသည်။

'သခင်လေးရဲ့ သတင်းကိုကြားပြီးကတည်းက ကျွန်တော်တို့က သူ့ရဲကောင်းတစ်ယောက်လို့ သတ်မှတ်ပြီး အရမ်းလေးစားနေတာ'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ရေခဲနဂါးကြီးကို ခေါင်းဖြတ်ပစ်ခဲ့တဲ့ကိစ္စကို ပြောတာပါ၊ ဒီကိစ္စက ယုံချင်စရာတောင် မကောင်းဘူး၊ ကျွန်တော်တို့သာဆိုရင် ကိုယ်ကမသက်နိုင်ခင် ဇာတ်သိမ်းသွားမှာ သေချာတယ်၊ သခင်လေးကတော့ တော်တော်ကို သိုင်းပညာစွမ်းထက်တာပဲနော်၊ ရေခဲနဂါးကြီးကို အနိုင်ယူသတ်ဖြတ်လိုက်တာတောင်မှ ကိုယ်ပေါ်မှာ ဘာဒဏ်ရာမှရမလာခဲ့ဘူး'

'ဒီလောက်ဆိုတော့ အသေးအဖွဲ့လောက်ပဲရှိပါတယ်လေ'

ယန်စေးချီမှာ ခပ်တည်တည် ပြန်ပြောလိုက်ရသော်လည်း ရယ်ချင်စိတ်ကို မနည်းပင် ချုပ်တီးထားရလေသည်။

ရေခဲနဂါးကို ခေါင်းဖြတ်ယူလာရာတွင် သူမက အဘယ်မှာလျှင် ဒဏ်ရာရပါမည်နည်း။

ဝမ်ပိုဝေ လက်ချက်ဖြင့် သေဆုံးနေပြီဖြစ်သော ရေခဲနဂါးကြီးကို သူမက ခေါင်းဖြတ်ယူခဲ့ခြင်းသာ မဟုတ်ပါလား။



အဖြစ်မှန်ကိုမသိဘဲ အရမ်းကာရော အထင်ကြီးနေသော ရဲမက်များကိုကြည့်ကာ ယန်စေးချီမှာ မရယ်မိအောင် ထိန်းထားခဲ့ရလေသည်။

'ကဲ....ကျွန်တော်အထဲကိုဆင်းကြည့်လို့ရပြီလား'

'ရပါတယ် သခင်လေး....သခင်လေး သိချင်တာ မေးလို့ရအောင် ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်....ခင်း ဒီမှာပဲစောင့်နေနော်'

'အေးပါကွ'

စကားများပုံရသည့် အဆိုပါရဲမက်က ဦးဆောင်၍ခေါ်သွားသည်နှင့် မြေအောက် အချုပ်ခန်းထဲသို့ ယန်စေးချီဆင်းလိုက်သွားခဲ့၏။

မြေအောက်အချုပ်ခန်းမှာ အဆောက်ပင်ဆောက်နိုင်ခန့်မျှ ကျောက်သားထစ်များမှာလည်း အချိုးအကွေ့များဖြင့် ပြုလုပ်တည်ဆောက်ထားသည်ကို တွေ့ရ၏။

မြေအောက်တွင် အချုပ်ခန်းအခတ်များများကို တွေ့ရပြီး ယင်းနေရာ၌ အစောင့်ရဲမက်လေးယောက်ကိုလည်း ယန်စေးချီ သတိမိတွေ့လိုက်ရပြန်၏။

ရဲမက်လေးယောက်က သူ့ကို မြင်လိုက်သည်နှင့် လေးစားသည့် အမူအရာများဖြင့် ဦးညွှတ်၍ အရိုအသေပေးကြသည်။

အချုပ်ခန်း၏အနေအထားနှင့် ရဲဘက်များ၏ အနေအထားတို့ကို ယန်စေးချိက အချိန်ကိုတိုအတွင်းမှာပင် အကဲခတ်လေ့လာကြည့်လိုက်၏။

အချုပ်ခန်းများရှေ့မှာ တဖြည်းဖြည်း ဖြတ်လျှောက်ရင်း ယန်စေးချိက တစ်ခန်းချင်းစီကို စေ့စေ့စပ်စပ်ကြည့်သွားခဲ့၏။

သူမ တွေ့မြင်လိုသူက ဘွားဘွားယိခဖေး၏ ခင်ပွန်း မရဏလက်ဝါး စီးဖန်ကိုသာလျှင်ဖြစ်၏။

မရဏလက်ဝါး စီးဖန်ကိုတော့ ယန်စေးချိ မမြင်ဖူးပါချေ။

သို့သော် တောင်ကျွန်းဘွားဘွားယိခဖေး၏ ခင်ပွန်းသည်ဖြစ်သည်ကို ထောက်ချ၍ အသက်အားဖြင့်မှစ်ဆယ်ကျော်မည့် အဘိုးအိုတစ်ယောက်ဖြစ်မည်ဆိုသည်လောက်တော့ သူမခန့်ဆမိ၏။

သို့ဖြစ်၍ ယန်စေးချိက ထောမှုရှင်းပြနေသည့် ရဲမက်၏ စကားများကို စိတ်မဝင်စားဘဲ အချုပ်ခန်းများကိုသာ တစ်ခန်းချင်း လျှောက်ကြည့်နေလိုက်၏။

သူမ တွေ့သမျှသော အချုပ်သားများမှာ အသက်ငယ်ရွယ်သူများဖြစ်၍ ယန်စေးချိ မှန်းချက်နှင့် နှပ်းထွက်မကိုက်ဘဲ ရှိနေ၏။



သို့ဖြင့် နောက်ဆုံးအစွန်ကျကျအချုပ်ခန်းတစ်ခုကို ရောက်သည့်အခါမှာတော့ ယန်စေးချိမှာ စိတ်လှုပ်ရှားခြင်းနှင့်အတူ ထိတ်ခနဲဝမ်းသာသွား၏။

အကြောင်းမှု အဆိုပါအချုပ်ခန်းထဲမှ အချုပ်သားမှာမူ ဆံပင်များဖြူဖွေးပြီး မျက်နှာပေါ် ဖရိုဖရဲကျလျက်ရှိသော အဘိုးအိုတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

တစ်ဆက်တည်းမှာပင် အဆိုပါအဘိုးအို၏ ခြေနှင့်လက်များကို သံကြိုးရှည်ကြီးများနှင့် ချည်နှောင်ထား၍ အဆိုပါ သံကြိုးစ တစ်ဖက်မှာ နံရံတွင် မြှုပ်ထားသောကြောင့်လည်း ယန်စေးချိ အံ့ဩသွား၏။

'ဟင်....သူ....သူက....'

ယန်စေးချိ၏ ခေါင်ချင်ဖုန်းက အချုပ်ခန်းသံတိုင်များကြားထဲမှ လက်ညှိုးထိုးမေးလိုက်ရာ စကားကြောရှည်သည့်ရဲမက်က....

'ကြော်....သူကလား၊ သူကလဲ အကျဉ်းသားတစ်ယောက်ပဲလေ၊ သူဒီထဲမှာ အချုပ်ခံနေရတာ တော်တော်ကြာပြီ၊ အဲ တော်တော်ကြာပြီဆို ကျွန်တော်တို့ မမွေးခင် ကတည်းကလို့ ကောင်ပြောလို့ရတယ်'

'ကြော်....နှစ်တွေက ဒီလောက်တောင် ကြာခဲ့ပြီလား'

'ဟုတ်တယ် သခင်လေး၊ ခု လက်ရှိနယ်စားကြီးရဲ့ အဖေ လက်ထက်ကတည်းကလို့ ပြောကြတာပဲ'

'ဒီလောက်နှစ်တွေကြာတာတောင် မလွတ်သေးဘူးလား'

ယန်စေးချီက သွေးကိုးစမ်းသ ပိုမျိုး မေးလိုက်ရာ ရဲမက် က အရေးကြီးသည့် လေသံမျိုးဖြင့်....

'သူ့ကိုလွှတ်ပေးလို့မှရဘူး သခင်လေးရဲ့၊ သူ့ကို လွှတ်ပေး လိုက်ရင် အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်'

'ဘာဖြစ်လို့လဲဗျ'

'သူက သိုင်းပညာစွမ်း ထက်မြက်သလောက် အင်မတန်မှ ရက်စက်ကြမ်းကြုတ်တဲ့ အနက်ရောင် ထိပ်တန်းသိုင်းပညာရှင် ကြီးတစ်ယောက်လို့ သိရတယ်၊ သူ့ရဲ့ခြေတွေလက်တွေကိုတောင် သံကြိုးနဲ့ချည်ထားရတယ်၊ တွေ့တယ်မဟုတ်လား သခင်လေးရဲ့'

'အင်း....တွေ့ပါတယ်၊ အဲဒါက....'

'အဲဒီလို ချည်မထားရင် သူလွတ်မြောက်သွားမှာ စိုးလို့ ပေါ့၊ သူကလွတ်မြောက်လို့ကိုမဖြစ်တဲ့ အနက်ရောင်သိုင်းပညာ ရှင်ကြီးတစ်ယောက်ပဲလေ'



'သူ့နာမည်က....'

'မရဏလက်ဝါး စီးဖန်တဲ့'

ထိုအမည်ကိုပင် ကြားရလိမ့်မည်ဟု မမျှော်လင့်ထားပြီး ဖြစ် သော်လည်း ယန်စေးချီက သေချာအောင် ထုတ်မေးကြည့် လိုက်ခြင်းဖြစ်သည်။

ယခုအခါမှာတော့ သူမ မျှော်လင့်ထားပြီးဖြစ်သော အမည် နာမတစ်ခုကိုပင် နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်၊ သူမ၏ ခင်ပွန်းအသက်ရှင်သန်လျက် ရှိနေဦးမည်ဆိုသော ဘွားဘွား ယိဖေး၏ကောက်ချက်စကားက မလွဲမချော်ကွက်တိပင် မှန်ကန် နေချေပြီ။

သူမကယ်တင်ရမည့်လူ သက်ရှိထင်ရှား ရှိနေသေးသည်ကို သိလိုက်ရ၍ ယန်စေးချီဝမ်းသာသွား၏။

ထို့နောက် သူမမျက်နှာပေါ်တွင် ဝမ်းသာအားရ ဖြစ်ဟန် များထင်ဟပ်မလာအောင် ယန်စေးချီက ဖုံးဖိထားလိုက်ရလေ သည်။

ပြီးမှ ဟန်မပျက်ပင်....

'ကြော်... ဒီအဘိုးကြီးက မရဏလက်ဝါးစီးဖန်တဲ့လား'

'သခင်လေး ကြားဖူးတယ်ထင်တယ်'

'ကြားဖူးသလိုလိုနဲ့ သိပ်ပြီး မသဲကွဲလှပါဘူးဗျာ၊ ကျုပ်တို့နဲ့ အသက်က အရမ်းကွာခြားလွန်းနေတယ်လေ၊ သူအချုပ်ထဲ အဖမ်းခံရတော့ ကျုပ်ကိုတောင် မွေးဦးမှာ မဟုတ်သေးဘူး'

'ဒါတော့မှန်တယ်၊ သခင်လေးက သိုင်းပညာစွမ်းသာ အရမ်းမြင့်နေတာ အသက်က ငယ်ငယ် ရှိသေးတာပဲဟာ'

'ဒါထက် သူ့ကို ထမင်းကျွေးတော့ရော'

ယန်စေးချီက သာမန်လူတစ်ယောက်ကဲ့ စပ်စုသည့် ပုံမျိုးဖြင့် မေးလိုက်ရာ ရဲမက်က....

'အင်း....ထမင်းကျွေးရင်တော့ ဒီသံတိုင်ကြားကပဲ ပန်းကန်ပေးပြီး ကျွေးရတာပဲ'

'ဒါနဲ့ ဒီအဘိုးကြီးရဲ့ ခြေချောသက်တွေမှာပါ သံကြိုးတွေ ချည်ထားတော့ သူတော်တော်နေရခက်မှာပေါ့နော်'

'သာမန်လူတစ်ယောက်ထက်စာရင်တော့ ကသိကအောက် ဖြစ်ကောင်းဖြစ်လိမ့်မယ် သခင်လေး၊ ဒါပေမယ့် ဒီလောက်ထိ ဒုက္ခရောက်လှတယ်လို့တော့ မထင်ပါဘူး၊ ဘာလို့လဲဆိုတော့



သံကြိုးတွေက အရှည်ကြီးတွေပဲလေ၊ သူ အချုပ်ခန်းထဲမှာ ကောင်းကောင်း လှုပ်ရှားသွားလာလို့ ရပါတယ်၊ ပြီးတော့ အိပ်လို့လဲ ရပါတယ်'

'ဒါဆိုရင် တော်သေးတာပေါ့'

'ဘာလဲ သခင်လေးက ဒီအဘိုးကြီးကို ကြည့်ပြီး ကရုဏာသက်သွားလို့လား'

ရဲမက်ကမေးလာသည်တွင် ယန်စေးချီက ပြုံးလျက်ခေါင်းကိုခါယမ်းပြလိုက်၏။

'ဟာ....ဒီလိုတော့လဲ မဟုတ်ပါဘူးဗျာ၊ လူတစ်ယောက် အနေနဲ့သာ ကိုယ်ချင်းစာ ကြည့်မိတာလောက်ပဲ ရှိပါတယ်၊ သူက အပြင်မှာနေရင် ဒုက္ခကောင်းကောင်းပေးမှာ ဆိုတော့ ဒီထဲမှာဖမ်းထားတာက အားလုံးအတွက် ပိုကောင်းတာပေါ့ မဟုတ်ဘူးလား'

'သခင်လေးက သဘောပေါက် လွယ်သားပဲ'

'ကဲ....ကျုပ်လဲ တော်တော်လေး လေ့လာပြီးသွားပြီ အပေါ်ကို ပြန်တက်ကြရအောင်လား'

'ကောင်းပြီ သခင်လေး'

ထိုနောက်မှာတော့ ယန်စေးချိုမှာ ရဲမက်နှင့်အတူ မြေအောက်အချုပ်ခန်းမှ လှေကားအတိုင်း ပြန်တက်လာခဲ့ကြလေသည်။

ပထမဆင့်တော့ အဆင်ပြေသွားခဲ့ချေပြီတည်း။

(၄၄)

ယန်စေးချိုမှာ အခန်းသို့ ပြန်ရောက်ပြီး စည်ကား အငြိမ်မနေနိုင်တော့ပါ၊ ဦးခေါင်းကို အသုပ်ပေး၍ လေးနက်စွာပင် စဉ်းစားတွေးတောကြည့်နေမိ၏။

သူမ၏ကျွေးပေခဲ့သော ရဲမက်၏စကားတစ်ခွန်းကတော့ တစ်ခြားမဟုတ်၊ မရဏာပက်ဝါး စီဖန်သော လွတ်မြောက်သွားခဲ့လျှင် အားလုံးဒုက္ခရောက်သွားလိမ့်မည် ဟူသောစကားပင်။

ထိုရဲမက်၏စကား အရဆိုလျှင် မရဏာပက်ဝါး စီးဖန် ဆိုသော ဘိုးဘိုးမှာ ကြောက်စရာကောင်းသော အနက်ရောင် သိုင်းသမားဆိုးကြီးဟု ယူဆလောက်စရာဖြစ်နေ၏။

တကယ်ပဲ ထိုမျှကြောက်စရာကောင်းသော သိုင်းပညာရှင်ကြီးပဲလား၊

ရဲမက်ကပဲ နားစွန် နားဖျား ကြားဖူးထားသည်များကို ပေါင်းစပ်ချဲ့ကား၍ ပြောဆိုလိုက်သည်လား၊

ယန်စေးချီဝေခွဲမရခဲ့ပါချေ၊ မည်သို့ပင်ဖြစ်စေ မရဏလက်ဝါး စီဖန်အား သူမ မကာယ်ထုတ်ခဲ့လျှင် ဖခင်ဖြစ်သူ ခြင်္သေ့နက်ယန်ဟူကျင်းနှင့် ဆရာဘွားဘွားယီဖေးတို့၏ ဒေါသများက သူမအပေါ် စုပြုံလာမည်ကိုလည်း စိုးရိမ်ရသည်၊

သို့ဖြစ်၍ နောင်လာနောင်ခါချေးဟု သဘောထားကာ ယန်စေးချီက မရဏလက်ဝါး စီးဖန်အား ကယ်တင်ပြီးထွက်ပြေးရန်သာ နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်၊

ထိုသို့ ဆုံးဖြတ်ချက်ချပြီးသည့် အခါမှာတော့ ယန်စေးချီမှာ အချိန်ဆိုင်းဖြုန်းရန် ဆန္ဒမရှိတော့ပါချေ၊

သို့ဖြစ်၍ ထိုနေ့ညဘက် သန်းခေါင်ကျော်ကျော်အချိန်ကိုရောက်သည်နှင့်ဝတ်စုံနက်ကိုလဲဝတ်၍ မျက်နှာကိုလည်းအဝတ်နက်ဖြင့် စည်း၍နှောင်ဖုံးကွယ်လိုက်သည်၊



ယခုဆိုလျှင် သူ၏ မျက်လုံးနှစ်လုံးကိုသာ တွေ့မြင်ရမည်ဖြစ်၍ ရဲမက်များ မျက်နှာချင်း ဆိုင်တွေ့ခဲ့ဦး မှတ်မိရန်မလွယ်ကူချေ၊

ထို့နောက် ယန်စေးချီက စံအိမ်တော်ထဲမှ အပြင်ကိုလွယ်လင့်တကူထွက်ခဲ့သည်၊ ယန်စေးချီမှာ ကိုယ်ဖော့ပညာအဆင့်မြင့်မားသူတစ်ယောက်ဖြစ်၍ စံအိမ်တော်ထဲမှအပြင်သို့ရောက်ရန်မှာ ထူးထူးခြားခြား အခက်အခဲမရှိခဲ့ပါချေ၊

နောက်တော့ ယန်စေးချီက မြေအောက် အချုပ်ခန်းသို့ဆင်းသည့်လှေကားနားကို လျင်မြန်စွာပင် ချဉ်းကပ်လာလေသည်၊

'ဟင်'

'ဟိုက်'

ထိုနေရာတွင် အစောင့်ရဲမက်နှစ်ယောက် ရှိသော်လည်း လှုပ်ရှားမှုခြင်း ကွာခြားသည်ဖြစ်၍ သူ့ကိုတွေ့ပြီး အာမှမလှုပ်ရှားနိုင်သေးခင်မှာပင် ယန်စေးချီက နှစ်ယောက်စလုံး၏ မေ့ကြောများကို ကျင်လည်စွာထိုးပိတ်လိုက်ရာ နှစ်ယောက်စလုံးမှာမေ့မြောခွေလဲကျသွား၏၊

နေ့လည်ခင်းက စကားကြောရှည်ခဲ့သော ရဲမက်မှာ ယခုတော့ စကားပြောချိန်ပင်မရတော့ဘဲ ဖြစ်သွားသည်၊

ပြီးလျှင် အစစအရာရာ ကြိုတင်စဉ်းစား ထားပြီးဖြစ်သော ယန်စေးချိက ရဲမက်တစ်ယောက်၏ခေါင်းမှ ခေသူ့တော် ကို ယူ၍ ဘတ်ခေါင်းကိုဖွင့်လိုက်၏။

ပြီးလျှင် မြေအောက်အချုပ်ခန်းထဲသို့ သတိဖြင့်ဆင်းသွား ခဲ့၏။

နေ့လည်က သောချာစွာမှတ်ထားထားပြီး ဖြစ်သဖြင့် ယခုမြင်နိုင်ရုံလောက်လည်း မီးအိမ်ကြီးများချိတ်ဆွဲထားသောကြောင့် မည်သည့်ပြဿနာမှမရှိဘဲ မြေအောက် အချုပ်ခန်းသို့ ယန်စေးချိ ရောက်ရှိသွား၏။

မြေအောက် အချုပ်ခန်း၏ စင်္ကြံလမ်းလည်း မီးအိမ်များ ထွန်းထား၍ လင်းလင်းချင်းချင်းပင် ရှိနေသည်။

တိုနေရာတွင်လည်း အစောင့်ရဲမက်လေးယောက် ထား နေ့လည်ကကဲ့သို့ပင် ယန်စေးချိ တွေ့လိုက်၏။

ထိုရဲမက်များမှာလည်း ယခုလို အချိန်မျိုးတွင် ရန်သူက ရောက်လာမည်မဟုတ်ဟု မှတ်ယူထား၍ အေးအေးဆေးဆေး ရပ်ရှိနေကြရာ ထိုလေးယောက်ကို ယန်စေးချိက သတိဦးမှု မယူပြီး သွေးကြောတိုးပိတ်နိုင်ခဲ့ပြန်သည်။

'တိတ်'



သို့သော် ကျန်နှစ်ယောက်ကမူ သူ့ကို တွေ့မြင်သွားပြီး ဓားများကို ကိုင်မြှောက်ပြီး ပြေးဝင် တိုက်ခိုက်လာကြလေသည်။

'ကျွား'

'ယား'

အချုပ်ခန်းစောင့် ရဲမက်များ၏ သိုင်းပညာမှာ သာမန် အဆင့်မျှသာရှိသောကြောင့် ယန်စေးချိက ပြုံးပြုံးလိုက်ပါ သည်။

ပြီးမှ တစ်ယောက်၏ ဓားချက်ကိုရှောင်ပြီး ညာခြေဖြင့် ဝမ်းဗိုက်ကို ပတ်ကန်လိုက်ရာ....

'ဝုန်း'

'အင့်'

'ချလွမ်'

ထိုရဲမက်မှာ ကန်ချက်ကြောင့်လွင့်စဉ်ပြီး နံရံနှင့် သွားပြီး ဆောင့်၏။

ကျန်တစ်ယောက်က ဓါးလယ်ကို ဖြတ်သိမ်း တိုက်ခိုက်လာသည်တွင် ယန်စေးချိက လွှားခနဲခုန်ထွက်ပေးလိုက်၏။

ပြီးမှ ထိုရဲမက်က ပြန်လှည့်လာသည်တွင် ရင်ဝကို လက်ဝါးဖြင့်ကပ်ရိုက်ချလိုက်၏။

'ဂုန်း'

'အ့'

ရဲမက်နှစ်ယောက်ကား နေရာမှ ပြန်ထ မလာနိုင်ကြတော့ချေ။

သူမ၏လက်ချက်ဖြင့် သတိမေ့သွားကြ၏။

သည်တော့မှ ယန်စေးချိက ရဲမက်တစ်ယောက်ထံမှသော့တွဲကိုယူကာ အစွန်ဆုံးအခန်းကို ပြေးသွားပြီး သော့ဖွင့်ကာ အချုပ်ခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲမှ မရဏလက်ဝါးစီးဖန်ဆိုသော အဘိုးအိုကား အိပ်၍ပင်မပျော်သေးသည်လော့၊ သို့တည်းမဟုတ် စောစောက အသံဗလံများကြောင့် နိုးသွားလေသည်လားမပြောတတ်၊ မီးအိမ်အခန်းထောင့်တွင် ထိုင်၍နေသည်ကို ခပ်လှမ်းလှမ်းမှ အလင်းရောင်ဖြင့် ယန်စေးချိ တွေ့မြင်ရ၏။



'ဘိုးဘိုးက မရဏလက်ဝါး ဘိုးဘိုးစီးဖန်ဟုတ်ပါသလားရှင်'

စွန့်စားကယ်တင်ပြီးကာမှလူမှားပြီးကယ်မိသွားမည့်အဖြစ်မျိုးကိုမလိုလားသောကြောင့် ယန်စေးချိက သေချာအောင်ဦးစွာ မေးလိုက်သည်။

ထိုအခါ အဘိုးအိုထံမှ အထက်အကျမရှိသော အေးစက်သည့် စကားသံကို ပထမဆုံးအကြိမ်အဖြစ် စတင်ကြားလိုက်ရ၏။

'မင်းက ဘယ်သူလဲ'

ထိုသို့မေးလာမှပင် ယန်စေးချိက မျက်နှာပေါ်မှ အဝတ်စကို ဆွဲဖယ်လိုက်ကာ ပင်ကိုယ်အသံဖြင့် ပြန်ပြောလိုက်လေသည်။

'ကျွန်မက ယန်စေးချိပါ ဘိုးဘိုး'

'ယန်စေးချိ...'

'ဟုတ်ပါတယ်၊ ဘိုးဘိုးကိုလာကယ်တာပါ'

'ငါ့ကိုလာကယ်တာ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မကို ဘွားဘွားယီဖေးက တာဝန်ပေးလိုက်လို့ပါ'

ယိုဖေးဟုခေါ်သော အမည်ကို ကြားလိုက်ရသည်တွင် မရဏ လက်ဝါး စီးဖန်က နေရာမှ သူမရှိရာဆီသို့ လျှောက်လိုက်လာ သည်။

'အော်....မင်းက ယိုဖေးလွှတ်လိုက်တာကိုး'

'ဟုတ်ပါတယ်ဘိုးဘိုး၊ ကျွန်မက ခြသေ့နက်ယန်ဟွာကျွင်းရဲ့ သမီးပါ၊ ဘွားဘွားယိုဖေးက ကျွန်မရဲ့ဆရာ ဘွားဘွားလို့ ပြောလို့ရပါတယ်'

ယန်စေးချီက ရှင်းပြရင်းမှပင် ရဲမက်များထံမှ ရယူခဲ့သည့် သော့များနှင့် မရဏလက်ဝါး ဘိုးဘိုးစီးဖန်၏ ခြေနှင့်လက် ထိပ်များကို ဖွင့်ပေးလိုက်၏။

အချုပ်အနှောင်အားလုံး ကင်းမဲ့သွားသည်တွင် စီးဖန်က ကျေနပ်သလိုမျိုးပြုံး၏။

'အင်း....နှစ်ပေါင်းလေးဆယ် ဝန်းကျင်လောက် မလွှတ် မလပ်နေလာရတာ ဒီနေ့မှပဲ ဒီဂင့်ကွက်ကျွတ်ရတော့တယ်'

'ဒါတွေနောက်မှပြောပါ ဘိုးဘိုး၊ လောလောဆယ်မှာ ကျွန်မတို့ ဒီကနေ အမြန်ဆုံးလွတ်မြောက်အောင် ထွက်ပြေး သွားဖို့ကသာ ပိုအရေးကြီးနေပါတယ်၊ အကယ်၍ အခြား ရဲမက်တွေသိသွားပြီး တံခါးပိတ်လိုက်မယ်ဆိုရင် ကျွန်မတို့ ပိတ်မိသွားလိမ့်မယ်'



'အေး....မင်းပြောတာလဲဟုတ်တာပဲ၊ ကဲ....ဒါဆိုပြန်ထွက် ကြစို့'

'ဟုတ်ကဲ့ ဘိုးဘိုး'

ထို့နောက်တွင် ယန်စေးချီနှင့် မရဏလက်ဝါးစီးဖန်တို့ က မြေအောက်အချုပ်ခန်းထဲမှ လျှင်မြန်စွာပင် ပြန်တက်လာ ခဲ့ကြ၏။

အပြင်သို့ရောက်သည်တွင် သွေးကြောပိတ်ခံထားရသော ရဲမက်နှစ်ဦးမှာ လှုပ်ရှားမလာကြသေးချေ။

ယန်စေးချီကား စီးဖန်တော်၏အနေအထားကို မသိရှာ ရှာ မှုလ လာထားပြီးဖြစ်၍ ရဲမက်များကို ရှောင်ကွင်းကာ နောက်ဖေးတံခါးပေါက်သို့ ဦးတည်ထွက်လာခဲ့၏။

'ဟိုမှာ ရဲမက်နှစ်ယောက်ရှိတယ် ဘိုးဘိုးအသာနေ ကျွန်မ ပဲ သွေးကြောပိတ်လိုက်ပါ့မယ်'

ယန်စေးချီက ပြောပြောဆိုဆိုဖြင့်ပင် ရဲမက်များအနားသို့ လှစ်ခနဲပြေးသွားကာ သွေးကြော ဆို့ပိတ်ပစ်လိုက်လေ သည်။

ရဲမက်နှစ်ဦးစလုံးမှာ သူတို့ကို ဘယ်သူဘယ်ဝါ တိုက်ခိုက် လိုက်မှန်းပင် သိလိုက်ပုံမရချေ။

နေရာကွင်းပင် လဲကျမှေးမြောသွားကြ၏။

သည်တော့မှ ယန်စေးချိနှင့် စီးဖန်တို့က မြင်းမားခေသာ အုတ်ခြံစည်းရိုးကြီးကို ကိုယ်ဖော့ပညာသုံး၍ ခုန်ကျော်ထွက်သွားလိုက်၏။

နောက်တော့ အမှောင်ထုထဲသို့ နှစ်ယောက်သား ဆက်လက်ပြေးဝင်ကာ မြို့ပြင်ရောက်အောင် ပြေးထွက်ခဲ့ကြလေသည်။

* * *

## (၃၄)

ဝမ်ပိုဝေမှာ ရေခဲနဂါးကြီး၏အစွမ်းကြောင့်အတွင်းအားမြင့်မားသွားရာ သူ လေ့ကျင့်တတ်မြောက်ထားသည့် ခုနစ်ဆင့်လက်ဝါး သိုင်းပညာမှာလည်း လွန်စွာမှပင် အဆင့်မြင့်မားသွားခဲ့၏။

သူ၏လက်ရှိအနေအထားမှာ ထိပ်တန်းသိုင်းပညာရှင်များကို ကောင်းစွာ ရင်ဆိုင်နိုင်လောက်ပြီဟု ယူဆသောကြောင့် ဝမ်ပိုဝေက ရန်သူများနှင့် မတိုက်ခိုက်ခင် ဖခင်နှင့်တွေ့ရန် ယဲ့ဖူးမြို့ကို ပြန်လာခဲ့၏။

သို့သော် ယဲ့ဖူးတွင် ဖခင်ဖြစ်သူကို မတွေ့ရပေ၊ သူနေအိမ်မှ ထွက်ခွာသွားပြီးနောက်တွင် ပျောက်သွားသည်ဟုသိရသော

ကြောင့် ဝမ်ပိုဝေမှာ ဖခင်ဖြစ်သူကိုရှာဖွေရင်း ခြသေ့်နက်ဂိုဏ်းကိုလည်း စုံစမ်းမည်ဟူသော ရည်ရွယ်ချက်နှင့် ယဲ့ဖူးမှ မြန်မာပြည် ထွက်ခွာလာခဲ့၏။

ဖြစ်ချင်တော့ ယဲ့ဖူးမှထွက်လာပြီး နောက်တစ်ရက်မှာပင် သူတွေ့ချင်နေသည့် ခြသေ့်နက်ဂိုဏ်းနှင့် မမျှော်လင့်ဘဲရင်ဆိုင်တိုးခဲ့၏။

ဖြစ်ချင်တော့ ခြသေ့်နက်ဂိုဏ်းမှာ ကုန်သည်တစ်စုကို တိုက်ခိုက် လုယက်နေစဉ် သူရောက်ရှိသွားခြင်းဖြစ်၏။

သို့ဖြစ်၍ ထိပ်တန်းအဆင့်ကို ရောက်ရှိနေပြီဖြစ်သည့် ဝမ်ပိုဝေက နှုတ်နှင့်ပင် ဟန့်တားမနေတော့ချေ။

လွှားခနဲ ခုန်ဝင်သွားရင်း လေထဲတွင် ခြေကန်ချက်များ ဆင့်ထုတ်လိုက်ရာ ဝတ်စုံနက်ဝတ်ထားသည့် ရန်သူများအားလုံး ခဏချင်းမှာပင် လွင့်စဉ်လဲကျကုန်၏။

'ဟင်....'

ထိုအခါမှပင် ကုန်ပစ္စည်းများကို လုယူရန်သာ ဆန္ဒပြင်းပြနေသည့် ဝတ်စုံနက်များမှာ ပြူးပြူးပျာပျာနှင့် သူ့ဆီကို အာရုံကျရောက်လာကြ၏။

'မင်းဘယ်သူလဲ'

ဝတ်စုံနက်ထဲမှ ခေါင်းဆောင်ဖြစ်ပုံရသည့်လူကြီးက သူ့ကို ကြည့်၍ မကျေမချမ်းနှင့် မေးလာသည်။



ထို့ကြောင့် ဝမ်ပိုဝေက ပြုံးရင်းမှပင်....

'ကျုပ်က ပျံလွှားဓား ဝမ်ကောလီရဲ့သား ဝမ်ပိုဝေပဲ'

'အော်....မင်းက ဝမ်ကောလီရဲ့သားကိုး'

'ဟုတ်တယ်....ခင်ဗျားတို့ကရော'

'ငါက ခြသေ့်နက်ဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ် ကျူးလိုပဲ'

'ခြသေ့်နက်ဂိုဏ်း'

ဝမ်ပိုဝေမှာ ခြသေ့်နက်ဂိုဏ်းဟူသော အမည်နာမကြောင့် အံ့ဩမှုနှင့် အထူးဝမ်းသာသွား၏။

ခြသေ့်နက်ဂိုဏ်းချုပ် ယန်ဟူကျင်းကို သူက ဖခင်အတွက် လက်တုံ့ပြန် ရန်ကြေးဆပ်ရန်ရှိနေသည် မဟုတ်ပါလား။

'ဟုတ်တယ် ဘာလဲ ခြသေ့်နက်ဂိုဏ်းလို့ သိရတာကြောင့် မင်းကြောက်သွားပြီမဟုတ်လား'

'ဝေးလိုက်တာဗျာ ကျုပ်က ခင်ဗျားတို့ဂိုဏ်းချုပ် ယန်ဟူကျင်းနဲ့ကိုတွေ့ချင်နေတာဗျ'

'ဘာလုပ်မလို့လဲ'

'တွေ့ရင် မှတ်လောက် သားလောက်အောင် ပညာပေးမလို့ပေါ့'

အသက်နှစ်ဆယ်ဝန်းကျင်ခန့်မျှသာရှိသော သူ့လိုလူရွယ်တစ်ယောက်က ခြသေ့်နက်ယန်ဟူ ကျင်း ကို ပညာပေးသည်ဟု ပြောလိုက်သောကြောင့် လက်ထောက်ဂိုဏ်းချုပ် ကျူးလံ မကျေမချမ်းဖြစ်သွားရသည်။

'ဟောက်...မင်းလို မလောက်လေးမလောက်စားကောင်ကများ ဂိုဏ်းချုပ်ကို ပညာပေးမလို့တဲ့ ဟော့ကောင်တွေ ဒီလောက်တောင် စကားပြောကြီးလှတဲ့ကောင်ကို အပိုင်းပိုင်းဖြစ်သွားအောင် လုပ်လိုက်ကြစမ်း'

လက်ထောက်ဂိုဏ်းချုပ် ကျူးလံ၏ အမိန့်ပေးသံအဆုံးမှာတော့ ဆယ်ယောက်ကျော်ကျော်ခန့်မျှရှိသော ခြသေ့်နက်ဂိုဏ်းသားများမှာ မာန်သွင်းသံပြုလျက် လက်နက်ကိုယ်စီဖြင့် သူ့ကိုပြေးဝင်တိုက်ခိုက်လာကြလေ၏။

'ကျား...'

'ယား...'

ယခုအချိန်တွင် ဝမ်ပိုဝေမှာ ရေခဲနဂါးကြီး၏ အသည်းစားထားသောကြောင့် အတွင်းအားတွင် မြင့်မားနက်ရှိုင်းနေပြီဖြစ်၏။

ထို့ပြင် ရှောင်လင်ဂိုဏ်းချုပ် ဆရာတော် တောက်ထယ်ကျင်းထံမှ ခုနစ်ဆင့်လက်ဝါးသိုင်းပညာကိုလည်း သင်ယူထားပြီးဖြစ်ရာ ခြသေ့်နက်ဂိုဏ်းသားများနှင့် နှိုင်းယှဉ်လျှင် အဆင့်ချင်းက မိုးနှင့်မြေပမာ ကွာခြားချနေပြီ ဖြစ်သည်။



အကယ်၍ သူသာအတွင်းအားကို အကုန်ထုတ်၍ တိုက်ခိုက်လိုက်လျှင် ဝယ်စုံနက်များ အကုန်လုံးကျိုးကြေသေဆုံးသွားမည်မှာ အသေအချာပင်ဖြစ်၏။

ထို့ကြောင့် ဝမ်ပိုဝေက အတွင်းအားကို အကုန်မထည့်ဘဲ အနည်းငယ်မျှသာထည့်ကာ တုံ့ပြန် တိုက်ခိုက်လိုက်သည်။

'ရော့....'

'ဝုမ်း....'

'ဝုန်း....'

'အင့်...'

သို့တိုင် လက်ဝါးချက်နှင့် ခြေကန်ချက် အထိခံလိုက်ရသော ခြသေ့်ဂိုဏ်းသားများမှာ- သက်သာလှသည်တော့မဟုတ်။

မြေပြင်ပေါ်သို့ လွင့်စဉ်လဲကျသွားပြီးသည်တွင် အချို့မှာ သတိလစ်မေ့မြောကုန်ကြသလို အချို့မှာမူ ပြန်မထနိုင်တော့ဘဲ ရှုံ့မဲ့ညည်းညူနေကြရလေသည်။

သို့ဖြစ်၍ သိုင်းပညာနှင့်အတွင်းအား မြင့်မားလွန်းသော သူ့ကိုကြည့်ကာ ခြသေ့်ဂိုဏ်းသားများ သိသိသာသာ ပြန်ရှုံ့ကုန်ကြ၏။

'ဘယ်လိုလဲ ကျူးလံ ခင်ဗျားတပည့်တွေက ကျုပ်ကို အပိုင်းပိုင်းဖြစ်အောင်လဲ မလုပ်နိုင်ပါလား'

'အေး ဝါဆို မင်းကိုငါကိုယ်တိုင်ပဲ ငရဲပို့ပေးတော့မယ်ကွ'

'စမ်းကြည့်ပေါ့ဗျာ'

လက်ရှိသိုင်းပညာဖြင့်ဆိုလျှင် ခြသေ့်နက်ဂိုဏ်းချုပ်ယန့်ဟုကျင်းကိုပင် မှုစရာမလိုဟု သဘောပေါက်ထားပြီးဖြစ်၍ ဝမ်ပိုဝေက လက်ထောက်ဂိုဏ်းချုပ် ကျူးလိကို အပြုံးမပျက်ပင် ရင်ဆိုင်လိုက်ပါသည်။

'ဝှစ်....'

တကယ်တော့ လက်ထောက်ဂိုဏ်းချုပ် ကျူးလိ၏ သိုင်းပညာအဆင့်ကား မဆိုးလှချေ။

ပေါ့ပါးလျှင်မြန်ပြီး သိုင်းလောက အတွေ့အကြုံလည်း ရင့်ကျက်ကြွယ်ဝသူဟု ဝမ်ပိုဝေအကဲခတ်မိသည်။

သို့သော် အတွေ့အကြုံ ကြွယ်ဝသူက အနိုင်ရရှိသည် ဆိုခြင်းမှာ သိုင်းပညာချင်းမကွာခြားသူချင်း ယှဉ်ပြိုင်သည့်အခါကျမှသာ မှန်ပေလိမ့်မည်။

ယခုမူ ဝမ်ပိုဝေ၏သိုင်းပညာနှင့် အတွင်းအားကထိပ်တန်းအဆင့်တွင်ရှိသောကြောင့် အတွေ့အကြုံနည်းပါးသူပင် ဖြစ်လင့်ကစား၊ ကြောင်ကကြွက်ကို မှုသလိုပင် အပြုံးမပျက် ရင်ဆိုင်နိုင်ခဲ့၏။

'ဝှစ်....'



ရင်ဝဆီသို့ ကန့်လန့်ဖြတ်ကျရောက်လာသော ဓားချက်ကို ဝမ်ပိုဝေက ညာခြေထောက်နောက်ဘက်လှမ်းဆုတ်၍ တိမ်းရှောင်ပေးလိုက်၏။

ပြီးမှ ကျူးလိ၏ရင်ဝကို ဘယ်လက်ဖြင့် တိကျစွာ ရိုက်ချလိုက်သည်။

'ဝုန်း....'

'အွန့်....'

ရိပ်ခနဲကျရောက်လာသော လက်ဝါးချက်ကိုမြင်၍ ကျူးလိက ကပျာကယာတော့ တိမ်းရှောင်ပေးသေးသည်။

သို့သော် လုံးဝလွတ်ကင်းအောင်မရှောင်နိုင်ဘဲ ဝမ်ပိုဝေ၏ဘယ်ဘက်လက်ဝါးရိုက်ချက်က ပခုံးစွန်းကို ထိသွားသည်တွင် ကျူးလိဝမ်တစ်ဖောက် မြေပြင်ပေါ်သို့အရှိန်ဖြင့် လွင့်စဉ်ပြုတ်ကျသွား၏။

'ဝုန်း....'

သိုင်းကွက်တစ်ကွက်တည်းဖြင့် အေးဆေး သက်သာစွာ အနိုင်ယူပြလိုက်သောသူ့ကို ခြသေ့်နက်လက်ထောက် ဂိုဏ်းချုပ် ကျူးလိ အံ့သြတုန်လှုပ်သွားပုံရသည်။

နောက်ခဏာ နေရာမှ လူးလဲထ ပြီးလျှင် သူ့လူများကို လက်ပြကာ ထိုနေရာမှလျှင်မြန်စွာပင် ပြေးထွက်သွားလေတော့သည်။

လဲကျနေသောဝတ်စုံနက်များထဲမှ သတိမေ့သူများမှလွဲ၍ ကျန်သူများမှာလည်း လူးလဲထကာ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြသည်။

ဒါသည်ပင်လျှင် ဝမ်ပိုဝေ၏ ပထမဆုံးသောအောင်ပွဲဟုဆို ရချေမည်မဟုတ်ပါလား။



ဝမ်ပိုဝေမှာ ခြင်္သေ့နက်ဂိုဏ်းကို ပညာပေး ဆုံးမလိုက်သော သတင်းကား ကုန်သည်များမှတစ်ဆင့် အတော်ပင်ပျံ့နှံ့ ကျော်ကြား၍ သွားသည်။

သို့ဖြစ်ရာ ဖခင်ဖြစ်သူ ပျံလွှားဓားဝမ်ခေါ့လီနှင့် မဆုံရသေးသော်လည်း ထိုသတင်းကို ဖခင်ဖြစ်သူ ကြားသိရပါက သူ့အတွက် ဝမ်းသာအားရဖြစ်သွားလိမ့်မည်ဟု ဝမ်ပိုဝေ ယုံကြည်မိလေသည်။

သို့ဖြင့် ခရီးဆက်ထွက်လာခဲ့သောဝမ်ပိုဝေမှာ အဖြူရောင်သိုင်းပညာရှင်ကောင်းတစ်ယောက် ပီသစွာပင် မကောင်းသူဖယ် ကောင်းသူကယ်၍ မတရားမှုများကို တတ်နိုင်သလောက် ကူညီဖြေရှင်းပေးခဲ့လေသည်။

ထိုသို့ခရီးဆက်လာရင်းမှ ဇင်ကြူမြို့လေးကို အရောက်မှာတော့ မတရားမှုတစ်ခုကို ပက်ပင်းသွားတိုးခဲ့ပြန်လေသည်။

ယင်းကား မိန်းမပျိုလေးတစ်ယောက်ကို လူလေးယောက်က ဆွဲလားရမ်းလား လုပ်နေကြသော မြင်ကွင်းပင်ဖြစ်သည်။

'ဟေ့ လူတွေ ရပ်လိုက်ကြစမ်း'

ဝမ်ပိုဝေက အတွင်းအားပါသောလေသံဖြင့် ဟန့်တားလိုက်ရာ ထိုလူလေးယောက်စလုံး တွန့်ခနဲဖြစ်သွားကြသည်။

ထိုအခါ မိန်းမပျိုလေးက သူ့နားကို ကြောက်လန့်တကြား ပြေးလို့လာပြီး....

'ကျွန်မကိုကူညီပါရှင်၊ သူတို့ ကျွန်မကိုဒုက္ခပေးမလို့'

'စိတ်ချပါဗျာ၊ ကျုပ်ရောက်လာပြီပဲ၊ သူတို့ခင်ဗျားကိုဘယ်လိုမှ ဒုက္ခမပေးနိုင်တော့ပါဘူး'

'အမယ် မင်းကများသူရဲကောင်းကြီးကျလို့'

'ခင်ဗျားတို့ ဒီနေရာကနေ အမြန်ဆုံးထွက်သွားရင်ကောင်းမယ်ထင်တယ်'

'အပိုတွေမပြောနဲ့၊ မင်းကို မှတ်လောက်အောင် ဆုံးမမယ်ကွ'

ပြောပြီး ထိုလူလေးယောက်က သူ့ကို ပရမ်းပတာဖြင့် ဝင်ရောက်တိုက်ခိုက်လာကြသည်။ တကယ်တော့ ထိုသူလေးယောက်မှာ ကျောက်ဆောင်ကို ခေါင်းနှင့်ပြေးဝင်ဆောင့်သူများနှင့် အလားသဏ္ဍာန် တူညီ၍နေလေသည်။

သူတို့ရင်ဆိုင်ရသူမှာ သိုင်းပညာစွမ်း မြင့်မားလှသော သိပ်တန်း သိုင်းပညာရှင်တစ်ယောက်ဟု တွက်ဆမိပုံမရပါချေ။

မည်သို့ပင်ဖြစ်စေ ဤလူလေးယောက်မှာ ဒုစရိုက်သမားများ မဟုတ်ဘဲ သာမန်မြို့ခံ လူမိုက်များသာဖြစ်သည်ဟု ဝမ်ပိုဝေ တွက်ဆမိပြီးဖြစ်သည်။



သို့ဖြစ်၍ ဝမ်ပိုဝေက ပြင်းထန်စွာ ဒဏ်ရာရအောင် တိုက်ခိုက်ဖို့ပင် စိတ်မကူးခဲ့ပါချေ။

'ဖော့'

'ဖြောင်း'

'ဝုန်း'

'အား....အိုး'

အကျင်းအားမပါလှသော ခြေကန်ချက် လက်သီးများအသုံးပြုကာ တုံ့ပြန်လိုက်သည်နှင့်ပင် သိုင်းပညာ ဟုတ်တိပတ်တိမတတ်သော မိုက်ရူးရဲ လေးယောက်မှာ မြေပြင်ပေါ်ကို လွင့်စဉ်လဲကျကုန်၏။

သည်တော့မှ ဝမ်ပိုဝေက အေးစက်သောအသံဖြင့် တစ်လုံးချင်း ပြောလိုက်၏။

'ဒါက ခင်ဗျားတို့ကို သက်ညှာလိုက်တာနော်၊ ဒါကိုမှ ထွက်မသွားကြသေးဘူးဆိုရင်တော့ ကျုပ်စိတ်မရှည် ဖြစ်သွားလိမ့်မယ်'

ထိုစကားက အမှန်ပင်ထိရောက်လှပါ၏၊ ပင်ကိုယ်တော်ခံ သတ္တိကောင်းသည့်မဟုတ်ဘဲ မိုက်ရူးရဲဆန်ဆန်ဗိုလ်ကျနေသော မြို့ခံလူမိုက်လေးယောက်မှာ သူ့စကားဆုံးသည်တွင် ကြောက်လန့်တကြားဖြင့် လမ်းအတိုင်း ထွက်ပြေးသွားကြလေတော့သည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ အကယ်၍ ရှင်သာရောက်မလာရင် ကျွန်မတော့ မလွယ်ဘူး'

ဝတ်စုံပြာလေးဝတ်ဆင်ထားသော မိန်းမလှလေးက အပြုံးချိုချိုဖြင့် သူ့ကိုကျေးဇူးတင်စကားပြောလာ၏။

ထိုအခါကျမှပင် အပြာနုရောင် ဝတ်စုံလေးကို ဝတ်ဆင်ထားသည့်မိန်းမပျိုလေးကို ဝမ်ပိုဝေအသေအချာ ကြည့်လိုက်မိ၏။

သာမန် အဝတ်အစားများကို ဝတ်ဆင်ထားလင့်ကစား မိန်းမလှလေးမှာ မိန်းမသားချင်းပင် မနာလိုဝန်တိုစိတ် ဖြစ်ပေါ်နိုင်လောက်အောင် ချောမော လှပချိုနေသည်ကို တွေ့လိုက်ရ၏။

အသက်အားဖြင့် နှစ်ဆယ်ဝန်းကျင်ခန့်မျှဖြစ်၍သူနှင့် ကွာခြားမည်မဟုတ်ချေ၊ ထိုမျှလှပချောမောနေသောကြောင့် မြို့လူမိုက်များဆွဲလားရမ်းလားလုပ်ကြခြင်းမှာ ပြောမည်ဆိုလျှင် အံ့သြစရာတော့ မဟုတ်ချေ။

'ရပါတယ်ဗျာ ကိစ္စမရှိပါဘူး၊ ကြုံကြိုက်လို့ ကူညီရတာပဲ'

'ဒါတော့ ဒါပေါ့ရှင်၊ ဒါနဲ့ ရှင့်ကိုကြည့်ရတာ သိုင်းပညာရှင်တစ်ယောက် ထင်တယ်'

'ဟုတ်ပါတယ်'



'ဝမ်းသာလိုက်တာရှင် ကျွန်မကိုယ်တိုင် သိုင်းပညာမတတ်ပေမယ့် သိုင်းပညာရှင်တွေကို သိပ်ပြီးလေးစားတာ၊ အားလဲကျတယ်၊ ဟို အဖြူရောင်သိုင်းပညာရှင်တွေကို မပြောတာနော်'

'ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့်နာမည်က ဝမ်ပိုဝေပါ'

ဝမ်ပိုဝေက ထိုသို့ စတင်မိတ်ဆက်ပေးလိုက်မှပင်မိန်းမလှလေးကလည်း သူ့ကိုယ်ကို ပြန်မိတ်ဆက်ပေးလာ၏။

'ကျွန်မနာမည်က စီဝူလို့ ခေါ်ပါတယ်'

'ဟုတ်ကဲ့ ကျွန်တော်မှတ်ထားပါမယ်၊ ဒါထက် ခင်ဗျားက တစ်ယောက်တည်း ဘယ်သွားမှာလဲ'

'ဟိုဘက်မြို့က အဒေါ်တွေဆီ အလည်သွားမလို့ပါ'

'ဒါဆို ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ကျွန်တော်က အဲဒီမြို့ကိုသွားမှာ မဟုတ်ပေမယ့် ဖြတ်သွားမှာဆိုတော့ လမ်းကြုံပါတယ်'

'ဟာ...သိပ်ကောင်းတာပေါ့ရှင်၊ ရှင့်လို သိုင်းပညာရှင်တစ်ယောက် တွေ့ရပါတော့ ကျွန်မ လုံခြုံမှုရှိတာပေါ့'

'ဒါဆို သွားကြရအောင်'

ထို့နောက် ဝမ်ပိုဝေနှင့်စီဝူဆိုသော မိန်းမလှလေးမှာစကားတပြောပြောဖြင့် ခရီးဆက်ခဲ့ကြ၏။

ဝမ်ပိုဝေမှာ ချော့မော့လုပသောလောက် စကားပြောသည်း သွက်လက်သော စီဝူကိုချက်ချင်းပင် ခင်တွယ်သွားမိ၏၊

သို့သော် စီဝူ၏မျက်မှာကို မြင်ဖူးသလိုလိုရှိ၍ မြန်စဉ်းစား ကြည့်နေမိ၏ နောက်ဆုံးမှာတော့ စီဝူ၏မျက်နှာမှာ ချင်ဖုန်း ၏မျက်နှာနှင့် ဆင်တူနေသည်ကို အမှတ်ရသွား၏၊ ထို့ကြောင့် ဝမ်ပိုဝေက ထုတ်မေးလိုက်၏။

'စီဝူ'

'ဘာလဲရှင်'

'ခင်ဗျားမှာ အစ်ကိုရှိလား'

'မရှိပါဘူး၊ ကျွန်မက မွေးချင်းမှောင်နှမ လုံးဝမရှိတဲ့ တစ်ဦးတည်းသော သမီးပါ'

စီဝူ၏ ရှင်းလင်းပြတ်သားလှသော အဖြေစကားကြောင့် ချင်ဖုန်း၏ညီမများဖြစ်နေလေမလားဟူသော အတွေးက ပျက် ပြယ်သွား၏။

ဟုတ်တော့လည်း ဟုတ်သည်၊ ချင်ဖုန်း၏ ညီမဆိုလျှင် မျိုး ရိုးအမည်မှာ ချင်သာလျှင်ဖြစ်ရမည်၊ စီဝူဖြစ်စရာ အကြောင်း မရှိချေ။

သို့ဖြစ်၍ တိုက်ဆိုင်စွာ ရုပ်ရည်တူနေကြခြင်း ဖြစ်မည်ဟု သာ ဝမ်ပိုဝေပေါ့ပေါ့လျော့လျော့ တွေးလိုက်၏။



'ဒီနားမှာ ခဏနားကြရအောင်'

တောအုပ်ကိုအဖြတ်တွင် စီဝူက တောင်းဆိုလာခြင်း ဖြစ် သည်၊ နုနယ်သော မိန်းမသားဖြစ်၍ သူတို့လို မရပ်မနားခရီး သွားနိုင်မည်မဟုတ်ဟု ဝမ်ပိုဝေနားလည်ပေးလိုက်၏။

'နားလေ၊ ကျွန်တော်တို့က အရေးတကြီးရောက်ဖို့ပိုတာမှ မဟုတ်ဘဲဟာ'

'ဒါဆိုသိုင်ဂ ပြီးရင် ကျွန်မ မွှေးချေးကဝယ်သာတဲ့ ပေါက်စီ စားဦး'

မြက်ခင်းပြင်တွင် ဝမ်ပိုဝေက ဝင်ထိုင်လိုက်ရာ မိန်းမလှ လေးစီဝူက ပေါက်စီဘစ်လုံးလှမ်းပေးသာ၏၊

သူ ခင်မင်တွယ်တာမိသော မိန်းကလေးက ခေတနာဖြင့် ပေးလာသည် ဖြစ်သည့်ပြင် ကိုယ်ကိုင်ကလည်း ဗိုက်က ဆာ လောင်နေသောကြောင့် ဝမ်ပိုဝေက တွေဝေထွေးထွေးစဉ်းစား မနေတော့ပါချေ၊

စီဝူကမ်းပေးလာသော ပေါက်စီကိုယူ၍ ယုံယုံကြည်ကြည် ပင်စားလိုက်မိသည်၊ ဒါသည်ကပင် သူ၏အမှား ဖြစ်လို့သွား သည်။

ပေါက်စီစားရင်း၊ တစ်ဝက်အရောက်တွင် ခေါင်းသဲရိပ်ခနဲ ဖြစ်သွား၍ စီဝူကို လှမ်းကြည့်လိုက်ရာ စီဝူ၏ မျက်နှာလှ လေးက ပြုံးယောင်သမ်းနေသည်ကို တွေ့ရ၏၊

'ဟင်... မင်း....မင်း....'

ဝမ်ပိုဝေက နေရာတွင်ထရပ်ရန်ကြိုးစားသော်လည်း အရာမထင်တော့ပါချေ၊ နေရာတွင်ပင် ခွေလဲကျကာ လုံးဝပင်သတိမေ့မြောသွားလေတော့သည်။

* * *

( ၃၅ )

တကယ်တော့ ဝမ်ပိုဝေ ဆုံတွေ့ခဲ့ရသည့် စီဝူဆိုသော မိန်းကလေးကား တခြားမဟုတ်၊ ယန်စေးချိုဝင် ဖြစ်သည်။

မှန်ပါသည်၊ ကျူးလီအပါအဝင် ခြသေ့နက်ဂိုဏ်းသားများ လုံးဝမယှဉ်နိုင်ဘဲ အသက်လုံပြီး ထွက်ပြေးခဲ့ရသည်တွင် ခြသေ့နက် ယန်ဟူကျင်းမှာ ဒေါပွ၍သွားခဲ့သည်။

ဝမ်ပိုဝေ၏ သိုင်းပညာစွမ်းနှင့် အတွင်းအားမှာ အထူးချွန်များနေသည် ဆိုခြင်းအပေါ်လည်း မယုံကြည်နိုင်အောင် ဖြစ်ခဲ့သည်။

နောက်တော့ ခြသေ့နက်ယန်ဟူကျင်းက ဝမ်ပိုဝေအား မ်းခေါ်ရန်တာဝန်ကို ယန်စေးချိုအား ပေးလိုက်သည်။

ပြောမည်ဆိုလျှင် ထိုလုပ်ရပ်မှာ ငါးကြင်းဆီနှင့်ငါးကြင်း ပြန်ကြော်လိုက်သော လုပ်ရပ်ပင်ဖြစ်သည်။

ဝမ်ပိုဝေမှာ ပျံ့လွှားဘေးဝမ်ကောလီ၏သားဖြစ်သလို ယန်စေးချိုမှာလည်း တကယ်တော့ ဝမ်ကောလီ၏သမီးလေးကိုခိုးယူကာ ကြီးပြင်းလာအောင် သူပြုစုပျိုးထောင်ပေးထားခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ မောင်နှမဖြစ်မည့် ဝမ်ပိုဝေနှင့် ယန်စေးချိုတို့၏ တိုက်ပွဲတွင် မည်သူပင်သေဆုံးဒဏ်ရာရသည်ဖြစ်စေ နှစ်ယောက်စလုံးမှာ သူကလဲ့စားချေလိုသော ပျံ့လွှားဘေးဝမ်ကောလီ၏ ရင်သွေးများသာဖြစ်ကြသောကြောင့် သူအမြတ်ထွက်သည်သာ ဖြစ်သည်။

တစ်ဖန် ဝမ်ကောလီမှာမူ မည်သူပင်သေဆုံးဒဏ်ရာရသည်ဖြစ်စေ၊ အရှုံးပေါ်မည်မှာ မြေကြီးလက်ခတ်မလွဲပင် သေချာလှသည်။

ထိုသို့စဉ်းစားပြီး အကြံကြီးပြီး ရက်စက်သောယန်ဟူကျွင်းက ဝမ်ပိုဝေကို ဖမ်းဆီးရန် မွေးစားသမီး၊ ယန်စေးချိုကို တာဝန်ပေးလိုက်သည်။

သို့သော် ယန်စေးချိုက သူမျှော်လင့်ထားသည်ထက်ပင် ပို၍ပါးနပ်နေပေသေးသည်၊ သိုင်းပညာနှင့်အတွင်းအား ထူးထူး ခြားခြား မြင့်မားနေသည်ဆိုသော ဝမ်ပိုဝေကို ရင်ဆိုင်



တိုက်ခိုက်ခြင်းအားဖြင့် လက်ရဲဖမ်းဆီးနိုင်မည် မဟုတ်ဟု သဘောပေါက်သည်၊

သို့ဖြစ်၍ ယန်စေးချိုက ခြင်္သေ့နက်ဂိုဏ်းသားလေးယောက်၏ အကူအညီဖြင့် ဝမ်ပိုဝေအနားကို ချဉ်းကပ်ခွင့်ရအောင် ကြံစားခဲ့၏၊ နောက်ပိုင်းကိစ္စကတော့ ငှက်ပျောသီးအခွံနွှာစားသည်ထက်ပင် လွယ်ပေသေး၏။

အိပ်ဆေးများထည့်ထားသည့် ပေါက်စီကိုကျွေးလိုက်သည်တွင် ဝမ်ပိုဝေမှာ နေရာတွင်ပင် လဲကျ၍ မလှုပ်ရှားနိုင်တော့ပဲ ဖြစ်သွား၏။

သည်တော့မှ ပုန်းအောင်းနေသည့် ခြင်္သေ့နက်ဂိုဏ်းသားများ ပေါ်ထွက်လာကာ ဝမ်ပိုဝေကို ခြင်္သေ့နက်ဂိုဏ်းဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

'ဟား…ဟား…ဟား နောက်ဆုံးတော့ မင်းလဲငါ့လက်ထဲကို ရောက်လာရတော့တာပဲ ဝမ်ပိုဝေရာ၊ ဒီကောင့်ကို သံကြိုးတွေတုတ်ပြီး အချုပ်ခန်းထဲ ထည့်ထားလိုက်စမ်း၊ သူ့ကို နောက်မှ ကောင်းကောင်းနှိပ်စက်ပြီးသတ်ပစ်ရမယ်'

ယန်ဟူကျွင်းက သူ့လူများကိုစေခိုင်းလိုက်ရာ ကျူးလိတ်ကို လှံစုက ယခုတိုင်ပျော့ခွေနေဆဲဖြစ်သည့် ဝမ်ပိုဝေအား သယ်ဆောင်သွားကြ၏။

သည်တော့မှ ယန်စေးချိက သူ့မျက်နှာကိုစေ့စေ့ကြည့်ပြီး မေးလာ၏။

'ဖေဖေ သူ့ကိုသတ်ပစ်မလို့လား'

'အေးလေ....သူ့အဖေက သမီးရဲ့အမေကို သတ်ထားတာပဲဟာ'

'ဒါပေမယ့် သူသတ်တာမှမဟုတ်ဘဲ'

'တူတူပဲပေါ့သမီးရာ၊ ကဲပါလေ....သူ့ကိစ္စကိုဆောင်ရွက်ခဲ့တာမှာတော့ သမီးတော်ပါတယ်၊ ဒါကြောင့်နောက်တစ်ခု တာဝန်ဆက်ပေးမယ်'

'ဘာတာဝန်လဲ ဖေဖေ'

'ယွဲ့ဖူးကိုသွားပြီး ပျံလွှားခါး ဝမ်ကောလီကို လုပ်ကြံဖို့ တာဝန်ပေါ့'

ယန်စေးချိမှာ ယောကျာ်းကောင်းပီသလှသည့် ဝမ်ပိုဝေအပေါ် သနားကရုဏာသက်မိသော်လည်း ဖခင်၏အမိန့်ကိုကား ပြောင်ကျကျမဆန့်ကျင်ရဲပါချေ။

နောက်ပြီး ပျံလွှားခါး ဝမ်ကောလီမှာ သူမ၏ မိခင်ကို သတ်ထားသူဟု သိရသောကြောင့် ထိုတာဝန် ပေးလာသည့်တွင်မူ ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိ၏။



'သမီး ခုပဲသွားရမှာလား ဖေဖေ'

'ဟုတ်တယ်....အကယ်၍ သမီး သူ့ကိုမသုဉ်နိုင်ဘဲ အရေးနိမ့်ခဲ့မယ်ဆိုရင်တော့ ဝမ်ပိုဝေကိုဖမ်းထားတဲ့အကြောင်းပြောပြလိုက်၊ ဒါဆိုရင် ဝမ်ကောလီ သမီးကိုသတ်ရဲမှာ မဟုတ်တော့ဘူး'

'ကောင်းပါပြီ ဖေဖေ'

ယန်စေးချိကား ဝမ်ပိုဝေအတွက် စိတ်မကောင်းခြင်းတစ်ဝက်ဖြင့်ပင် ဖခင်၏အမိန့်အတိုင်းဆောင်ရွက်ရန် ဌာနချုပ်ခန်းမှ ထွက်ခွာလာခဲ့၏။

တအောင့်လောက်အကြာမှာတော့ ဘွားဘွားယိုဖေးနှင့် မရဏာလက်ဝါး စီးဖန်တို့ သူ့အခန်းထဲကို ဝင်လာ၍ ယန်ဟူကျင်းက အရိုအသေပြုလိုက်၏။

'စောစောကဖမ်းလာတဲ့ ကောင်လေး'

'ဝမ်ပိုဝေပါ ဆရာ....ပျံလွှားခါး ဝမ်ကောလီရဲ့ သားလေးပါ'

'ကောင်းတာပေါ့၊ သူ့ကြောင့် ဟိုတလောက ကျူးလိတ္တိသူတို့ ဒဏ်ရာတွေရပြီး ထွက်ပြေးလာခဲ့ရတာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'ဒါဆို ငါ့လက်ထဲရောက်လာတုန်း မှတ်လောက်အောင် ဆုံးမပြီးမှ သတ်ပစ်လိုက်'

မကောလက်ဝါး စီးဖန်က ဝင်ပြောလာ၏၊ သူ့ထက်ပိုနိုင်ရက်စက်သည့် အနက်ရောင်သိုင်းရာဇာကြီး၏ စကားကြောင့် ယန်ဟူကျင်းဝင် တွန့်ခနဲဖြစ်သွား၏။

'ဟုတ်ကဲ့....လောလောဆယ်တော့ သူ့ကို အချုပ်ခန်းထဲမှာ သံကြိုးတုတ်ပြီး ဖမ်းခိုင်းထားပါတယ် ဆရာ၊ လိုအပ်ရင် သူ့အဖေကို အကျပ်ကိုင်လို့ရတာမို့ လောလောဆယ်တော့ သတ်မပစ်သေးဘူးလို့စိတ်ကူးပါတယ်'

'ဒါဆိုလဲ လိုရမယ်ရ အရိုးပျော့အဆိပ်ကိုတိုက်ထားလိုက်ပေါ့၊ ဒါမှသူလွတ်မြောက်အောင် မကြိုးစားနိုင်မှာ'

'ဆရာပြောတာကတော့ နောက်ကျနေပါသေးတယ်.... ယန်စေးချိကျွေးတဲ့ ပေါက်စီထဲမှာ အရိုးပျော့အဆိပ်ခတ်ထားပြီးပါပြီ၊ ယန်စေးချိကိုတော့ အိပ်ဆေးလို့ပဲပြောပြီး လိုအပ်ရင် သုံးဖို့ပေးလိုက်တာပါ'



ယန်ဟူကျင်းက ရှင်းပြလိုက်သည့်အခါ ဘွားဘွားယိဖေးက သဘောကျသွားသည့်အလား ကျေနပ်စွာပြုံး၏။

'မင်းက တယ်လဲလျှင်တာပဲကိုး ယန်ဟူကျင်း ဒါကြောင့် ငြိမ်းဆွိနက်လို့ တွင်တာပဲ၊ ဒါနဲ့ အဆိပ်က တော်တော်များ သလား'

'သိပ်မများပါဘူး ဆရာ၊ သူမသိနိုင်တဲ့ နှုန်းခွဲရုံလောက်ပဲ ထည့်ထားတာပါ၊ ဖြေဆေးမှာ သောက်ရင်လဲ သူ နှစ်ပတ်လောက် ကျော်လာကတော့ ကောင်းကောင်း အသက်ရှင်နိုင်ပါသေးတယ်....ဒါပေမယ့် လူကတော့ ကုတ်ကိုပုတ်ကိုလှုပ်ရှားနိုင်မှာ မဟုတ်ဘူး'

'မင်းတော်တယ် ယန်ဟူကျင်း၊ ကဲ...ငါ့ကိုအပြင်ခဏသွား ပို့လိုက်ဦးမယ်'

'ကောင်းပါပြီ ဆရာ'

ဆရာဖြစ်သူထံမှ ချီးကျူးစကားကို ကြားလိုက်ရသောကြောင့် ခြသေ့်နက်ယန်ဟူကျင်း၏ဘစ်ကိုယ်လုံး ဒီတိဂ္ဂိဖြင့်ဖုံးလွှမ်းနေ၏။

ထို့နောက် ကျူးလိဘ အခန်းထဲသို့ ပြန်ရောက်လာလေသည်။

'ဂိုဏ်းချုပ် ဟိုသစ္စာဝါလေးကို အချုပ်ထဲထည့်ပြီး သေချာအောင် လက်နှစ်ဖက်ကိုပါ သံကြိုးနဲ့ချည်ထားခဲ့တယ်'

'ကောင်းတယ် ကျူးလီ၊ ဒါဆက် ဒီကောင်ဘယ်လိုနေသလဲ'

'ဒီကောင်လား၊ မပြောပါနဲ့တော့ ဂိုဏ်းချုပ်ရယ်၊ လူနဲ့တောင် မတူဘူး၊ မီးအုံးထားတဲ့ ငှက်ပျောရွက်ကျနေတာပဲ၊ ပျော့ခွေနေလိုက်တာမှ'

'ဟား....ဟား....ဟား မင်းကတော့လေ ဥပမာပေးတဲ့နေရာမှာ တကယ်ပဲတော်ပါပေတယ်၊ ကဲလာ....ငါတို့ဆရာတပည့်နှစ်ယောက် အောင်မြင်မှု အထိမ်းအမှတ်အဖြစ် အရက်သောက်ပိုက်ကြရအောင်'

'အကောင်းဆုံးပဲပေါ့ ဆရာရယ်'

ထို့နောက် အရက်သောက်ရင်းမှ ကျူးလီက မေးလာသည်။

'ဒါနဲ့ ကလေးမလေးရော ဂိုဏ်းချုပ်'

'ယန်စေးချိကိုပြောတာလား၊ သူ့ကိုငါ ခုပဲ တာဝန်ပေးလိုက်တယ်ကွ'

'ဘာတာဝန်လဲ ဂိုဏ်းချုပ်'

'ပျံလွှားဓား ဝမ်ကောလီကို ရှင်းခိုင်းလိုက်တာလေ'



ယန်ဟူကျင်းက ပြောလိုက်သည်တွင် ကျူးလီပင် ကြက်ခနဲ့မျက်နှာပျက်သွားသည်။ သူပြောပြထား၍ ဝမ်ကောလီနှင့် ယန်စေးချိတို့မှာ သားအဖတော်စပ်ကြောင်း ကျူးလီ သိထားပြီးဖြစ်သည်။

'ဟို....ယန်စေးချိက ဝမ်ကောလီကိုယှဉ်နိုင်မလားဂိုဏ်းချုပ် တော်ကြာ့မိန်းကလေးတစ်ခုခုဖြစ်သွားမှာစိုးရတယ်'

'ဘာအရေးလဲကွာ၊ သူတို့လားအဖတွေပဲဟာ ဘယ်သူသေသေအကြောင်းမဟုတ်ပါဘူး'

'ပျံလွှားဓား ဝမ်ကောလီကိုတော့ မေတ္တာမရှိပါဘူး ဂိုဏ်းချုပ်၊ ဒါပေမယ့် ယန်စေးချိဆိုတဲ့ မိန်းကလေးကတော့ သနားစရာလေးပါ၊ သူ့ကိုတွေ့ရတာမကြာသေးပေမယ့် ကျွန်တော်ခင်မင်မိတယ်၊ ဂိုဏ်းချုပ်ကရော သူ့ကိုမွေးစကတည်းက ကျွေးမွေးပြုစုလာခဲ့တာ လုံးဝသံယောဇဉ်မရှိဘူးလား'

ကျူးလီက သွေးတိုးစမ်းသလိုမျိုး မေးလာသည်တွင် ခြင်္သေ့နက်ယန်ဟူကျင်း အနည်းငယ်တော့ တွေဝေသွား၏။ ပြီးမှ သက်ပြင်းကိုချ၍....

'အေး....လုံးဝ သံယောဇဉ်မရှိပါဘူးလို့ ပြောရင်တော့ မုသားပြောရာကျလိမ့်မယ် ကျူးလီ၊ သူ့အပေါ်သံယောဇဉ်

ရှိသေးသော်တော့ရှိပါတယ်၊ ဒါပေမဲ့ ဒါ့ခုဒိက ထဲ စားခဲ့ရမယ့် ရန်သူရဲ့ဒါးမီးလို့ အသိဝင်ခနောဒကြောင့် သံယောဇဉ်ကို ငါ ဖြတ်နိုင်သလောက် ဖြန်ဖြတ်ထားခဲ့တယ် ကျူးလီ'

'ဒါဆို ဒီကိစ္စတွေပြီးသွားရင် သူ့ကို ဂိုဏ်းချုပ်သက်ခံမှာလား'

'ဒီလိုတော့ မသက်ပါဘူး ကျူးလီ၊ ဝမ်ကောလိကိုပဲ ငါက အဓိကဖမ်းတာပေါ့၊ အကယ်၍ ဝမ်ကောလိ သေဆုံးသွားပြီး သူ့ရဲ့အဖြစ်မှန်ကိုလဲ သူမသိဘူးဆိုရင်တော့ ငါကပဲ [illegible]အဖြစ်ဆက်မွေးစားသွားမှာပါ'

'ဒါဆိုရင်တော့ ယန်စေးချိကို တစ်ယောက်တည်းလွှတ်ပေးလိုက်တာ မှားတယ်လို့ထင်တယ် ဂိုဏ်းချုပ်၊ ဘာလို့လဲဆိုတော့ ပျံလွှားစားက ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ယောက်လေ ယန်စေးချိသက်မြောက်တယ်ဆိုပေမယ့် အဆင့်ကတော့ကွာခြားနေသေးတယ်၊ ဒါကြောင့်ယန်စေးချိက သေတွင်းပို့ပုံကဲတာမျိုးဖြစ်သွားနိုင်တယ်'

'ဒီလောက်လဲ စိုးရိမ်မသွားပါနဲ့ ကျူးလီရေ၊ ငါ့မှာလဲ ဝှက်ဖဲကတော့ရှိပါတယ်ကွ၊ အကယ်၍သမီးအဖြေလှဖြစ်ခင် ဝမ်ပိုခေကို ဖမ်းမိထားတဲ့အကြောင်း ဖွင့်ပြောလိုက်လို့ ယန်



စေးချိကို ငါမှာလိုက်ပါတယ်ကွ ဒီလိုပြောလိုက်ရင်တော့ ယန်စေးချိကို ဝမ်ကောလိ ဘယ်လိုမှသတ်ရဲတော့မှာ မဟုတ်ပါဘူး'

ထိုစကားကို ကြားလိုက်ရမှပင် လက်ထောက် ဂိုဏ်းချုပ် ကျူးလီက စိတ်သက်သာရာရသွားသလိုမျိုး ပြုံးလေသည်။

'ဒါဆိုရင်တော့ မဆိုးပါဘူးဆရာ၊ ဝမ်ကောလိနဲ့ ဝမ်ပိုခေတို့တော့ နှမျောစရာမျိုးပါဘူး ဝမ်ပိုခေက ကျွန်တော်တို့ ဒဏ်ရာရအောင်တိုက်ခိုက်ခဲ့လို့ ပိုဖြီးဖောင် ကြည့်ရသေးတယ်'

'အေးလေ....ဒါဆိုပြီးမှ မင်းသူ့ကို စိတ်ကြိုက်သွားပြီးနှိပ်စက်ပေါ့'

'သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ ဂိုဏ်းချုပ်၊ မစွမ်းမသား ဝမ်ပိုခေ၊ မင်းတော့လား တွေ့ကြသေးတာပေါ့ကွာ'

ကျူးလီ၏ အားရပါးရ ကြိမ်းဝါးသံကြောင့်ခြံသိနက် ယန်ဟူကျင်းပြုံး က်မိသည်၊ နောက်တော့ ဆရာတပည့်နှစ်ယောက် ပျော်ပျော်ပါးပါးပင် အရက်သောက်နေလိုက်ကြလေတော့သည်။

## (၃၆)

ထိုနေ့ညနေခင်းအချိန် အရောက်မှာတော့ ခြသေ့်နက် ယန်ဟူကျောင်းအခန်းထဲတွင်ရှိနေစဉ်မှာပင် အပြင်ဘက်မှ တိုက်ခိုက်သံများကို ဆူဆူညံညံပင် ကြားလိုက်ရသည်။

'ဟင် အပြင်ကိုဘာသံတွေပါလိမ့်'

ယန်ဟူကျောင်းက ရန်သူများ ဝင်ရောက်တိုက်ခိုက်နေပြီ ဟု သောအသိဖြင့် အပြင်တိုအူသျှားဖားလျားပင် ပြေးထွက်သွားသည်။

ယုံ့အတူ လက်ထောက်ဂိုဏ်းချုပ် ကျူးလီသည်း တစ်ဘက်ရှိဇရဆောင်လေးယံမှ ပြေးထွက်လာသည်ကို တွေ့လိုက်ရသည်။



ယန်ဟူကျောင်း၏ တွက်ကိန်းက မမှားပါချေ၊ အပြင်တွင် ဝတ်စုံနက် ဝတ်ထားသော ခြသေ့်နက် ဂိုဏ်းသားများက အမျိုးသမီး တစ်ယောက်ကို ဝိုင်းဝန်း တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသည်။

မီးခိုးရောင်ဝတ်စုံဝတ်ထားသော အမျိုးသမီးကြီး၏ သိုင်းပညာကလည်း အဆင့်မနိမ့်လှချေ၊ ခါးကိုင်းပြီး တိုက်ခိုက်နေသော ထိုအမျိုးသမီးကြီး၏အနားကိုခြသေ့်နက်ဂိုဏ်းသားများတို့ကပ်မရဲဘဲ ရှိနေကြ၏။

'ဟေ့....ရပ်လိုက်ကြစမ်း'

ခြသေ့်နက်ယန်ဟူကျောင်းက ကြွေးသံပါသော အမိန့်ပေးသံကြောင့်ခြသေ့်ဂိုဏ်းသားများ နောက်သို့ရှဲသွားကြသလို အဆိုပါအမျိုးသမီးကြီးကလည်း ယုံ့ကို လှမ်းကြည့်လို့ လာလေသည်။

'ဟင်....'

ထိုအခါကျမှ အဆိုပါအမျိုးသမီးကြီး၏မျက်နှာကို သဲကွဲစွာတွေ့မြင်လိုက်ရသည်တွင် ခြသေ့်နက်ယန်ဟူကျောင်းမှာ အံ့ဩလွန်း၍ ကြက်သေသေသည်အထိပင်ဖြစ်သွား၏။

အကြောင်းမူ သူတွေ့မြင်လိုက်ရသည့် အမျိုးသမီးကြီးမှာ သူ သေဆုံးသွားပြီဟု ထင်မှတ်ထားခဲ့သော တစ်ချိန်က သူ၏ အချစ်ဆုံးဇနီး ဖူးဝမ်ဖြစ်နေသောကြောင့်ပင်တည်း။

'မင်း....မင်း....ဖူးဝမ်လား'

'ဪ... ရှင်က ကျွန်မကိုတော့မှတ်မိသေးသားပဲ ဟုတ်ပါတယ် ကျွန်မက အရင်တုန်းကတော့ ဖူးဝမ်ပေါ့၊ အခုတော့ အော်မေသက်ဆောက်ကိုဏ်းချုပ်စုချင်ဟွာဖြစ်နေပါပြီ'

သူ မည်သို့မျှ မေ့ပျောက်ရမည် မဟုတ်သော ကြည်လင်ပြတ်သားသည့် ဖူးဝမ်၏အသံကို နားနှင့်ဆက်ဆတ်ကြားလိုက်ရသောကြောင့် အိပ်မက်မဟုတ်နိုင်ဟု ခြသော့နက်ယန်ဟူကျောင်း လက်ခံရလေ၏။

သို့သော် ဖူးဝမ်ကိုလွှန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကပင် သေဆုံးသွားပြီဟု ယူဆထားမသောကြောင့် အံ့ဩ ဝမ်းသာမှုကို ဖိဖိစီးစီး ခံစားနေရသည်ကတော့ အမှန်ပင်။

ဖူးဝမ်မှာ လွှန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ် ကော်ဂျက လောက် နုပျိုမှု မရှိတော့လင့်ကစား ကျက်သရေရှိပြီး ချော မောလျှနေဆဲပင်ဖြစ်၏။

'ဟာ....ဝမ်းသာ လိုက်တာ ဖူးဝမ်ရူး အဲလေ....မင်းက စုချင်ဟွာ ဖြစ်နေပြီဆိုတော့လဲ စုချင်ဟွာပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းအသက်ရှင်လျက် ရှိနေသေးတာကိုသိလိုက်ရတာနဲ့တင် ငါ ပျော်သွားပါပြီ။ ဒါထက် ကိုယ် ဒီမှာရှိနေတယ်ဆိုတာ သိပြီး မင်းလိုက်လာတာလား'



'ဆိုပါတော့ရှင်၊ ရှင့်တပည့်တွေက ဝင်ခွင့်မပေးလို့ ကျွန်မ တိုက်ခိုက်ပြီးဝင်ရတာပေါ့'

'ကိုယ့်တပည့်တွေအတွက် ကိုယ်ကပဲ တောင်းပန်ပါတယ် ဖူးဝမ်၊ အဲ....စုချင်ဟွာ'

'ကိစ္စမရှိပါဘူးလေ ရပါတယ်၊ ဒါထက် ရှင့်ကို အရေး တကြီးပြောစရာစကားတွေရှိနေတယ်'

'ဒါဆို လာလေ၊ အထဲကိုဝင်ပြီး ဒအေးဆေး ဆေးဆေး ပြောကြတာပေါ့'

ခြသော့နက်ယန်ဟူကျောင်းက ပြုံးပြုံးသာသာပင် ဖိတ်ခေါ်လိုက်သည်။ ကျူးလိကလည်း ဖူးဝမ်၏ အနားကို ရောက်လာပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်လေ၏။

'ဆရာကတော် နေကောင်းတယ်နော်'

'ကောင်းပါတယ် ကျူးလို'

ဖူးဝမ်က တည်ငြိမ်စွာဖြင့်ပြန်ပြော၏။

ခြသေ့်နက်ဂိုဏ်းသားများမှာ ယခုမှ အသစ်တဖန်ဖွဲ့စည်းထားသော ယေရှုယ်သူများဖြစ်ကြလေသောကြောင့် ဖူးဝမ်ကိုမတွေ့မြင်ဖူးကြခြင်းဖြစ်၏။

ယခုမှ သူတို့ဂိုဏ်းချုပ်၏ဇနီးဟောင်းဟု သိလိုက်ရသောကြောင့် နေရာမှထွက်သွားကြသည်။

သည်တော့မှ ခြသေ့်နက် ယန်ဟူကျင်းက အော်မေ သက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာဘဝကို ရောက်နေသော ဖူးဝမ်ကို သူ၏အဆောင်ထဲသို့ ခေါ်ဆောင်သွား၏။

ကျူးလိကလည်း လူယုံတပည့်ပီပီ သူတို့နှင့်အတူတူ ကပ်လိုက်လာသည်၊ သူက သေဆုံးသွားပြီဟုတထစ်ချမှတ်ယူထားသော ဇနီးသည်ကို အသက်ရှင်လျက် ပြန်တွေ့လိုက်ရသောကြောင့် ခြသေ့်နက်ယန်ဟူကျင်းမှာ ဖော်မပြတတ် နိုင်အောင်ပင် ဝမ်းသာ၍နေမိသည်။

တစ်ဆက်တည်းရှိပင် သူ၏သားငယ်ကိုလည်း သတိရလာသည်၊

သို့ဖြစ်၍ အခန်းထဲသို့ရောက်ပြီးထိုင်မိကြသည်နှင့် ယန်ဟူကျင်းက မအောင့်အီးနိုင်တော့ဘဲ ထုတ်မေးလိုက်၏။



'မင်းနဲ့တူတူ သားလေးကိုပါ သေဆုံးသွားပြီလို့ထင်ထားခဲ့တာ ခု မင်းမသေဘူးသိတာကိုတော့ သိလိုက်ရပြီ၊ ကိုယ့်သားလေးကရော ဘယ်မှာလဲ စုချင်ဟွာ၊ မင်းဆီမှာပဲလား'

'မဟုတ်ဘူး ယန်ဟူကျင်း၊ သားလေးက ရှင့်ဆီရောက်နေတယ်လေ'

'ဟာ မဟုတ်တာ၊ သားက ငါ့ဆီရောက်နေတာ မဖြစ်နိုင်ဘူး'

'ကောင်းပြီ၊ ဒါဆို ကျွန်မမေးမယ်၊ရှင့်ဆီဝမ်ပိုဝေ ရောက်နေတယ် မဟုတ်လား'

'ဟုတ်တယ်၊ သူ့ကို ကိုယ်ဖမ်းထားတယ်'

'သတ်တော့ မသတ်သေးပါဘူးနော်'

'မသတ်ရသေးပါဘူး'

ခြသေ့်နက်ယန်ဟူကျင်း၏အဖြေစကားကိုကြားလိုက်ရမှပင် ဖူးဝမ်က စိတ်သက်သာရာရသွားသည့် အလား သက်ပြင်းကိုချသည်။

ပြီးမှ....

'အင်း....ဒါဟာ ကံကောင်းတယ်လို့ ပြောရမှာပဲ၊အကယ်၍ ဝမ်ပိုဝေကိုသာ ရှင်သတ်လိုက်ပြီးဖြစ်ရင်တော့ ရှင်တစ်သက်လုံး နောင်တ တရားတွေနဲ့ ကြေကွဲမဆုံး ခံစားသွားရ လိမ့်မယ်'

'မင်း ဘာတွေပြောနေတာလဲ ဖူးဝမ်၊ ဝမ်ပိုဝေကို သတ်တာနဲ့ ကိုယ်က ဘာကြောင့် နောင်တ ရရမှာလဲ'

'ဝမ်ပိုဝေဟာ ကျွန်မနဲ့ ရှင့်ရဲ့ သားလေး ဖြစ်နေလို့ပဲပေါ့ ယန်ဟူကျင်း'

'ဘာ….'

ခြသေ့်နက် ယန်ဟူကျင်းမှာ ကြားလိုက်ရသော စကားကြောင့် နေရာမှ ထိုးခနဲဆွဲချပ်လိုက်မိသည်အထိပင် ဖြစ်သွားသည်။

ပြီးမှ ခေါင်းကိုခါယမ်းလိုက်ကာ….

'မင်း ကိုယ့်ကို လာနောက်ပါနဲ့ ဖူးဝမ်၊ ဝမ်ပိုဝေဟာ ဝမ်တောလီရဲ့သားပါ၊ ရှင်းရှင်းပြောရမယ်ဆိုရင် ပျံလွှားခေါ ဝမ်တောလီက ကိုယ့်ရဲ့ရန်သူ၊ ဒါကြောင့် လက်တုံ့ပြန်ရအောင် ဝမ်ပိုဝေကို ဖမ်းထားတာ'

'ရှင် တကယ်ပြောရခက်ပါလား ယန်ဟူကျင်း၊ ကောင်းပြီ ရှင်သဘောပေါက်အောင် ကျွန်မလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြမယ်'

ထိုသို့ အစချီပြီးနောက် အော်မေ လက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာက ပျံလွှားခေါ ဝမ်တောလီအား မေတ္တာရပ်ခံပြီး ကလေးပေးအပ်ကာ သူမဇာတ်မြှုပ်ပြီး အော်မေဂိုဏ်းထဲ ဝင်ရောက်ခဲ့ပုံများကို ပြန်ပြောင်းပြောပြ၍ လာသည်။



သူ့အင်္ဂနီးဟောင်း စုချင်ဟွာ၏မျက်နှာက လိမ်ညာပြောဆိုနေဟန် စိုးစဉ်းမျှမရှိသည့်အပြင် ပြောဆိုသည်များကလည်း တိကျနေသောကြောင့် ယန်ဟူကျင်းပါ တွေဝေ၍သွားလေသည်။

'မင်းပြောတာတွေက အမှန်တွေပဲလား ဖူးဝမ်'

'ကျွန်မက ဘာကြောင့်ညာပြောရမှာလဲ၊ ဒါကြောင့်မဖြစ်သင့်တာ မဖြစ်ရအောင် သားကိုဖမ်းသွားတယ်လို့ သတင်းရရချင်း ကျွန်မ ရှင့်တို့ဌာနချုပ်ကိုစုံစမ်းပြီး လိုက်လာခဲ့တာ'

'ဝမ်ပိုဝေကိုဖမ်းလာတာ ဘယ်လိုသတင်းရဲ့ဘာလဲ'

'အော်မေဂိုဏ်းသား တစ်ယောက်ကတွေ့ပြီး သတင်းလာပေးတာလေ၊ ဝမ်ပိုဝေက အော်မေဂိုဏ်းဌာနချုပ်ကို လာဖူးတော့ သူတို့က ကျွန်မနဲ့ခင်တယ်ဆိုတာ သိထားတယ်'

'မင်းရဲ့သားလို့တော့ မသိကြဘူးပေါ့'

ယန်ဟူကျင်းကမေးလိုက်ရာ စုချင်ဟွာက အဓိပ္ပာယ်ပါပါ ပြုံး၍ ခေါင်းခါ၏။

'သူတို့မပြောနဲ့ ဝမ်ပိုဝေတောင်မှကျွန်မကိုသူ့ အမေအစစ်မှန်း မသိပါဘူး'

'မင်းဘာကြောင့် ပြောမပြခဲ့တာလဲ'

'အတိတ်ကဇာတ်ကြောင်းတွေ ပြန်လှန်ပြောပြမှ သားက နားလည်မှာလေ၊ အဲဒီလို ပြန်လှန်ပြောပြရင် ရှင့်အကြောင်းက မလွဲမသွေ ပါလာတော့မယ်၊ အဲဒီအခါကျရင် သားက

ဝမ်ကောလီဟာ သူ့အဖေမဟုတ်ဘဲ ရှင်က သူ့အမေလို့သိရှိ ချက်ချင်း လက်ခံချင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်မက ပြောမပြခဲ့တာ၊ ဒီနေ့တော့ သိကာမှသိ ပြောမှဖြစ်တော့မယ်... မဟုတ်ရင် ရှင်က သားကိုတောင် သားမှန်းမသိတော့ဘဲ ပြန်သတ်ပစ်တော့မှာ'

'မင်းပြောတာတွေအားလုံး အမှန်တွေချည်းပဲနော်ဖူးဝမ်'

'ကဲပါလေ၊ ကျွန်မပြောတာမှယုံရင် ဝမ်ပိုဝေပခုံးကိုခုပဲ သွားကြည့်လိုက်၊ သားရဲ့ပခုံးမှာ အမည်းမှတ်ကလေးပါတာကိုတော့ ရှင်လဲသိပြီးသားပဲဟာ'

'ဟုတ်တယ်...ခုပဲသွားကြည့်ရမယ်'

ခြေသံနက် ယန်ဟူကျင်းက တုံ့ဆိုင်းမနေတော့ပါချေ၊ ဝမ်ပိုဝေကို သူ့သားဟုတ်မဟုတ် သိချင်စိတ်ဖြင့်းထန်နေသောကြောင့် ချက်ချင်းပင် ဝမ်ပိုဝေအား ဖမ်းဆီးထားသည့်အချုပ်ခန်းကို တက်လာ၏။

ကျော်ခမလက်ထောက်ဂိုဏ်းချုပ် စုချယ်ဟွာနှင့် ကျူးသိတို့ကလည်း အတူလိုက်ပါလာကြ၏။

ထို့နောက် ယန်ဟူကျင်းက အချုပ်ခန်းထဲရောက်သည်နှင့် ဝမ်ပိုဝေရှိရာသို့ လျှောက်သွားပြီး အင်္ကျီကို လှန်ကြည့်လိုက်ရာ အမှန်ပင် ပခုံး၌ အမည်းမှတ်ကလေးတစ်ခုရှိနေသည်ကို အံ့ဩဖွယ်ပင်တွေ့မြင်လိုက်ရ၏။



'ဒေါ်ဒေါ်ပါလား'

ဝမ်ပိုဝေက သူ့ကို ဒေါသဖြင့်ပြန်ပြောရန်ဖြင့်ပြီးမှ သူ့ကိုကျော်၍ ဖူးဝမ်ကိုမြင်သွားရာ အံ့ဩသံဖြင့် လှမ်းနှုတ်ဆက်လိုက်၏။

ဝမ်ပိုဝေမှာ အရိုးပျော့အဆိပ်မိထား၍ စကားပြောဆိုင်သော်လည်း လှုပ်ရှားမှုများတော့ လုံးဝမသွက်လက်ပါချေ။

'ဟုတ်တယ် လူလေး၊ ဒါနဲ့သူက ဘာကြောင့် မလှုပ်ရှားနိုင်တာလဲ'

'သူ အရိုးပျော့အဆိပ်မိထားလို့ပါ ဖူးဝမ်'

'ရှင် တော်တော်ရက်စက်ပါလား'

'မင်း အပြစ်တင်ရင်လဲ ကိုယ်ခံရမှာပါပဲ၊ ကိုယ်ကဒါတွေကို မသိခဲ့ဘူးလေ၊ မင်းတို့သားအမိနှစ်ယောက်စလုံး ဝမ်ကောလီလက်ချက်နဲ့ သေဆုံးသွားပြီလို့ပဲ မှတ်ထားတာ... ခုတော့ ဝမ်ကောလီက ကျွန်ုပ်ရှင်ကောင် ဖြစ်နေပြီ'

'ဟုတ်တယ် ယန်ဟူကျင်း၊ သူ့လက်ထဲရောက်လို့သာ သားက အဖြူရောင်သိုင်းပညာရှင်လေးတစ်ယောက် ဖြစ်လာတာပဲ'

'မင်းရဲ့စီစဉ်မှုက တကယ်ပဲ အမြော်အမြင် ရှိပါပေတယ် ဖူးဝမ်၊ မင်းကိုတော့ ကိုယ် မချီးကျူးဘဲ မနေနိုင်တော့ဘူး'

သူတို့နှစ်ယောက် အပြန်အလှန်ပြောဆိုနေကြသည်ကိုနား ထောင်ပြီး ဝမ်ပိုဝေမှာ ဘာမှနားမလည်ဘဲအူကြောင်ကြောင် ဖြစ်နေ၏။

'ဒေါ်ဒေါ်တို့ ဘာတွေပြောနေကြတာလဲ'

'သားကို ပြည့်ပြည့်စုံစုံပြောမပြသေးခင် လောလောဆယ် အရေးကြီးတာပဲ အရင်ပြောပြထားပါမယ်၊ လူလေးရဲ့အမေ က ပျို့လွှားခေး ဝမ်ကောလီ မဟုတ်ပါဘူး၊ သူက မွေးစား အမေပဲ'

* *

(၃၇)

'ဗျာ....ဒါဆို အမေရင်းက'

'ဟောဒီက လူမိုက်ကြီးပဲ သား'

'ဟာ....မဟုတ်နိုင်တာပဲ၊ ကျွန်တော် မယုံဘူးဒေါ်ဒေါ်'

ခပ်ခွေခွေဖြစ်နေသည့်ကြားမှပင် ဝမ်ပိုဝေက လက်မခံနိုင် သည့်အသွား ခါးခါးသီးသီးငြင်းသည်။

ထိုအဖြစ်ကြောင့် ယန်ဟူကျင်းမှာ ရင်ထဲကြေကွဲသွားမိ သော်လည်း သားဖြစ်သူအပေါ်မှူ မည်သို့မျှ ဒေါသမဖြစ်မိ ပါချေ။

သူ၏လုပ်ရပ်များကလည်း နှစ်မြို့ရောက်ကာစကွက်မှ မရှိခဲ့ဘူး မဟုတ်ပါလား၊ သို့သော် ဖူးဝမ်ကမူ ဝမ်ပိုဝေကို ဝင်ရှင်းပြ သည်။

'ယော့လိုမဖြစ်ဘူးသား သားကိုကိုယ်တိုင်ပေးခဲ့တာဆိုတော့ ဒီအဖြစ်အပျက်အားလုံးက အမှန်တွေပဲလို့သိနေတယ်'

'ဒေါ်ဒေါ်ကက'

'ဒေါ်ဒေါ်က သားရဲ့အမေပါပဲ'

'ဗျာ....ကျွန်တော့်အမေ'

'ဟုတ်တယ်လူလေး၊ အရင်ကတော့ အမေ့နာမည်က ဖူးဝမ်ပေါ့လေ၊ ခုတော့ အော်မေ လက်တောက်ဂိုဏ်းချုပ် ရှိချင်ဟွာပေါ့၊ ကဲပါလေ ဒါတွေကို မှ ပြည့်ပြည့်စုံစုံ ပြောပြပါမယ်၊ ကဲ....ယန်ဟူကျင်း ကျွန်မကို အဆိပ်ဖြေဆေးပေးပါ'

'ရော့ ဒီမှာပါ ဖူးဝမ်'

'ပြီးရင် ရှင်ကိုယ်တိုင်ပဲ သားရဲ့လက်နဲ့ခြေအောက် သံကြိုး တွေ ဖြေပေးလိုက်ပါ'

'အေး....'

ယန်ဟူကျင်းက သားမှန်းမသိခဲ့ရသော သားဖြစ်သူ၏ ခြေနှင့်လက်မှ ချည်နှောင်ထားသည့် သံကြိုးများကိုသွက်လက် စွာပင် ဖယ်ရှားပေးလိုက်သည်။



ဝမ်ပိုဝေ၏ မျက်နှာပေါ်တွင် အံ့သြသည့်အရိပ်အယောင် များကျန်ရှိနေခဲ့ဖြစ်သော်လည်း သူ့ကိုမုန်းတီးသော အရိပ် အယောင်များမှ လွင့်စင်သွားပြီဖြစ်သည်ကို ယန်ဟူကျင်း အကဲခတ်မိလိုက်သည်။

ထို့နောက် ဝမ်ပိုဝေကို အချုပ်ခန်းထဲမှတစ်ဆင့် သူ့ အဆောင်သို့ ပြန်တွဲခေါ်လာခဲ့၏။

ကျူးလီမာ ဝမ်ပိုဝေကို သူ၏သားအရင်းဟု သိလိုက်ရ သောကြောင့် ဆက်ဆံရေးက ပြောင်းလဲ၍သွားပြီ ဖြစ်သည်။

အဆောင်ထဲသို့ပြန်ရောက်သည်တွင် ယန်ဟူကျင်းက ဝမ် ကော့လီ၏ သမီးလေးအား ကလဲ့စားချေလိုစိတ်ဖြင့် ဝင် ရောက်ခိုးယူကာ ကြီးပြင်းအောင်မွေးထားပြီး ဖခင်နှင့် သမီး ပြန်ရန်တိုက်ပေးမိပုံများကို နောင်တရစွာဖြင့် ပြန်ပြောပြလိုက် သည်။

'ဟင် ဒါဆိုဖဲဒီယန်စေးချိဆိုတာက....'

'ဟုတ်တယ်လူလေး....မင်းကို ပေါက်စီထဲ အဆိပ်ခတ်ပြီး ပရိယာယ်နဲ့ ဖမ်းခေါ်လာတဲ့မိန်းကလေးပဲ၊ ချင်ဖုန်းဆိုတာ ကလဲ့ သူပဲလေ၊ သူ့ကိုယောကျ်ားလေးလို ရုပ်ဖျက်ပြီး သိုင်း ပြိုင်ပွဲဝင်ပြိုင်ခိုင်းခဲ့တာ'

'ရည်ရွယ်ချက်က'

'နယ်စားကြီး သခဘာကျူမြှူး စံအိမ်အောက် ကို ဝင်ထွက် လို့ရမှ မြေအောက်အချုပ်ခန်းက အချုပ်ခံထားရတဲ့ မရှေ

လက်ဝါးစီးဖန်ကို ကယ်ထုတ်လို့ရမှာ၊ ဒါမှဘွားဘွားယိမ်ရဲ့စိတ်ကူးစိတ်သန်းပဲပေါ့'

'ဒါဖြင့် ရေခဲနဂါး ခေါင်းဖြတ်ယူသွားတာကရော'

'အဲဒါလဲ ချင်ဖုန်းအယောင်ဆောင်ထားတဲ့ ယန်စေးချိပါပဲ'

ယန်ဟူကျင်းက ပြောလိုက်ရာ ဝမ်ပိုဝေ ဘဝရောက်နေသော သူ၏တစ်ဦးတည်းသော အချစ်ဆုံးသား ယန်ဟိုကောင်းကျုံပြည့်စုံစွာနားလည်သဘောပေါက်သွားသည့်အလား သက်ပြင်းကိုချသည်။

ထိုစဉ် ဖူးဝမ်ကဆက်၍....

'ဒါဆို ခု အဲဒီမိန်းကလေးရော'

'သူ့အဖေကို ပြန်လုပ်ကြံဖို့ တာဝန်ပေးလိုက်လို့ ယွဲ့ဖူးကို ထွက်သွားပြီ ဖူးဝမ်'

'ရှင် ရက်စက်လှချည်လား ယန်ဟူကျင်း'

'မင်းအပြစ်တင်ရင်လဲ ခံရမှာပဲပေါ့ ဖူးဝမ်ရယ်၊ ငါက မင်းကိုသားအမိနှစ်ယောက်ကို သူသတ်ပစ်လိုက်တယ်လို့ ထင်နေခဲ့တာကိုး၊ ခုမှပဲသူဟာ စိတ်ထားကောင်းတဲ့ လူတစ်ယောက်ဆိုတာ သိလိုက်ရတယ်၊ ဒါကြောင့် အဖေနဲ့သမီး အကင်လွဲပြီး မတိုက်ခိုက်မီခင် မင်းတို့အမြန်လိုက်သွားပြီးရှင်းပြလိုက်ကြပါ'

'ရှင်ကရော'



ဖူးဝမ်၏ ရုတ်တရက် တုံ့ပြန်သမေးကြောင့် ခြံသို့နောက်ယန်ဟူကျင်းမှာ ဘာပြန်ပြောရမှန်းမသိအောင်ပင် ဖြစ်သွားသည်။

ထိုအချိန်မှာပင် ဝမ်ပိုဝေကလည်း သူ့ကိုကြည့်ကာမေတ္တာရပ်ခံသလိုမျိုးပြောလာ၏။

'ဟုတ်ပါတယ်အဖေ၊ အဖေကဘာကြောင့်ဒီအနက်ရောင်သိုင်းသမား တစ်ယောက် ဘဝမျိုးကို ခင်တွယ်နေရတာလဲ၊ တကယ်တော့ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်မယ်ဆိုရင် အလုပ်တွေက အများကြီးပါ၊ မခုမ်းသာရင်တောင်မှ ထမင်းတော့ ငတ်နိုင်ပါဘူး'

သားဖြစ်သူထံမှ အဖေဟူသော ခေါ်သံကို သဲသဲကွဲကွဲကြားလိုက်ရသည်တွင် ယန်ဟူကျင်းမှာ မျက်ရည်များ ရစ်ဝဲလာသည့်အထိပင် ဆို့နင့်စွာခံစားလိုက်ရ၏။

'သား လူလွှား၊ မင်းက အဖေလို့ခေါ်တယ်နော်၊ အဖေ့ကို အနက်ရောင်သိုင်းပညာရှင်တစ်ယောက်လို့ သိလိုက်ရတော့ သား စိတ်မနာဘူးလား'

'အဖေက ဘာကြီးပဲဖြစ်နေနေ၊ အဖေက်တော့အဖေပါပဲလေ၊ နောက်ပြီး အမှားကိုမြင်ရင် အမှန်ကို ပြင်လို့ရနေသေးတာပဲ'

'ဟုတ်တယ် ယန်ဟူကျင်း၊ ရှင် ဦးအနက်ရောင် သိုင်းလောကကို ကျောခိုင်း စွန့်ခွာလိုက်ပါတော့ရှင်'

အော်မေ လက်သောက်ဂိုဏ်းချုပ် စုံချင်ဟွာသာ ရောက်ဖူးမယ်ကပါ ကိုက်တွန်းသလိုဝင်ပြောလာ၍ ယန်ဟူကျင်း ချိတုံချတုံဖြစ်နေစဉ်မှာပင် မမျှော်သင့်တဲ့ တောင်ကျွန်းဘွားဘွား ယိဖေးနှင့် မရဏလက်ဝါး စီးဖန်တို့ သူတို့အခန်းထဲကို ဝင်ရောက်လာကြ၏။

'ဟင်....ဟိုကောင်မလေးက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ၊ ပြီးတော့ သူကရောဘယ်သူလဲ ယန်ဟူကျင်း'

'ဟုတ်ကဲ့ ကျွန်တော်ရှင်းပြပါမယ် ဘွားဘွား'

ထို့နောက် ယန်ဟူကျင်းက ဝမ်ပိုဝေနှင့်ဖူးခမ်ကို သူ၏ဇနီးနှင့်သားဖြစ်ကြောင်း ဝမ်းသာအားရပင် ရှင်းပြလိုက်၏။

သူက အားရဝမ်းသာ သွက်လက်စွာ ရှင်းပြလင့်ကစား သူ၏စကားများကြောင့် တည်ငြိမ်ခန့်နေသော ဘွားဘွားယိဖေးနှင့် မရဏလက်ဝါး စီးဖန်တို့၏ မျက်နှာများက ပြုံးယောင်သမ်းမလာခဲ့ကြပါချေ။

'ဒါဆို မင်းက သူတို့ကိုပြန်လွှတ်ပေးမယ်ပေါ့ ဟုတ်လား'



'သူတို့က ကျုပ်ရဲ့အချစ်ဆုံးဇနီးနဲ့သားပဲလေ၊ သူတို့ကိုပြန်မလွှတ်ပေးလို့ သတ်ပစ်ရမှာလား'

'ဒီလို လွယ်လွယ်မပြောနဲ့လေ၊ သူတို့ကိုလွှတ်ပေးလိုက်ရင် ဦးခြသေ့နက်ဌာနချုပ်စခန်းရဲ့သတင်းတွေ ပေါက်ကြားကုန်မှာပေါ့'

'ဒါဆို ကျုပ်က ဘာလုပ်ရမှာတုန်း'

'သူတို့နှစ်ယောက်စလုံးကို ဒီမှာပဲဆက်ဖမ်းထားရမယ်'

အမိန့်ပေးသည့် အလား ပြတ်သားစွာ ပြောလာသော ဘွားဘွားယိဖေး၏စကားကြောင့် ယန်ဟူကျင်း ထောင်းခနဲ ဒေါသထွက်သွား၏။

တောင်ကျွန်းဘွားဘွားယိဖေးမှာ သူ့ဆရာရင်းဖြစ်သည်ကတော့ မှန်ပါသည်၊ သို့သော် ယခင်က ပြောသမျှ တစ်သွေမတိမ်း နာခဲ့သော်လည်း ခုချိန်မှာတော့ သူနားမထောင်နိုင်တော့ပါ။

ယခုတစ်ကြိမ် ဖမ်းဆီးရန် အမိန့်ပေးသည်က သူ့အချစ်ဆုံးဇနီးနှင့် သားဖြစ်လို့နေသည် မဟုတ်ပါလား။

သို့ဖြစ်၍ ယန်ဟူကျင်းက....

'မဖြစ်နိုင်ပါဘူး ဘွားဘွားယီဖေး၊ ကျုပ်ဇနီးနဲ့ သားကို တော့ ဘယ်နည်းနဲ့မှ ဖမ်းမထားနိုင်ဘူး၊ ကဲ...ဖူးဝမ် သားကို ခေါ်ပြီးသွားတော့၊ အပြင်ရောက်မှ ဖြေဆေးတိုက်လိုက်'

'မင်းတို့ ဘယ်သူမှ ထွက်သွားလို့မရဘူး'

'ခင်ဗျားက ဟန့်တားတာလား ဘွားဘွားယီဖေး'

'မင်း ထင်ချင်သလို ထင်နိုင်တယ်'

'ဟေ့ လာကြစမ်း'

ယန်ဟူကျင်က အသံမြှင့်၍ခေါ်လိုက်ရာ အနီးဝန်းကျင်မှ ဂိုဏ်းသားနှစ်ဆယ်ခန့် အဆောင်ထဲကို ပြေးဝင်ရောက်ရှိလာကြ၏။

'မင်းတို့က သူတို့နှစ်ယောက် ဟန့်တားထား၊ ကျန်တဲ့ လူတွေက သူတို့သားအမိကို အပြင်ရောက်အောင် ကာကွယ်ပြီး လိုက်ပို့ပေးလိုက်'

'ဪ...မင်းတို့က ဒီလိုလား၊ ဒါဆိုလဲ ငါတို့အကြောင်း သိသွားအောင် ပြရသေးတာပေါ့'

စကားဆုံးသည်နှင့်တောင်ကျွန်းဘွားဘွားယီဖေးနှင့်ရေကျ လက်ဝါး စီးဖန်တို့က အနီးဆုံးတွင်ရှိနေကြသော ခြင်္သေ့နက် ဂိုဏ်းသားကို စတင်တိုက်ခိုက်လိုက်၏။

'ဝုန်း'

'အင့်'



'အူး....'

သိုင်းပညာအဆင့်ချင်း ကွာခြားလှသည်ဖြစ်၍ ခြင်္သေ့နက် ဂိုဏ်းသားများမှာ တစ်ယောက်ပြီး တစ်ယောက်ပင် လဲကျ သေဆုံးကုန်ကြသည်။

သို့ဖြစ်၍ သူကိုယ်တိုင်ဝင်ရောက် တိုက်ခိုက်ရန် မလွဲသွေ လိုအပ်လာပြီဟု ယန်ဟူကျင်းသဘောပေါက်လိုက်၏။

ထိုအချိန်တွင် ဖူးဝမ်မှာ ဝမ်ပိုဝေကိုခေါ်၍ အဆောင်ထဲမှ လျှင်မြန်စွာပင် ထွက်ခွာ၍သွားပြီဖြစ်သည်။

ဝမ်ပိုဝေကို အရိုးပျော့အဆိပ်ခတ်ထားခြင်းအပေါ် ယခု ပင် ယန်ဟူကျင်း နောက်တခေါက်ကောင်းကောင်း ရပိုက်မိသည်။

အကယ်၍ အရိုးပျော့အဆိပ်ခတ်ထားခြင်းသာ မခံရလျှင် သိုင်းပညာစွမ်း မြင့်မားလှသည့် သူ့သားဝမ်ပိုဝေကကောင်း ကောင်းကူညီတိုက်ခိုက်ပေးမှာ သေချာလှသည်။

ယခုမူ အဆိပ်မိထား၍ သာမန်လူတစ်ယောက်သိုပင် ဖြစ် နေသည်၊ ဖူးဝမ်ကို ဖြေဆေးပေးလိုက်ပြီးဖြစ်၍ တော်သေး သည်။

သို့သော် ဖြေဆေးသောက်ပြီးပြီးချင်းတွင်လည်း ချက်ချင်း ပြန်မကောင်းနိုင်ချေ၊ သို့ဖြစ်၍ သားဖြစ်သူ ဗုမကွဲရောက်ရ စေရန် သူကိုယ်တိုင်အသက်စွန့်၍ တောင်ကျွန်းဘွားဘွားယီ ဖေးတို့လင်မယားအား ဟန့်တားတိုက်ခိုက်သွားရန် ယန်ဟူ ကျင်းဆုံးဖြတ်ချက်ချလိုက်သည်။

'လာပြီဟေ့'

ခြသေ့်နက်ယန်ဟူကျင်းက အပေါက်ဝသို့ရောက်နေသော မရဏလက်ဝါး စီးဖန်အား ခြသေ့်စစ်ကောင်အလား ရဲဝံ့စွာ ခုန်ကုပ်၍ ပြင်းထန်စွာပင်တိုက်လိုက်၏။

ဒီနေရာမှာတော့ သူ၏သစ္စာရှိ လူယုံတပည့် လက်ထောက် ဂိုဏ်းချုပ်မြေခွေးကျူးလီ၏ သစ္စာတရားကလည်း လေးစား လောက်ဖွယ်ကောင်းနေပြန်သည်။

သူ့ထက် သိုင်းပညာမယှဉ်သာအောင် ကွာခြားမှန်းသိ လျက်နှင့်ပင် ဓားကိုထုတ်၍ တောင်ကျွန်းဘွားဘွား ယီဖေး အား ရဲရင့်စွာဝင်ရောက်တိုက်လိုက်၏။

အဆောင်ထဲတွင် တိုက်ခိုက်သံများ ဆူညံနေလေသည်။ သိုင်းပညာအဆင့်တွင် ကွာခြားလွန်းမှန်း သိသွားသော ကြောင့် ခြသေ့်နက် ဂိုဏ်းသားများထဲမှ ကျန်လူများမှာ တောင်ကျွန်းဘွားဘွားယီဖေးတို့ကို ဝင်ရောက် မတိုက်ခိုက်ရဲ ကြချေ။

ခပ်လှမ်းလှမ်းမှသာ မဝံ့မရဲမျက်နှာများဖြင့် စောင့်ကြည့် ၍နေကြ၏။ ထို့ကြောင့် ခြသေ့်နက်ယန်ဟူကျင်းနှင့် မြေခွေး ကျူးလီတို့သာလျှင် အသေအလဲဝင်ရောက် တိုက်ခိုက်နေခဲ့ရ လေသည်။

'ရော့'



မြေခွေးကျူးလီ၏ ခါးလည်ဖြတ်သိမ်းဓားချက်ကို တောင် ကျွန်းဘွားဘွားယီဖေးက လွယ်လင့်တကူပင် လေထဲသို့ ခုန် တက်၍ တိမ်းရှောင်ပေးလိုက်သည်။

ပြီးမှ ခြေကိုဆန့်၍ ကန်လိုက်သည်တွင်....

'ဝုန်း....'

'အန့်....'

မြေခွေးကျူးလီမှာ အရှိန်ပြင်းစွာဖြင့်ပင် အခန်းထောင့် ကိုလွင့်စဉ်ထွက်သွားခဲ့သည်။ ထိုမှမြေခွေးကျူးလီက ပြန်လူး လဲထရန် ကြိုးစားနေဆဲမှာပင် တောင်ကျွန်းဘွားဘွား ယီဖေး ထံမှ လက်နက်ပုန်းတစ်ခုက ပျံဝဲထွက်သွားပြီးသကာလ ကျူး လီ၏နဖူးကို တည့်မတ်စွာပင် စိုက်ဝင်သွားလေတော့သည်။

'အ....'

ထို့နောက်မှာတော့ မြေခွေးကျူးလီမှာ ဟုတ်တိပတ်တိ ပင် အသံထွက်နိုင်တော့ဘဲ ခွေလဲကျကာ ငြိမ်သက်စွာပင်သေ ဆုံးသွား၏။

သူ၏သစ္စာရှိ လူယုံတပည့် ကျူးလီလဲကျသေဆုံးသွားသည် ကို မြင်လိုက်ရ၍ခြသေ့်နက်ယန်ဟူကျင်း ဒေါင်းခနဲ ဒေါသ ထွက်သွားသည်။

သို့သော် ယှဉ်ဘာမျှမတွေ့တတ်နိုင်ပါချေ၊ သူကိုယ်တိုင်မှာလည်း မရဏလက်ဝါးစီးဖန်၏ ပြင်းထန်သောတိုက်ခိုက်မှုကို အလူးအလဲခံနေရခိုက်ဖြစ်၍ ဂတောင်မင်းကို မြှောက်မင်းမကယ်နိုင်သော အနေအထားမျိုးဖြစ်၍ နေသည်။

သူမည်မျှပင် ပညာကုန်ထုတ်သုံး၍ တိုက်ခိုက်သည်ဖြစ်စေ၊ သူ့လက်အတွင်းအားရော သိုင်းပညာပါ ပိုမိုသာလွန်သော မရဏလက်ဝါး စီးဖန်ကိုမူ အသာစီးရအောင် မဆိုထားနှင့် တန်းတူရည်တူမျှပင် ယန်ဟူကျင်းမတိုက်ခိုက်နိုင်ခဲ့ပါချေ။

'ရော့'

'ဝှစ်'

ယန်ဟူကျင်းက ခြေလိမ်နင်းတက်၍ ညာလက်သည်းကုပ်ခွဲချက်ဖြင့် မရဏလက်ဝါးစီးဖန်၏ လည်မျိုကို အပိုင်ကုပ်ဆွဲတိုက်ခိုက်လိုက်၏။

သို့သော် မရဏလက်ဝါးစီးဖန်၏လျှပ်ရှားမှုက သူမျှော်လင့်ထားသည်ထက်ပင် ပိုမိုလျင်မြန်နေပေသည်။

ခေါင်းကိုလှန့်၍ တိမ်းရှောင်ပေးလိုက်သည်တွင်သူ၏လက်သည်းကုပ်ချက် လုံးဝလွဲချော်သွား၏။

သည်တော့မှ မရဏလက်ဝါးစီးဖန်က ယန်ဟူကျင်း၏ ရင်ဝကို ညာလက်ဝါးဖြင့် ရိုက်ချလိုက်၏။



'ဝှမ်း'!

'ဟင်'!

လက်ဝါးရိုက်ချက်က လှိုင်းရိုက်သံပေး၍ကျရောက်လာရာ ယန်ဟူကျင်း ကပျာကယာပင် တိမ်းရှောင်ပေးလိုက်၏။

ယန်ဟူကျင်းက မရဏလက်ဝါးစီးဖန်၏ လက်ကောက်ဝတ်ကို ဖမ်းကုပ်လိုက်သော်လည်း မရဏလက်ဝါးစီးဖန်က လက်ကိုရုပ်ပြီးဖြစ်၍ ဒလကိုသာလျှင် ဖမ်းကုပ်မိသွားခဲ့၏။

နောက်တော့ နှစ်ယောက်စလုံး လေထဲသို့ ပြိုင်တူခုန်တက်ပြီး ခြေကန်ချက်များ ထုတ်လိုက်ကြ၏။

'ဝုန်း'

'အင့်'

ယန်ဟူကျင်း၏ ခြေကန်ချက်က မရဏလက်ဝါးစီးဖန်ကို မထိ၊ စီးဖန်၏ ခြေကန်ချက်ကသာလျှင် ရင်ဝကို ထိသွားရာ ယန်ဟူကျင်း ထင်ယောက် အရှိန်ဖြင့် ပြုတ်ကျသွားခဲ့လေသည်။

အားပါသော ခြေကန်ချက်မျိုးဖြစ်၍ချက်ချင်းပြန်သူးလဲထလိုက်သည်တွင် ယန်ဟူကျင်းမှာ ခွန်အားကင်းမဲ့သွားသလိုမျိုး ယိမ်းယိုင်၍နေသည်။

ထိုအခွင့်အရေးကို ရက်စက်သောအနက်ရောင်သိုင်းရာဇာ မရဏလက်ဝါး စီးဖန်က လက်လွှတ်မခံချေ။

လေအဟုန်ကဲ့ လျင်မြန်ခြင်းမျိုးဖြင့် တိုးဝင်သွားကာ သူ့အားထားမှုသော မရဏလက်ဝါးသိုင်းကွက်ဖြင့်ယန်ဟူချင်း၏ရင်ဝအား ဆင့်ကဲတိုက်ခိုက်ပစ်လိုက်လေတော့၏။

'ဝုမ်း'

'ဝုန်း'

'အား'

ယိမ်းယိုင်နေသည့် ယန်ဟူကျင်းမှာ လက်ဝါးချက်ကျရောက်လာသည့်ကိုမြင်သော်လည်း တိမ်းရှောင်ရန်မှု ခွန်အားမရှိတော့ပါချေ။

သို့ဖြစ်၍ လက်ဝါးချက်ကို မိမိရင်ဝ ခံလိုက်ရမြန်သည်တွင် နေရာမှလွင့်စဉ်ကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကိုပြုတ်ကျသွားခဲ့၏။

နောက်တော့ တစ်ချက်မျှလွှားလွန့်ပြီးနောက် ငြိမ်သက်စွာပင်၊သေဆုံး၍သွားလေ၏၊ သည်တော့မှ မရဏလက်ဝါးစီးဖန်က ခြသေ့်နက်ဂိုဏ်းသားများကို ဝေ့ဝဲကြည့်လိုက်ကာ....

'ငါတို့ရဲ့ကပည့် ဆက်လုပ်ချင်ရင် အားလုံးသက်နက်တွေပစ်ချလိုက်ကြ၊ လက်နက်ဆက်ပြီးကိုင်ဆောင်သူကိုတော့ ငါတို့ကို ရန်ပြုမယ့်လူလို့သတ်မှတ်ပြီး ရှင်းပစ်ရသုံမှာမယ်'

ပြောလိုက်သည်တွင် ခြသေ့်နက် ဂိုဏ်းသားများမှာ သတ္တိမကောင်းရဲကြတော့ပါချေ၊ လက်နက်များကို ပြာပြာသလဲ ပင် ပစ်ချလျက် သူတို့ကို သစ္စာခံလိုက်ကြ၏။



'မိုက်မဲတဲ့ကောင်တော့ ဇာတ်သိမ်းသွားပြီ၊ ဒါပေမယ့် ဟိုသားအမိတော့ မတွေ့တော့ဘူး'

တောင်ကျွန်း ဘွားဘွားယိဖေးက သူ့အနားကိုပြန်ရောက်လာရင်းပြော၏၊ သို့သော် ဘိုနှစ်ယောက်မှာ သူတို့ကိုအန္တရာယ်မပြုနိုင်လောက်ဟု ယူဆထားသောကြောင့် စီးဖန်က စိုးရိမ်ကြောင့်ကြခြင်း မရှိခဲ့ပါချေ။

'ကိစ္စမရှိပါဘူးလေ၊ ဒီသားအမိကလဲ ဒီလောက်အန္တရာယ်မရှိလှပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ကစပြီး ခြသေ့်နက်ဂိုဏ်းကို ငါတို့လင်မယားပဲ ဦးဆောင်တော့မယ်...အရင်ကထက်ပိုပြီး တိုက်ခိုက်လုယက်မှုတွေ ကျူးလွန်မယ်၊ ပြီးတော့ အဖြူရောင်သိုင်းလောကကို ကောင်းကောင်းကြီး ခုက္ခပြန်ပေးရမယ်.... ဟား ဟား ဟား'

ကိုယ့်စကားကိုကိုယ် သဘောကျပြီး ရယ်မောလိုက်သည့် စီးဖန်၏ရယ်မောသံကြီးက ပတ်ဝန်းကျင်ကိုပင် ဖုံးလွှမ်း၍သွားလေတော့သတည်း။

* * * *

## (၂၈)

ဟိုပေနယ်စားကြီး လီဝူချင်၏သမီး လီကွေးရှန်မှာ စိတ်မ်တူသော သာမန်အရပ်သူတစ်ယောက်ပမာ လိမ်ညာ၍ တပ်မှူး ဟိုဖေကျန်နှင့် ကပ်လိုက်နေခဲ့၏။

တကယ်တော့ ဟိုဖေကျန်နှင့် လီကွေးရှန်တို့မှာ ထူးတော့ သိပ်မထူးကြပါချေ၊ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် လိမ်ညာသားကြသည်ချည်းသာဖြစ်၏။

ဟိုဖေကျန်က လီကွေးရှန်အားသာမန်အရပ်သူမိန်းကလေး တစ်ယောက်ဟု ထင်မှတ်ထားခဲ့သလို ဟိုဖေကျန်ကိုလည်း လီကွေးရှန်က အထူးတပ်မှူး တစ်ယောက်ဟု မရိပ်စားမိခဲ့ပါချေ။



သိုင်းပညာထူးချွန်သည့် အဖြူရောင် သိုင်းလောကသား တစ်ယောက်ဟုပင် ယုံကြည်နေခဲ့လေ၏၊ သို့ဖြင့် နှစ်ယောက်သား အတူတူ သွားလာစားသောက်ကြရင်းမှ အိုးချင်းထားအိုးချင်းထိဟူသောစကားကဲ့သို့ပင် တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွယ်လာခဲ့ကြ၏။

လီကွေးရှန်မှာ ဝမ်ပိုခေါ ကို စိတ်ဝင်စားခဲ့ဖူးသော်လည်း ယခုအခါမှာတော့ သူမကို ကယ်တင်ပေးသည့် သခင်ကောင်း ဖြိုး ရဲရှင်သည့် ဟိုဖေကျန်ကို ပိုမိုခင်တွယ်နေမိပြီ ဖြစ်သသည်။

ဟိုဖေကျန်မှာ ဝမ်ပိုခေါယောက် ရုပ်ရည်ချောမောခြင်း မရှိသော်လည်း ယောကျ်ားပီသကာ ခန့်ညားသည့်ရုပ်ရည်မျိုး ရှိသူပင်ဖြစ်၏။

သို့ဖြင့် မြို့ငယ်လေးတစ်မြို့ကိုအရောက်မှာတော့ လီကွေးရှန် တစ်ယောက် အလိမ်ပေါ်ရန်အကြောင်းဖန်လာ၏။

ယင်းကား မြို့လေးတစ်မြို့ကိုအရောက်မှာ ဟိုဖေကျန်နှင့် အတူ မြို့စျေး၌ လျှောက်လာစဉ် သူမအဖေ၏ လက်ရွေးစင် ကိုယ်ရံတော်ရဲမက်တစ်ယောက်နှင့် ပက်ပင်းသွားတိုးမိခြင်းပင် ဖြစ်၏။

'ဟင်....သခင်မလေးပါလား....ဝမ်းသာလိုက်တာ သခင်မလေးရာ၊ နယ်စားကြီးက ကျွန်တော်တို့ကို လွှဲခဲ့ပြီးလိုက်ရှာနိုင်းထားတာ ကြာလှပြီ၊ ခုမှပဲတွေ့ရတော့တယ်'

တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဟူသော စကားကဲ့သို့ပင် ထလွတ်တွတ်ပြောလိုက်သည့် ရဲမက်၏စကားကြောင့် လီကွေးရှန် ခုက္ခရောက်သွား၏။

အနားတွင် ဟန်းလီကလည်း အတူရှိနေသည် ဖြစ်၍ လီကွေးရှန်က မင်သေသေဖြင့် ပြန်ပြောလိုက်၏။

'ရှင် လူမှားနေပြီထင်တယ်၊ ကျွန်မက ဘာသခင်မလေးမှ မဟုတ်ပါဘူး၊ ကျွန်မနာမည်က စီဝမ်ပါ'

'ကျွန်တော့်ကို မနောက်ပါနဲ့ သခင်မလေးရာ၊ သခင်မလေး ဘယ်လိုအဝတ်အစားမျိုးပဲ ဝတ်ထားဝတ်ထား၊ ချောမောလှပတဲ့ သခင်မလေးရဲ့ ရုပ်ရည်က ထင်ရှားပေါ်လွင်နေတာမို့ ကျွန်တော်ချက်ချင်း မှတ်မိပါတယ်၊ သခင်မလေးပြန်သွားရင် နယ်စားကြီးက အပြစ်ဆိုမှာ မဟုတ်ပါဘူး၊ ဝမ်းတောင်သာဦးမှာပါ၊ နောက်ပြီး စံအိမ်တော်မှာလဲ ပြဿနာတွေတက်နေတယ်'

'ပြဿနာတွေတက်နေတယ် ဟုတ်လား'



ဖခင်အတွက် စိုးရိမ်ပူပန်မှုကြောင့် ဟန်ဆောင်ပြုံးပြနေသည့်အဖြစ်ကိုမေ့ပြီး လီကွေးရှန်က ပြာပြာသလဲ ပြန်မေးလိုက်မိသည်။

'ဟုတ်တယ် သခင်မလေး၊ ခုလို ပြာပြာသလဲ ပြန်မေးကတည်းက ကျွန်တော်လူမှားတာ မဟုတ်ဘူးဆိုတာ သေချာသွားပါပြီ'

ရဲမက်၏စကားကြောင့် သူမ ဆက်ပြီးလိမ်ညာ၍ မရနိုင်တော့ဟု လီကွေးရှန်သဘောပေါက်လိုက်၏၊ ထို့ကြောင့် ဟန်းလီကို လှည့်မကြည့်ရဲလောက်အောင်ပင် လီကွေးရှန် မလုံမလဲဖြစ်သွား၏။

ထိုစဉ်မှာပင် ဟန်းလီက ရဲမက်ကို သိချင်သလို ဝင်မေးသည်။

'နေပါဦးဗျ၊ သူက ဘယ်သူလဲ'

'သူက ဟိုပေနယ်စားကြီး လီဝူချင်ရဲ့ တစ်ဦးတည်းသောသမီး လီကွေးရှန်ပါ၊ သခင်မလေး အိမ်က ထွက်ပြေးသွားလို့ ကျွန်တော်တို့က လွှဲခဲ့ပြီးလိုက်ရှာနေတာကြာပါပြီ၊ ဒါနဲ့ ခင်ဗျားက....'

'ကျုပ်က ဟန်းလီပါ၊ သူ့ကိုကူညီပေးထားတဲ့ မှူတစ်ယောက်ပါ၊ ဒါပေမယ့် သူဟာ နယ်စားကြီးရဲ့ သမီး တစ်ယောက် ဆိုတာတော့ ခုခင်ဗျားပြောမှပဲ သိရတော့တယ်၊ ကျုပ်က သူ့ကို သာမန်အရပ်သူမိန်းကလေးစိဝင်လို့ပဲ သိထားတာလေ'

ဟန်းလီ၏ စကား အဆုံးမှာ လီကွေးရှန့်က သူမဝင်ပြီး ရှင်းမပြ၍ မဖြစ်တော့ဟု နားလည်သဘောပေါက်လိုက်၏။

မဟုတ်လျှင် ဟန်းလီက သူမအပေါ် တစ်မျိုးမြင်သွားနိုင်သည်မဟုတ်ပါလော။

'ကျွန်မကို စိတ်မဆိုးပါနဲ့ အစ်ကိုဟန်း ခုတော့ ကျွန်မက သူပြောသလို ဟိုပေနယ်စားကြီး လီဝူချင်ရဲ့တစ်ဦးတည်းသော သမီး လီကွေးရှန့်ပါပဲ၊ ကျွန်မ အမှန်ကိုမပြောပြခဲ့တာတော့ အစ်ကိုက ကျွန်မကို နယ်စားသမီးမှန်းသိရင် အတင်းပြန်ပို့ပေး နေမှာစိုးလို့ပါ၊ ကျွန်မကို တစ်မျိုးမထင်ပါနဲ့'

'အင်းလေ၊ မင်းက ဒီလိုတောင်းပန်တော့လဲ ခွင့်လွှတ်ရတော့မှာပေါ့၊ ဒါထက် မင်းကဘာကြောင့်အိမ်ကထွက်ပြေးရတာလဲ'

'ချင်ဖုန်းဆိုတဲ့ သိုင်းသမားတစ်ယောက်နဲ့ ဖေဖေက ပေးစားမယ်ပြောလို့ပါ၊ သူ့ကိုမလိုချင်တာကြောင့် ထွက်ပြေးလာတာပါ'



'ဪ'

ထိုနေရာအရောက်တွင် ရဲမက်က ရုတ်တရက်ဝင်၍....

'သခင်မလေး ဒီအကြောင်းမဆိုမိပါနဲ့'

'ဘာကြောင့်လဲ'

'ချင်ဖုန်းက ခုဆို စံအိမ်တော်မှာ မရှိတော့ဘူး၊ အကျဉ်းသားတစ်ယောက်ကို ခိုးကယ်ပြီး ထွက်ပြေးသွားပြီ'

'ဘယ်အကျဉ်းသားကို ကယ်သွားတာလဲ'

'မရဏလက်ဝါးစီးဖန်ဆိုတဲ့ အနက်ရောင်သိုင်းရာဇာအဘိုးကြီးကိုပါ'

'မရဏလက်ဝါး စီးဖန်'

ဟန်းလီက သံယောင်လိုက်ရေရွတ်ကြည့်ရင်း စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်၍ နေ၏။

စီဝမ်ကမူ သိုင်းလောကသား တစ်ယောက် မဟုတ်၍ ထိုကိစ္စကို အလေးအနက်မရှိလှချေ၊ ချင်ဖုန်းနှင့် လက်ထပ်စရာ

မလိုတော့ဟု သိလိုက်ရသောကြောင့်သာ ပျော်ရွှင်၍သွားလေသည်။

တစ်ချိန်တည်းမှာပင် သူမအတွက် စိတ်ပူပင်စိုးရိမ်နေမည့် ဖခင်ဖြစ်သူကိုလည်း စိုးရိမ်သောက ပြေပျောက်စေချင် လာသည်။

'ကောင်းပြီလေ၊ ချင်ဖုန်းနဲ့လက်ထပ်ဖို့ မလိုတော့ဘူးဆိုရင်တော့ ကျွန်မခုပဲ စံအိမ်တော်ကို ပြန့်ပါ့မယ်'

'ကျေးဇူးတင်ပါတယ် သခင်မလေး၊ သခင်မလေးကိုမြင်ရရင် နယ်စားကြီးပျော်သွားမှာ သေချာပါတယ်'

'ဖေဖေတော့ နေကောင်းတယ်နော်'

'နေကောင်းပါတယ် သခင်မလေး၊ စိတ်ရှုပ်နေတာတစ်ခုပါပဲ'

'ကျွန်မပြန်ရောက်ရင့်တော့ ဖေဖေ စိတ်ပြန်ကြည်သွားမှာပါ'

'မှန်ပါတယ်'



နောက်တော့မှ လီကွေးရှန်က ဟန်းလီကို လှည့်ပြောလိုက်သည်။

'အစ်ကိုဟန်းလီ၊ ရှင့်လဲ စံအိမ်တော်ကို တူတူလိုက်ခဲ့ပါလို့ ကျွန်မ မေတ္တာရပ်ခံပါတယ်'

'ကျုပ်က....'

'ဟုတ်ပါတယ်၊ ဖေဖေ့ကို ကျွန်မရဲ့ ကျေးဇူးရှင် အဖြစ် မိတ်ဆက်ပေးချင်လို့ပါ'

သူမစကားအဆုံးတွင် စဉ်းစားဟန်ဖြင့် ယန်းလီကခေတ္တမျှ တွေဝေသွား၏၊ ပြီးတော့ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည့်အလား ခေါင်းကိုညိတ်၍....

'ကောင်းပါပြီလေ ကျုပ်လိုက်ခဲ့ပါ့မယ်၊ ကျုပ်မှာ ဒီပြင်ကိစ္စလဲ အရေးတ ဆောင်ရွက်စရာမရှိဘူး၊ နောက်ပြီး နယ်စားသမီးတစ်ယောက်ဖြစ်တဲ့ မင်းကို ပြန်ပို့ပေးသင့်တယ်လို့ထင်တယ်လေ'

'ကျေးဇူးတင်ပါတယ် အစ်ကိုဟန်းလီ၊ ရှင် ဘယ်လိုပဲယူဆယူဆ ကျွန်မနဲ့စံအိမ်တော်ကို အတူတူလိုက်ခဲ့ပေးမယ်ဆိုရင်ကို ကျေနပ်ပါပြီ'

'ဒါဆိုရင် ကျွန်တော်တို့ သွားကြရအောင် သခင်မလေး'

ရဲမက်၏စကားအဆုံးတွင် လီကွေးရှန်က ခေါင်းကိုညိတ်ပြလိုက်သည်။ နောက်တော့ သုံးယောက်သား ထိုနေရာမှ ဆက်လက်ထွက်လာခဲ့ကြ၏။

ချင်ဖုန်းမရှိတော့ဟု သိလိုက်ရ၍ လီကွေးရှန်၏ ခြေလှမ်းများ သွက်လက်နေသည်ကား အမှန်ပင်။



စီဝမ် ဟူသော မိန်းမလှလေးမှာ သူထင်မှတ်ထားသလို ပတွေးရှန်ကိုကြောက်၍ ထွက်ပြေးလာသည့် မိန်းမပျိုလေး တစ်ယောက် မဟုတ်ဘဲ နယ်စားကြီး၏ တစ်ဦးတည်းသော သမီးချော လီကွေးရှန်ဟု သိလိုက်ရသည်တွင် ဟိုဖေကျန် အတော်ပင် အံ့သြ၍သွားမိသည်။

ထို့နောက် လီကွေးရှန်က စံအိမ်တော်သို့လိုက်ခဲ့ရန် ဖိတ်ခေါ်လာသည်တွင် ဟိုဖေကျန်က လေးနက်စွာ စဉ်းစားပြီး နောက် လက်ခံသဘောတူလိုက်သည်။

လီကွေးရှန်၏ဘဝမှန်ကို သူသိရပြီဖြစ်သလို တင်မူးတစ်ယောက်ဖြစ်သော သူ၏ဘဝမှန်ကိုလည်း ဖွင့်ပြောပြမည်ဟု ဟိုဖေကျန် စိတ်ကူးလိုက်သည်။

သို့သော် လောလောဆယ် မပြောသေးဘဲ နယ်စားကြီး လီမူချင်နှင့်တွေ့မှ ဖွင့်ပြောပြရန် ဟိုဖေကျန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် နောက်ဆုံးမှာတော့ တင်မူးဟိုဖေးကျန်မှာ ဟိုခပ နယ်စားကြီးလီမူချင်၏ စံအိမ်တော်သို့ ရောက်ရှိသွားသည်။

နယ်စားကြီးလီဂူချင်ကား သမီးကို ပြန်တွေ့ရသဖြင့် ဝမ်းမြောက် မဆည်နိုင်အောင် ဖြစ်နေသည်ကိုတွေ့ရ၍ ဟိုဖေကျန်း မပြုံးဘဲ မနေနိုင်အောင် ဖြစ်ရသေးသည်။

'ကံကောင်းလို့ပါလား သမီးရယ်၊ ဖေဖေ လွှတ်လာတဲ့ ကိုယ်ရံတော်တွေထဲက တစ်ယောက်က ရှာတွေ့ခဲ့လို့သာပေါ့၊ မဟုတ်ရင် သမီး ဘယ်လောက်ကြာအောင် ပျောက်သွားနေဦးမယ် မပြောတတ်ဘူး၊ ဒါနဲ့ သမီး ဘာအန္တရာယ်နဲ့မှတော့ မကြုံတွေ့ခဲ့ရပါဘူးနော်'

'မကြုံခဲ့ရပါဘူး ဖေဖေ၊ ဘာဖြစ်လို့လဲဆိုတော့ တောဒီက အစ်ကိုက သမီးကို တစ်ချိန်လုံး ကာကွယ်စောင့်ရှောက်ပေးခဲ့လို့ပါ'

ဝမ်းသာစိတ်ဖြင့် မွန်ထူနေသော လီဂူချင်မှာ ထိုအခါကျမှပင် ငြိမ်ငြိမ်းရပ်နေသောသူ့ကို သတိပြုမိသွားခဲ့သည်။

'ဪ....မောင်ရင်က သမီးကို ကူညီသားတဲ့ ကျေးဇူးရှင်လား၊ ကျေးဇူးတင်ပါတယ်ကွယ်၊ အေးအေးဆေးဆေး စကားပြောရအောင် ဝင်ထိုင်ပါဦး'

'ဟုတ်ကဲ့'



ဟိုဖေကျန်းက ထိုင်ခုံတွင် ဝင်ထိုင်လိုက်သလို လီကွေးရှန်နှင့် လီဂူချင်တို့ကလည်း မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံလွတ်များတွင် ဝင်ထိုင်လိုက်ကြသည်။

ဒီတော့မှ လီကွေးရှန်ကပင် သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

'အစ်ကို ဒါက ကျွန်မအဖေ ဟိုပေနယ်စားကြီး လီဂူချင်လို့ အထူးတလည်မိတ်ဆက်ပေးနေဖို့တောင် မလိုဘူး ထင်ပါတယ်ဖေဖေ၊ သူက သမီးကိုကယ်တင်စောင့်ရှောက်ခဲ့တာအပြင် ရှေ့ဆင် သိုင်းလောကသား တစ်ယောက်နော်'

'ဟုတ်ကဲ့၊ တာဝန်အရ သိုင်းလောက သားတစ်ယောက်လို လှည့်လည်သွားနေရတဲ့ လူတစ်ယောက်ပါ နယ်စားကြီး၊ ခုတော့ နယ်စားကြီးကို အမှန်ဖွင့်ပြောပြပါမယ်၊ ကျွန်တော်က ဘုရင့်လက်ရွေးစင်တပ်က အထူးတပ်မှူး ဟိုဖေကျန်းဖြစ်ပါတယ်'

'ဟင်'။

'ရှင်'

သူ့ထံမှ မျှော်လင့်မထားသော စကားကို ကြားလိုက်ရသောကြောင့် လီကွေးရှန်တို့ သားအဖ နှစ်ယောက်စလုံးပင် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကြ၏။

ပြီးနောက် စတင်လှုပ်ရှားလာသူကား နယ်စားကြီး လီဝူချင်ပင်။

‘သြော်....မောင်ရင်က တပ်မှူး ဟိုဖေကျွန်ကိုး’

‘နယ်စားမင်း ကြားဖူးလို့ပါလား ခင်ဗျာ’

‘ကြားဖူးတာပေါ့ တပ်မှူးရယ်၊ အကြောင်းမကြုံကြိုက်လို့ လူချင်းမတွေ့ဖူးသေးပေမယ့် တပ်မှူးရဲ့ ကောင်းသတင်းတွေက နားမဆန့်အောင် ကြားဖူးသားပါတယ်၊ ဘုရင့် လက်ရွေးစင်တပ်ရဲ့ တပ်မှူးရာထူးကိုရဖို့ဆိုတာက လွယ်တာမှမဟုတ်ဘဲကာ’

နယ်စားကြီး လီဝူချင်က တလေးတစား ပြောလာသော်လည်း မိန်းမလှလေးလီကွေးရှန်ကမူ ဘဝင်မကျသည့်အသွင် နှုတ်ခမ်းလေး စူ၍သွား၏။

‘သြော်....အစ်ကိုက တပ်မှူးတစ်ယောက်ဖြစ်ပြီး သာမန်သိုင်းလောကသား တစ်ယောက်လို့ ကျွန်မကို ညာပြောခဲ့တာပဲ’



‘ဒါကတော့ ဒီသတင်းမပျံ့စေချင်လို့ ညာပြောခဲ့ရတာပါ လီကွေးရှန်၊ ပြောမယ်ဆိုရင် မင်းနဲ့ကိုယ်က ကြေသွားပါပြီ၊ မင်းကလဲ ကိုယ့်ကိုသာမန်အရပ်သူ မိန်းကလေးတစ်ယောက်လို့ ညာပြောခဲ့တာပဲ မဟုတ်လား’

‘သမီးက တပ်မှူးကို ဒီလိုပဲညာပြောခဲ့တာလား’

‘ဟုတ်ပါတယ် နယ်စားမင်း၊ သူက ပထွေးကိုကြောက်ပြီး ထွက်ပြေးလာတဲ့ သာမန်အရပ်သူ မိန်းကလေးစီဝမ်လို့ ကိုယ့်ကိုကိုယ် မိတ်ဆက်ပေးခဲ့ပါတယ်’

‘ဟင်.... ဖြစ်မှဖြစ်ရလေ သမီးရယ်၊ ကြုံဖန်ပြီး လျှောက်ညာပြောရတယ်သို့’

လီဝူချင်က မချင့်မရဲပြောလိုက်သည်တွင် လီကွေးရှန်က ရှက်ကိုးရှက်ကန်း မျက်နှာလေးဖြင့်....

‘ဒါကလဲ အကြောင်းရှိလို့ ညာပြောရတာပါ ဖေဖေရယ်၊ အမှန်အတိုင်း ပြောပြလိုက်ရင် အစ်ကိုက ကျွန်မကို အိမ်ပြန်လိုက်ပို့ပေးနေမှာပေါ့ မဟုတ်ဘူးလား’

‘ဘာလဲ သမီးက ချင်ဖုန်းကိုယူရမှာစိုးလို့ ထွက်ပြေးတာလား’

‘ဟုတ်တယ် ဖေဖေ၊ ခုလဲ ချင်ဖုန်းနဲ့လက်ထပ်ဖို့ကိစ္စ ပျက်သွားပြီဆိုတာသိရလို့ သမီးပြန်လာတာ၊ နို့မို့ဆို ပြန်လာဖြစ်ဦးမှာမဟုတ်ဘူး’

'ဟုတ်တယ်သမီး၊ ချ ဖုန်းက အနက်ရောင် သိုင်းသမား တစ်ယောက်ပဲလေ၊ သူက ရေခဲနဂါးခေါင်းကို ဖြိုလာခဲ့ပေမယ့် အဲဒီနောက်ရေနွေးညမှာပဲ မြေအောက်အချုပ်ခန်းက အနက်ရောင် သိုင်းရာဇာမရဏလက်ဝါးစီးဖန်ကိုကယ်ပြီး ထွက်ပြေးသွားခဲ့တယ်'

'ဒီအတွက် သမီးကတော့ ဝမ်းသာတယ်၊ ဒါမှ ချင်ဖုန်းကို မယူရတော့မှာ'

လင်ကျွေးရှန်က ကလေးဆန်သော အမူအရာလေးဖြင့် ပြောသော်လည်း ခြင်္သေ့နက်ဂိုဏ်းကိုဖြိုခွင်းရန် တာဝန်ယူထားရသော တပ်မှူးဟိုဖေးကျန်မှာမူ ထိုသတင်းကြောင့်စိတ်များ ပိုမိုလေးလံ၍သွားသည်။

ယခုပင် တောင်ကျွန်းဘွားဘွားယီဖေး၏ အရှိန်ဖြင့် ထင်ရစိုးနေသော ခြင်္သေ့နက်ဂိုဏ်းကို မရဏလက်ဝါးစီးဖန်ကဲ့သို့ အနက်ရောင်သိုင်းရာဇာကြီးတစ်ယောက် ထပ်မံရောက်ရှိသွားမည် ဆိုလျှင်တော့ ကျွန်ုပ်ကိုအဆောင်ပိတ်ပေးလိုက်သည့်နယ် ပို၍နှိမ်နင်းရ ခက်ခဲသွားပေတော့မည်။

'မင်းဘာ ဝမ်းသာပေမယ့် အဖြူရောင် သိုင်းလောကက တော့ ဝမ်းသာကြမှာမဟုတ်ဘူး၊ လင်ကျွေးရှန်'

'ဘာဖြစ်လို့လဲအစ်ကို'

'မရဏလက်ဝါး စီးဖန်ဆိုတာက ကြောက်စရာကောင်း၊ လောက်အောင် သိုင်းပညာစွမ်းထက်ပြီး သူမတူအောင်ရက်



က်ကဲ့ အနက်ရောင် သိုင်းရာဇာကြီးတစ်ယောက်လေ၊ သူ အဖြင့်ကိုရောက်သွားပြီဆိုရင် အားလုံးအေး အားနေရတော့ မှာ မဟုတ်တာ သေချာတယ်'

'ဟုတ်တယ်သမီး၊ သူ့ကိုဖေဖေရဲ့အဖေလက်ထက်ကတည်း က ဖမ်းဆီးထားခဲ့တာ၊ ခုဆို နှစ်ပေါင်းလေးဆယ်ဝန်းကျင် လောက်တောင်ရှိပြီ၊ ခုမှပဲ ချင်ဖုန်းကိုယုံကြည်မိတာကြောင့် ပြန်လွတ်သွားပြီ'

ဖခင်ဖြစ်သူကပါ အရေးတကြီးလေသံဖြင့် ဝင်ပြောလာသောကြောင့် လင်ကျွေးရှန် အသာငြိမ်၍သွားသည်။

'ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ပင်အားအောင့်တင်းသွားသည်ဖြစ်စေ ခြင်္သေ့နက်ဂိုဏ်းကို နှိမ်နင်းတာကိုမတော့ နှိမ်နင်းမှာပဲ နယ်စားကြီး၊ ဘုရင်မင်းမြတ်က ပေးအပ်ထားတဲ့ တာဝန်လဲဖြစ်နေတယ်လေ'

'ကျုပ်လဲ တပ်မှူးကို အစွမ်းကုန်ကူညီမှာပါ'

'အရေးကြီးတာက သူတို့ရဲ့ဂိုဏ်းဌာနချုပ်ကို သိရအောင် မ်းဖို့ပဲ'

'ဒါကတော့ ကြိုးစားစုံစမ်းရမှာပေါ့လေ၊ ဒီကြားထဲမှာ ပ်မှူး ဒီအိမ်မှာပဲတည်းခိုပါလို့ ကျုပ်မေတ္တာရပ်ခံပါတယ်'

နယ်စားကြီးသိဝ္ဂချင်၏ စကားအဆုံးတွင် ဟိုဖေးကျွန်က လင်ကွေးရှန်ကို လှမ်းကြည့်လိုက်သည်၊ လင်ကွေးရှန်က သူ့ကို မျှော်လင့်ချက်အပြည့်ဖြင့် လှမ်းကြည့်နေသောကြောင့် ဟိုဖေးကျွန်သည်း မငြင်းနိုင်တော့ဘဲ ခေါင်းကိုသာပြန်ညိတ်ပြလိုက်ရလေတော့သည်။

* * *

# ( ၃၉ )

ဝမ်ပိုဝေနှင့် အော်ခမသက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာတို့ သားအမိနှစ်ယောက်မှာ ယန်ဟူကျွင်းနှင့် သစ္စာရှိသောတပည့်တပန်းများ၏ ခုခံတိုက်ခိုက်ပေးထားမှုကြောင့် ရန်သူများ၏ လက်တဲမှ လွတ်မြောက်သွား၏။

နောက်တော မိခင်ဖြစ်သူ အော်ခမ လက်ထောက်ဂိုဏ်းချုပ်စုချင်ဟွာက ဖြေဆေးတိုက်ခဲ့သောကြောင့် ထိုနေ့ညနေမှာတော့ ပုံမှန်အတိုင်းပင် လျှပ်ရှားတိုက်ခိုက်နိုင်သော အနေအထားကို ဝမ်ပိုဝေပြန်လည်ရရှိသွား၏။

သို့သော် စိတ်မကောင်းစရာဖြစ်ရပ်ကိုတော့ သူတို့ကြားသိရပေသည်၊ ယင်းကား သစ္စာမခံလို၍ ထွက်ပြေးလာသော

ခြင်္သေ့နက်ဂိုဏ်းသားတစ်ယောက်၏ ပြောစကားအရ ယန်ဟူကျောင်းနှင့် ကျူးလီအပါအဝင် ခြင်္သေ့နက်ဂိုဏ်းသား ထက်ဝက်ကျော်ခန့်သေဆုံးသွားပြီဟူသော သတင်းစကားပင် ဖြစ်သည်။

ထိုအခါမှာတော့ ဝမ်ပိုဝေ တစ်ယောက်ရင်ထဲ၌ ထိခိုက်နာကျင်စွာပင် ခံစားခဲ့ရ၏၊ ယခုမှ ဖခင်ရင်းဟု သိရှိမှုသာရှိသေးသည်၊ ဖခင်ဖြစ်သူက သူ့ကိုမျက်ကွယ်ပြု၍သွားချေပြီ။

ပိုကြေကွဲစရာ ဝမ်းနည်းစရာကောင်းသည်က ဖခင်ရင်းပါလား ဟူသောအသိကြောင့် အားတင်းထားသည့် ကြားမှပင် ဝမ်ပိုဝေတစ်ယောက် မျက်ရည်ကျခဲ့ရသည်ပင်။

'စိတ်တင်းပြီး ဖြေလိုက်ပါ လူလေးရယ်၊ မင်းရဲ့ အဖေက အမေတို့သားအမိ နှစ်ယောက်အတွက် အသက်စတေးသွားတာဖြစ်မယ်လို့ မေမေယူဆပါတယ်၊ ပြီးတော့ သူသေဆုံးပြီ ထင်ထားတဲ့ ဇနီးနဲ့သားကို မသေခင်ပြန်ပြီး တွေ့မြင်ခွင့်ရသွားလို့ ဖြေသာပါတယ်'

မိခင်ဖြစ်သူစုံချင်တွာက သူ့ပခုံးအိုပုတ်၍ ဖျောင်းဖျလာသောကြောင့် ဝမ်ပိုဝေက ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်ပစ်လိုက်သည်။



သူ့ကိုအားတင်းထားပါဆိုသော မိခင်ဖြစ်သူ၏ မျက်လုံးအိမ်တွင်လည်း မျက်ရည်များကတော့ ရစ်ဝဲနေသည်သာပင်။

'ကဲ....ဒါကဲ့အရေးမကြီးဘူးလူလေး၊ အမေတို့ ယဲ့ဖူးကို အမြန်ဆုံးရောက်အောင်သွားဖို့က အရေးကြီးတယ်၊ မဟုတ်ရင် သားအဖရင်းတွေ ပြန်တိုက်ခိုက်ရင်း ခြေလှမ်းလက်လှမ်းတွေဖြစ်ကုန်ကြလိမ့်မယ်'

'ဟုတ်တယ်အမေ ကျွန်တော်မွေးစားအဖေကိုရော ယန်စေးချိုကိုပါ ဒုက္ခမရောက်စေချင်ဘူး'

'ဒါဆိုအမေတို့ခရီးဆက်ကြစို့'

နောက်တော့ ဝမ်းနည်းကြေကွဲစိတ်ကိုဖျောက်ကာ သားအမိနှစ်ယောက် ယဲ့ဖူးမြို့ကို အဆောတလျင်ပင် ခရီးဆက်လာကြ၏။

သူတို့ကံကောင်းသည်ဟုပင် ဆိုရပေလိမ့်မည်၊ အကြောင်းမှု သူတို့ယဲ့ဖူးမြို့စွန်သို့ အရောက်မှာပင် ကွင်းပြင် တစ်ခုထဲ၌ ယှဉ်ပြိုင်တိုက်ခိုက်နေသော ပျံလွှားဓားဝမ်ကောလီနှင့် ယန်စေးချိုတို့ကို ကံအားလျော်စွာ လှမ်းတွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။

ပျံလွှားဓား ဝမ်ကောလီမှာ ဓားကိုပျော့ထွင်လွယ်ထားသော်လည်း ဓားမထုတ်ဘဲ တိုက်ခိုက်နေသည်ကို တွေ့ရသည်။

အဖြူရောင်ထိပ်တန်း သိုင်းပညာရှင် တစ်ယောက် ဖြစ်၍ သမီးအရွယ်မျှသာရှိသော ယန်စေးချိကို ညှာညှာတာတာ တိုက်ခိုက်နေခြင်း ဖြစ်မည်ဟု ဝမ်ပိုဝေတို့ သဘောပေါက်လိုက်သည်။

'အဖေ ဆက်မတိုက်ပါနဲ့တော့'

'ဟင်....'

အသံနှင့်အတူ ပြေးလွှား ရောက်ရှိလာသော သူတို့နှစ်ယောက်ကိုတွေ့လိုက်ရသည်တွင် တိုက်ခိုက်နေမှုများက ရုတ်ခြည်းရပ်ဆိုင်းသွား၏။

'ဟင်....လူလေး ပြန်လာပြီ၊ ဟာ....ခင်....ခင်ဗျား ဖူးဝမ် မဟုတ်လား'

သူ့ကို ဝမ်းသာအားရ နှုတ်ဆက်ရင်း ကပ်ပါလာသော အော်မေ လက်ထောက် ဂိုဏ်းချုပ် စုချင်ဟွာကို တွေ့လိုက်ရသည်တွင် ဝမ်ကောလီ တအံ့တသြဖြစ်သွားသည်။

ယန်စေးချိမှာမူ သူ့ကိုတွေ့လိုက်ရ၍ မျက်နှာပေါ်၌ အံ့သြမှုနှင့်အတူ ဝမ်းသာသော အရိပ်သင်္ကေတများသည်း ယှက်သန်း၍သွားသည်၊

သူ့အသက်မသေဘဲ လွတ်မြောက်လာ၍ ဝမ်းသာသွားခြင်းဖြစ်သည် ဆိုသည်ကိုတော့ ဝမ်ပိုဝေ ရိပ်စားမိခြင်းမရှိပါချ။



'ဟုတ်ပါတယ်ဖေဖေ၊ အမေလဲပါလာပါတယ်'

'ဒါဆို လူလေးရဲ့အဖေရင်းက ဘယ်သူဆိုတာကို သိပြီးပြီ ပေါ့နော်'

'ဟုတ်ကဲ့ သိပြီးပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အဖြူရောင် သိုင်းပညာရှင်တစ်ယောက်ဖြစ်အောင် သားအရင်းနဲ့ မခြား ပြုစုပျိုးထောင်ပေးခဲ့တဲ့ အဖေကို ကျွန်တော် အချစ်ပျက် မသွားပါဘူး'

'ဟာ....တကယ်လား၊ သားဆီက ဒီလိုစကားမျိုးကြားရတဲ့အတွက် ဝမ်းသာလိုက်တာ လူလေးရာ'

'ဒီအတွက်နဲ့တင် အရမ်းကာရောလဲ ဝမ်းသာမနေပါနဲ့ဦး အဖေ....ဒီထက်ဝမ်းသာစရာကောင်းတာ ပြောဖို့ရှိနေပါသေးတယ်'

'ဘာများပါလိမ့် လူလေးရာ'

မေးစေးဖခင် ဝမ်ကောလီက မျက်မှောင်ကြုတ်ပြီး ပြန်မေးလာသည်တွင် ဝမ်ပိုဝေက မိခင်ဖြစ်သူကိုအဓိပ္ပာယ်ပါပါ လှည့်ကြည့်လိုက်၏။

သည်တော့မှ စုချင်ဟွာက တစ်ချက်ပြုံးရင်း....

'သူနဲ့အစ်ကိုက ဘာကြောင့်တိုက်ခိုက်နေကြတာသဲ့'

'ဟော်....သူက ခြသေ့်နက်ယန်ဟူကျင်း၊ အဲ....မင်းခင်ပွန်း ရဲ့ သမီးလို့ပြောတယ်၊ ကျုပ်ကို စာနဲ့ချိန်းလို့မြို့ပြင်ကိုထွက်လာတာ၊ ဒီလိုရောက်ရော သူ့အမေအတွက် ကလဲ့စားချေရမယ်ဆိုပြီး တရကြမ်း တိုက်ခိုက်တော့တာပဲ'

'ဒီလိုလား'

'ဟုတ်တယ် ဖူးဝမ်၊ ဒါပေမယ့် သူက မိန်းကလေးတစ်ယောက်ဖြစ်တဲ့အပြင် သိုင်းပညာမှာလဲ ကျုပ်ထက် ညံ့တာကြောင့် ကျုပ်က ခုခံရုံလောက်ပဲ တိုက်ခိုက်ခဲ့တာပါ၊ တကယ်တိုက်ရင် သူ့ကိုအသာလေးနိုင်တာပေါ့'

'အပြူရောင် ထိပ်တန်း သိုင်းပညာရှင်ကြီး တစ်ယောက်ပီသပါပေတယ်ရှင်၊ အဲဒီစေတနာကလဲ့ အစ်ကို့ကို ပြန်အကျိုးပေးသွားတယ်ဆိုရမယ်'

စုချင်ဟွာ၏စကားကြောင့် ဝမ်ကောလီ နဝေတိမ်တောင်ဖြစ်သွားပုံ ရ၏။

'ခင်ဗျား ဘာကိုဆိုလိုထာလဲ'

'သူ့ကိုသာ ဒဏ်ရာရအောင် တိုက်ခိုက်မိခဲ့ရင် အစ်ကိုနောင်တရသွားမယ်လို့ ပြောတာပါ'

'ဘာဖြစ်လို့လဲ'



'ဘာဖြစ်သလဲဆိုတာကို မဖြေခင် တစ်ခုမေးရဦးမယ်.... လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ် နီးပါးလောက်က အစ်ကို့ရဲ့သမီးလေး ပျောက်သွားဖူးလား'

'မှန်တယ် ဖူးဝမ်'

'ဒါဆိုသေချာသွားပြီ၊ အဲ့ဒီမိန်းကလေးက တခြားမဟုတ်ဘူး၊ အခုအစ်ကို့ရှေ့မှာရှိနေတဲ့ ဟောဒီက ယန်စေးချီဆိုကဲ့ မိန်းကလေးပဲ'

'ဟင်....'

'ရှင်....'

စုချင်ဟွာထံမှ မမျှော်လင့်သည့်စကားကိုကြားလိုက်ရသောကြောင့် ဝမ်ကောလီသာမက မိန်းမလှလေး ယန်စေးချီပါ အံ့သြတုန်လှုပ်သွားကြ၏။

ပြီးမှ ဝမ်ကောလီစ၍....

'ဒါ....ဒါက သေချာရဲ့လား ဖူးဝမ်'

'သေချာပါတယ်ရှင်၊ ကျွန်မ အကြောင်းစုံရှင်းပြပါ့မယ်၊ ဒါကြောင့် အစ်ကို့အိမ်ကိုသွားကြရအောင်'

'ကောင်းသားပဲ၊ ခုပဲသွားစို့'

'သမီးလဲ့ လာလေ'

'ဟုတ်ကဲ့'

ယန်စေးချိုမှာလည်း ဇဝေဇဝါမျက်နှာလေးဖြင့်ပင်သူတို့နှင့်အတူ လိုက်ပါလာ၏၊ ယဲ့ဖူးမြို့တွင်းရှိ သူတို့နေအိမ်ကို ရောက်သည့်အခါကျမှ ခြင်္သေ့နက်ယန်ဟူကျင်းထံမှ ကြားသိခဲ့ရသည်များကို ဝမ်ပိုဝေနှင့်စုချင်ဟွာတို့က ပြန်ပြောင်းပြောပြလိုက်ကြ၏။

သူတို့ရှင်းပြသည်များကို ဝမ်ကောလီနှင့် ယန်စေးချိုက စိတ်ဝင်တစားနှင့် ငြိမ်သက်စွာပင် နားထောင်နေခဲ့ကြသည်။

သူတို့ရှင်းပြသည်များ ပြီးဆုံးသွားတော့မှ....

'ဒါ....ဒါဆို သူက ပျောက်ဆုံးသွားတဲ့ ကျုပ်သမီးလေးပေါ့နော်'

'မှန်ပါတယ် အစ်ကိုဝမ်ကောလီ'

'ဟာ ဝမ်းသာလိုက်တာ သမီးလေးရယ်'

'ဖေဖေရယ်'

သားအဖနှစ်ယောက် ပြန်လည်တွေ့ဆုံကြသည်ကို ကြည့်ပြီး ဝမ်ပိုဝေမှာ ဝမ်းနည်းဝမ်းသာ ခံစားလိုက်ရသည်။

ဝမ်းသာမိခြင်းမှာ မွေးစားဖခင် ပျံလွှားခါး ဝမ်ကောလီ တစ်ယောက် နှစ်ပေါင်းနှစ်ဆယ်လောက် ကွဲကွာနေသောသမီးရင်းနှင့်ပြန်လည် တွေ့ဆုံခွင့် ရသွားသောကြောင့်ဖြစ်ပြီး ဝမ်းနည်းမိခြင်းမှာမူ သူ၏ဖခင်ရင်း ယန်ဟူကျင်းမှာ သူတို့ သားအမိလွတ်မြောက်ရေးအတွက် အသက်စတေးခံသွားရသည်ကို အမှတ်ရလိုက်သောကြောင့်ပင်ဖြစ်သည်။



ထိုနောက် ဝမ်ပိုဝေက ပျံလွှားခါးဝမ်ကောလီနှင့်ယန်စေးချိုတို့ကိုကြည့်ကာ....

'ကျွန်တော့်ဖခင် အရင်းကြောင့် အဖေတို့ သားအဖနှစ်ယောက် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ကြရတယ်၊ ဒါကြောင့် အဖေ့ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး လူလေးရာ၊ မင်းရဲ့အဖေ အရင်း ယန်ဟူကျင်းပြောသွားလို့သာ ငါတို့သားအဖ ခုလိုပြန်ပြီး ဆုံတွေ့ရတာပါ၊ ဒါကြောင့် ကျေးဇူးတောင်တင်ရဦးမယ်၊ အဲ....မင်းရဲ့ အဖေရင်း သေဆုံးသွားရတဲ့အတွက်တော့ ငါကကယ်ပဲ စိတ်မကောင်းပါဘူး'

'သမီးက ပိုပြီးတောင် စိတ်မကောင်းဖြစ်ပါသေးတယ် ဖေဖေ၊ သူက သမီးတို့သားအဖနှစ်ယောက်ကို ပြန်ရန်တိုက်ပေးခဲ့တယ်ဆိုပေမယ့် သမီးစိတ်မနာပါဘူး။ ပြောမယ်ဆိုရင် သူက သမီးရဲ့ မွေးစားအဖေဖြစ်နေတယ်လေ၊ ဒါကြောင့် မွေးစားအဖေအတွက် ကောင်းကောင်း ကလဲ့စားပြန်ချေရမယ်'

'ကျုပ်က ပိုပြီးတောင် ကလဲ့စား ချေချင်စိတ် ပြင်းပြပါသေးတယ်၊ ကျုပ်တို့ သားအမိနှစ်ယောက် လွှတ်မြောက်ဖို့ကို

အသက်စတေးခံသွားတဲ့ အမေ့အတွက် ကလဲ့စားပြန်မချေနိုင်ရင် ဘာဝန်ကြေတဲ့သားတစ်ယောက် ဘယ်တော့မှဖြစ်လာတော့မှာမဟုတ်ဘူး'

ဝမ်ပိုဝေက ဒေါမာန်ပါပါပြင် ကြိမ်းဝါး ကြွေးကြော်လိုက်ရာ မွေးစားဖခင် ပျံလွှားဓား ဝမ်ကောလီက ခေါင်းညိတ်၏။

'အေး...ဟုတ်တယ် လူလေး၊ ခုဆိုခြသေ့်နက် ဂိုဏ်းဟာ တောင်ကျွန်းဘွားဘွားနဲ့ မရဏလက်ဝါး စီးဖန်ရဲ့ လက်ထဲရောက်သွားပြီဖြစ်လို့ ပိုပြီးတောင်အန္တရာယ်ကြီးသွားပြီ ကလဲ့စားချေဖို့မဟုတ်ရင်တောင် အဖြူရောင်သိုင်းလောကနဲ့ အရပ်သားပြည်သူတွေရဲ့ ကောင်းကျိုးအတွက် ခြသေ့်နက်ဂိုဏ်းကို မလွှဲမသွေ နှိမ်နင်းရမှာပဲ'

'ဒီအတွက်တော့ စိတ်မပူပါနဲ့ဖေဖေ၊ သမီးက အဲဒီဌာနချုပ်စခန်းမှာ နေလာတဲ့ မိန်းကလေးတစ်ယောက် ဆိုတော့ အဝင်အထွက် အနေအထား အားလုံးကို ကျွမ်းကျင်နေပါတယ်၊ သေသေချာချာ အစီအစဉ်ဆွဲပြီးမှ ဝင်တိုက်ခိုက်ကြတာပေါ့၊ ဒါထက် ဝမ်ပိုဝေ'

'ဘာလဲ ယန်စေးချီ'

'ရှင်က သိုင်းပညာနဲ့ အတွင်းအား အရမ်းတိုးတက် မြင့်မားသွားတယ်လို့သိရတယ်၊ အဲဒါ ဘာကြောင့်လဲ'



'ခင်ဗျားရော၊ ဖေဖေဒီက မွေးစားအဖေပါ သိအောင် ပြောပြပါမယ်'

ထို့နောက် ဝမ်ပိုဝေက ရှောင်လင် ဂိုဏ်းချုပ်ဆရာတော် တောက်တယ်ကျောင်းထိမှ ခုနစ်ဆင့်လက်ဝါးသိုင်းပညာ သင်ယူခဲ့ပုံနှင့် ရေခဲတောင်နဂါး အသည်းကိုစား၍ အတွင်းအား မြင့်မားသွားခဲ့ပုံများကို ပျံလွှားဓားဝမ်ကောလီသို့ သားအဖအား ပြန်ရှင်းပြလိုက်၏။

'ဩော်...ဒါကြောင့် ရှင်က ရေခဲနဂါးကြီးကို သေသေကြေကြေတိုက်ခိုက်ခဲ့တာကိုး၊ ရှင့်ကိုသွေးကြောပိတ်ပြီး ရေခဲနဂါးခေါင်းဖြတ်ယူသွားတာကို ခွင့်လွှတ်ပါ ဝမ်ပိုဝေ၊ ကျွန်မကလဲ့ ဘွားဘွားယိုးဖေး အမိန့်ပေးတာကို မလွန်ဆန်ရဲလို့ပါ'

'ရပါတယ်ဗျာ၊ ခင်ဗျားက အဲဒီအချိန်က အသေမသတ်ဘဲ မွေ့ကြောပဲပိတ်သွားတာကိုတောင် ကျွန်တော်ကျေးဇူးတင်ရဦးမယ်၊ မသတ်လို့ အမသတ်သွားရင်လဲ ကျွန်တော်ခံရမှာပဲ၊ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက မလှုပ်နိုင်အောင်ကို ခြေကုန်လက်ပန်း ကျနေပြီလေ၊ နဂါးအသည်း မစားရသေးလို့ အတွင်းအားလဲ ပြည့်ဝသေးတာ မဟုတ်ဘူး'

'ကျွန်မလဲ ရှင့်ကို မတတ်သာလွန်းလို့ အဆိပ်ခတ်ခဲ့တာပါ၊ ဒါပေမယ့် ဖေဖေ့ကိုတော့ ရှင့်ကိုမသတ်ဖို့ မေတ္တာရပ်ခံခဲ့ပါသေးတယ်'

'ကျေးဇူးတင်ပါတယ်ဗျာ'

တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခံစားချက် အပြည့် ဖြင့်ပြောဆိုနေကြသော သူတို့နှစ်ယောက်ကို ကြည့်ပြီးပျံ့လွှား ခေါ်ဖော်ကောလီနှင့် စုချင်ဖွာတို့ ပြိုင်တူပြုံးလိုက်သည်ကိုတော့ သူတို့ နှစ်ယောက်စလုံးပင် သတိမထားမိလိုက်ကြပါချေ။

* * *

( ၄၀ )

ပျံ့လွှားခေါ် ဝမ်ကောလီဦးဆောင်သည့် ဝမ်ပိုဝေတို့ လေး ယောက်မှာ ဟိုပေနယ်စားကြီး လီပူချင်နှင့် သွားရောက်တွေ့ ဆုံကာ ခြင်္သေ့နက်ဂိုဏ်းအား ပူးပေါင်းနှိမ်နင်းရန် အစီအစဉ် ချမှတ်ခဲ့ကြ၏။

သူတစ်ချိန်က အသေအလဲ စံတဝင်စားခဲ့သည့် လီကျွေး ရှန်မှာ ဘုရင့်ကိုယ်ရံတော်တပ်မှ တပ်မှူးဟိုဖေကျန့်နှင့်ပြေလည် မှု ရှိနေကြသည်ကို ဝမ်ပိုဝေတွေ့ခဲ့ရ၏။

သို့သော် ဝမ်ပိုဝေ၏ရင်ထဲတွင် ထူးထူးခြားခြား နှမြော တသခြင်းနှင့် မနာလို ဝန်တိုခြင်းများတော့ မခံစားခဲ့ရပါ။ အကြောင်းမှာမူ သူကိုယ်တိုင်ကလည်း လှုပမှူတွင် လီကျွေးရှန်

ထက် မှလျော့သော ယန်စေးချီနှင့် ခံပြလည်နေပြီဖြစ်သော ကြောင့်ပင်။

နောက်တော့ စနစ်တကျ အစီအစဉ်များ ချမှတ်ပြီးသည့်တွင် ဝမ်ကောလီ၊ ဝမ်ပိုဝေ၊ အော်မေလက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာ၊ တာ်မူး ဟိုဖေကျန်နှင့် ယန်စေးချီတို့မှာ နယ်စား၏ ရဲမက်များနှင့်အတူ ခြင်္သေ့နက်ဂိုဏ်းဌာနချုပ်ရှိရာသို့ ချီတက် လာခဲ့ကြ၏။

သို့သော် နယ်စား၏ရဲမက်များကိုမူ ခပ်လှမ်းလှမ်းတွင် ဝိုင်းရံထားရန်မှာကြားပြီး သိုင်းပညာအဆင့်မြင့်သည့် သူတို့ ငါးယောက်ကသာလျှင် ခြင်္သေ့နက်ဂိုဏ်းဌာနချုပ်စခန်းနားကို လျှို့ဝှက်စွာချဉ်းကပ်လာခဲ့ကြ၏။

သူတို့ငါးယောက် စခန်းတွင်းသို့ ဝင်ရောက်တိုက်ခိုက်ပြီး ကစဉ့်ကလျား ထွက်ပြေးလာကြသူများကိုသာလျှင် တိုက်ခိုက်ရန် ရဲမက်များအား မှာကြားထားခဲ့၏။

'ဟော့ဟိုကျောက်တုံးတွေနားမှာ အစောင့်သုံးယောက် ချထားတတ်တယ်'

'ကောင်းပြီ ယန်စေးချီ၊ မင်းနဲ့ကိုယ်နဲ့ပဲ့ တာဝန်ယူလိုက်ကြတာပေါ့'

ယန်စေးချီက အပြုံးလေးဖြင့် ခေါင်းကိုပြန်ညိတ်ပြသည်၊ နောက်တော့ ဝမ်ပိုဝေနှင့် ယန်စေးချီတို့က လေအဟုန်ကဲ့သို့ လျင်မြန်ခြင်းမျိုးဖြင့် ထိုနေရာသို့ ခုန်လွှားရောက်ရှိသွားကြသည်။



'ဟင်...'

သူတို့ကိုမြင်တွေ့ချိန်မှာတော့ ရန်သူသုံးယောက်မှာ လှုပ်ရှားရန်ပင် ဟုတ်တိပတ်တိအချိန်ရရလိုက်ချေ၊

ဝမ်ပိုဝေ၏လက်ချက်ဖြင့် နှစ်ယောက်က လဲကျသွားသလို ယန်စေးချီကလည်း တစ်ယောက်ကို တာဝန်ကျေစွာ ပါးစပ်ပိတ်ပေးနိုင်ခဲ့၏။

နောက်တော့ သူတို့ငါးယောက် ခြင်္သေ့နက်ဂိုဏ်းဌာနချုပ် ခြံစည်းရိုးနား ရောက်သည်တွင် တုံ့ဆိုင်းမနေတော့ဘဲ ကိုယ်ဖော့ပညာဖြင့် ခုန်ဝင်လိုက်ကြသည်။

'ဟင်'

သူတို့ငါးယောက် ဝင်ရောက်လာသည်ကို မြင်တွေ့သွားသည်တွင် အယောက်နှစ်ဆယ်ကျော်ခန့်မျှရှိသည့် ဝတ်စုံနက်များက ဝင်ရောက်တိုက်ခိုက်လာကြ၏။

'ရန်သူ'

'ကျွ'

'တိုက်'

'ဝုန်း....ဝုန်း'

'ဖြောင်း'

'အား....အိုး'

အော်ဟစ်အချက်ပေးသံ၊ မာန်သွင်းသံ၊ တိုက်ခိုက်သံ၊ ညည်းတွားသံများဖြင့် ခြင်္သေ့နက်ဂိုဏ်းဌာနချုပ်စခန်းမှာ ပွက်လောရိုက် ဆူညံသွား၏။

ဝမ်ပိုဝေမှာ သိုင်းပညာနှင့် အတွင်းအားတွင် အမြင့်မားဆုံးဖြစ်သလို ပျံလွှားဓား ဝမ်ကောလီနှင့် တပ်မှူးဟိုဖေကျန်တို့မှာလည်း ထိပ်တန်းသိုင်းပညာရှင်အဆင့်တွင် ရှိသူများသာဖြစ်ကြ၏။

အော်မေ လက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာနှင့်ယန်စေးချိတို့၏ သိုင်းပညာများမှာလည်း အဆင့်မြင့်မားကြသည်ဖြစ်၍ ခြင်္သေ့နက်ဂိုဏ်းသားများမှာ အရေအတွက်ပင် များပြားလင့်ကစား မည်သို့မျှဟန့်တားနိုင်ခြင်း မရှိကြပါချေ။

ဘာမှမကြာလိုက်သည့် အချိန်တိုတိုအတွင်းမှာပင် ခြင်္သေ့နက်ဂိုဏ်းသား နှစ်ဆယ်ကျော်ခန့်မှာ မြေပြင်ပေါ်သို့ အတုံးအရုံး လဲကျသေဆုံးကုန်ကြလေသည်။

သို့ဖြစ်၍ နောက်ထပ် ထပ်မံပေါ်ထွက်လာသောဝတ်စုံနက် နှစ်ဆယ်ခန့်မှာ သူတို့လို အတင်းကာရော မိုက်မဲစွာတိုးဝင်မတိုက်ခိုက်ရဲကြတော့ချေ။

ပတ်ပတ်လည်မှသာ ဟန်ရေးပြလျက် ဝိုင်းရံထားသော အနေအထားမျိုးကို ရောက်ရှိသွားကြလေတော့သည်၊ ထိုစဉ်မှာပင် ရိပ်သဏ္ဌာန်နှစ်ခုက ခုန်လွှား၍သူတို့ရှေ့ကိုပေါ့ပါးစွာကျရောက်လာ၏။

ထိုနှစ်ယောက်ကား တစ်ခြားမဟုတ်၊ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ဝန်းကျင်က အတွဲညီညီသောင်းကျန်းခဲ့ဘူးသော အနက်ရောင် သိုင်းရာဇာကြီးမရဏလက်ပါးစီးဖန်နှင့် အနက်ရောင်သိုင်းဒေဝီတောင်ကျွန်းဘွားဘွားယီဖေးတို့ပင် ဖြစ်လေသည်။



'ဩော်…ဘယ်သူတွေများလဲမှတ်တယ်၊ လက်စသတ်တော့ မင်းတို့ပဲကိုး၊ အင်းလေ မင်းတို့ရောက်လာမယ်လို့ ထင်တော့ ထင်ထားပါတယ်'

တောင်ကျွန်းဘွားဘွားယီဖေးက မအံ့သြသောလေသံမျိုးဖြင့် ခပ်ပေါ့ပေါ့ပင် ပြောလာသည်၊ ၎င်းအခါ ဝမ်ပိုဝေက နှစ်ယောက်စလုံးကို စူးရဲစွာကြည့်လိုက်ရင်းမှ….

'ဒါပေါ့ဗျာ၊ ခင်ဗျားတို့က ကျုပ်အဖေကို ရက်ရက်စက်စက် သတ်ဖြတ်ထားတာပဲ၊ အဲဒီအတွက် ကလဲ့စားပြန်မချေရရင် ကျုပ်တာဝန်မကျေတဲ့သား ဖြစ်သွားမှာပေါ့၊ အဲဒီတုန်းက အရိုးမျှော့အဆိပ်မိထားလို့ ကျုပ်အဖေသေဆုံးခဲ့ရတာ၊ မဟုတ်ရင် ခင်ဗျားတို့ကျုပ်အဖေကို သတ်လို့ရနိုင်ဘူး'

'အောင်မာ…မင်းကလဲ လေသံကတော့ တယ်မြင့်တာပဲကိုး၊ မင်းကရော ယန်စေးချိ'

'မေးစရာလိုသေးလို့လား ရှင်၊ ကျွန်မရဲ့ မွေးစားအဖေ အတွက်ရော သိုင်းလောကကြီးရဲ့ အကျိုးအတွက်ပါ ရှင်တို့ကိုရင်ဆိုင်ဖို့ဆုံးဖြတ်ပြီးလာခဲ့တာပဲ'

'ဟုတ်တယ် တောင်ကျွန်းဘွားဘွား ကျုပ်ကပျံလွှားဓား ဝမ်ကောလီ၊ သူကအော်မေလက်ထောက် ဂိုဏ်းချုပ် စုချင်

ဟွာ၊ သူကတော့တပ်မှူးလေး ဟိုဖေကျန်ပဲ၊ ဒါကြောင့် နှစ်ယောက်စလုံး အေးအေးဆေးဆေး အဖမ်းခံရင်ကောင်းမယ် ထင်တယ်'

'ဟား....ဟား....ဟား'

ဝမ်ကောလီ၏ စကားအဆုံးတွင် ပြက်လုံးကောင်းတစ်ခု ကြားလိုက်ရသည့်အလား လင်မယားနှစ်ယောက်စလုံးကပင် လျှင် ခွက်ထိုးခွက်လန် ရယ်မောလိုက်ကြသည်။

ပြီးမှ အရယ်ရပ်ကာ ဘွားဘွားယိဖေးက သရော်တော် တော်လေသံဖြင့်....

'မင်းတို့က ဘယ်လဲ ရယ်စရာစကား ပြောတတ်ကြတာပဲ၊ ငါတို့ကလား လက်နက်ချပြီး အဖမ်းခံရမှာ၊ အေး... ဒီကို ရောက်လာတဲ့ မင်းတို့ ငါးယောက်သာ ပြန်လမ်းမရှိ ဖြစ်ကြ ရမှာပဲ'

'ကောင်းပြီ ဒါဆိုရင်တော့ စကားကုန်သွားပြီ ခင်ဗျား သတိသာထားပေတော့'

စကားဆုံးသည်နှင့် မူလကတည်းက ကြိုတင်တိုင်ပင်ထား သည့်အတိုင်းပင် ပျံလွှားဓား ဝမ်ကောလီနှင့်တပ်မှူး ဟိုဖ



ကျန်တို့က တောင်ကျွန်းဘွားဘွားယိဖေးအားပြိုင်တူလိုလိုပင် ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

ထို့အတူ ဝမ်ပိုဝေကလည်းတောင်ကျွန်းဘွားဘွားယိဖေး ထက်ပင် သိုင်းပညာအဆင့်မြင့်သော မရဏလက်ဝါး စီးဒန် ကို ရဲရင့်စွာဖြင့် ဝင်ရောက်တိုက်ခိုက်၏။

အော်မေထက်ထောက်ဂိုဏ်းချုပ် စုချင်ဟွာနှင့် ယန်းဒေး ချီတို့ကမူ ဝတ်စုံနက်ဝတ်ထားသော ခြင်္သေ့ဂိုဏ်းသားများ ကိုသာ တိုက်ခိုက်လိုက်ကြ၏။

တောင်ကျွန်းဘွားဘွား ယိဖေး၏ သိုင်းပညာကလည်း အတော်ပင်မြင့်မားလှသည်၊ အထူးသဖြင့် ကိုယ်ဖော့ပညာ အားကိုးဖြင့် လျှင်မြန်စွာရွေ့လျား တိုက်ခိုက်နေသည် ဖြစ်ရာ ဝမ်ကောလီ တစ်ယောက်တည်းသာဆိုလျှင် ရှုံးနိမ့်သွားနိုင် သည့်အနေအထားမျိုးတွင်ရှိသည်။

ယခုမူ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်သော တပ် မှူးဟိုဖေကျန်က အရပ်မနားလိုက်လံ တိုက်ခိုက် ပေးနေသော ကြောင့် တောင်ကျွန်းဘွားဘွားယိဖေးမှာ စိတ်ရှိလက်ရှိတိုက် ခိုက်၍မရဘဲဖြစ်နေ၏။

'ရော့....'

ပျံလွှားစားယူသော ဂုဏ်ပုဒ်နှင့်လျော်ညီစွာပင် ဝမ်ဒကာလီ၏ စားချက်များ ကျရောက်သွားပုံက ပျံလွှားငှက်တစ်ကောင် ပျံဝဲသွားသည့်အသွား လျှင်မြန်လှပေ၏။

တောင်ကျွန်းဘွားဘွားယိဖေးမှာ သိုင်းပညာမြင့်မားပြီး ကိုယ်ဖော့ပညာ ကောင်းလွန်းသောကြောင့်သာလျှင် ပျံလွှားစားဝမ်ဒကာလီ၏ စားချက်များကို တိမ်းရှောင်ပေးနိုင်ခြင်းဖြစ်သည်။

'ဝှမ်း....'

တောင်ကျွန်းဘွားဘွားယိဖေးကဲ့ တိမ်းရှောင်ရင်းမှ လက်ဝါးချက်ကို ရိုက်ထုတ်လာသည်တွင် ဝမ်ဒကာလီက ဂရုတစိုက်ပင် တိမ်းရှောင်ပေးလိုက်၏။

ပြီးလျှင် ဓါးလည်သိမ်းစားချက်ကိုသိမ်းပြီး ဖျတ်ခနဲရှောင်ထွက်သွားသည်။ ထိုသို့ရှောင်ထွက်ရာတွင် ကပ်ဖျူးဟိုဖေကျွန်၏နောက်အသွတ်တည့်ကို ရောက်သွား၍ နှစ်ယောက်မှာ တစ်ယောက်တည်းကဲ့သို့ဖြစ်သွား၏။

ဒီမှာတင် တောင်ကျွန်းဘွားဘွားယိဖေးက ဟိုဖေကျွန်အားဝင်ရောက်တိုက်ခိုက်လိုက်သည်။

'ရော့....'

'ဝှမ်း....'



ထိုအခါ ဟိုဖေကျွန်က နေရာမှနောက်ကျွမ်းပစ်ထွက်သွားသည်။ သို့ဖြစ်၍ တောင်ကျွန်းဘွားဘွားယိဖေး ကြောင်အအဖြစ်သွားစဉ်မှာပင် ဟိုဖေကျွန်နောက်၌ ကွယ်ရပ်နေခဲ့သော ဝမ်ဒကာလီက ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အမိအရခုတ်ချလိုက်၏။

'ရှုပ်....'

'အား....'

သွက်လက်တိကျသော ဝမ်ဒကာလီ၏ခါးချက်ကို မတိမ်းရှောင်နိုင်တော့ဘဲ တောင်ကျွန်းဘွားဘွားယီဖေး အင်္ဂိုက်မိ၍သွားသည်။

ထိုအချိန်မှာပင် နောက်ကျွမ်းပြင့်ခုန်ထွက်သွားသော တပ်မှူးဟိုဖေကျွန်ကလည်း လက်ထဲမှဓါးရှည်ကို ပစ်လွှတ်လိုက်သည်တွင်....

'ဂွိစ်....'

'ကွပ်'

'အူး'

တောင်ကျွန်း ဘွားဘွားယီဖေး၏ ရင်ဝကို ဓါးရှည်က မြားတစ်စင်းကဲ့သို့ စူးနစ်စိုက်ဝင်သွားသည်တွင် ဘွားဘွားယီဖေးမှာ နောက်သို့ ပက်လက်လန်လဲကျကာ တစ်ချက်မျှသာ လွန့်ခနဲဖြစ်သွားပြီးနောက် သေဆုံး၍ သွားလေတော့သည်။

ထိုအချိန်တွင် ဝမ်ပိုဝေနှင့် မရဏာလက်ဝါး စီးဖန်တို့၏ တိုက်ပွဲကား အမြင့်မားဆုံးသော အဆင့်ကို ရောက်ရှိ၍နေသည်။



ထိပ်တန်းသိုင်းပညာရှင် နှစ်ယောက်၏ အပြင်းထန်ဆုံးသော တိုက်ပွဲဖြစ်၍ လှုပ်ရှားမှုများက သဲသဲကွဲကွဲ မမြင်နိုင်လောက်အောင် လျှင်မြန်လွန်းလှသလို အတွင်းအားဒလခွင်းမှုကြောင့်လည်း ပတ်ဝန်းကျင်တွင်ဖုန်မှုန့်သဲမှုန့်များကတထောင်းထောင်းထ၍ နေလေသည်။

မြောမည်ဆိုလျှင် ဝမ်ပိုဝေ တတ်မြောက်ထားသော ခုနစ်ဆင့်လက်ဝါး သိုင်းပညာက မရဏာလက်ဝါးသိုင်းပညာထက် ပို၍အဆင့်မြင့်မားလေသည်။

သို့ဖြစ်၍လည်း လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ဝန်းကျင်ခန့်က လက်ရှိဂိုဏ်းချုပ်ကြီး ခေတ္တက်တယ်ကျင်း၏အရင်ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်က မရဏာလက်ဝါးစီးဖန်အား ထိုသိုင်းပညာဖြင့်ပင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

နောက်ပြီး အတွင်းအားအရာတွင်လည်း ရေခဲနဂါးကြီး၏ အသည်းကိုစားသွားသောကြောင့် ဝမ်ပိုဝေကပင် ပို၍မြင့်မားနေပေသေးသည်။

သို့သော် ဝမ်ပိုဝေ မယှဉ်သာသည်က အတွေ့အကြုံပင်ဖြစ်သည်။ ထို့ပြင် မရဏာလက်ဝါးစီးဖန်မှာ ကောက်ကျစ်စဉ်းလဲသော အနက်ရောင်သိုင်းရာဇာကြီး ဖြစ်သောကြောင့် ပါးနပ်ပြီး ပရိယာယ်လည်း များလှပေသည်။

သို့ဖြစ်သောကြောင့် ဝမ်ပိုဝေမှာ အတွင်းအားနှင့်သိုင်းပညာအစွမ်းသာပင် သာလွန်သင့်ကစား မရဏာလက်ဝါးစီးဖန်အား လွှသ်လင့်တကူ အနိုင်မယူနိုင်ဘဲ ရှိနေခဲ့လေသည်။

'ရော့'

မရဏာလက်ဝါး သိုင်းရာဇာ၏ အဆင့်အမြင့်ဆုံးသော အဆင့်များဖြစ်သည့် ခြောက်ဆင့်နှင့်ခုနစ်ဆင့်များကို ဝမ်ပိုဝေ စတင်အသုံးပြုလိုက်ချိန်မှာတော့ မရဏာလက်ဝါးစီးဖန်မှာ ထိတ်ထိတ်ပြာပြာဖြစ်၍သွားသည်။

သူကြည့်နေဆဲမှာပင် ဝမ်ပိုဝေ၏ လက်ဝါးနှစ်ချက်က ဦးတည်ရာမဲ့ပဲ့ဘိုလိုနှင့် ရင်ဝကို တန်းခနဲကျရောက်၍လာလေသည်။

'ဟင်'

မရဏာလက်ဝါး စီးဖန်က လက်ဝါးချက်များမှ လွှတ်အောင် နောက်ကို ခုန်ဆုတ်ပေးလိုက်သည်တွင် ဝမ်ပိုဝေက လိုက်ခုန့်ဝင်ချင်း အနားမပေးဘဲ ဆက်လက် တိုက်ခိုက်လိုက်သည်။

သည်တစ်ကြိမ်မှာတော့ မရဏာလက်ဝါး စီးဖန်မှာ တိမ်းရှောင်ရန်အချိန်မရတော့၍ လက်ဝါးချက်ကိုပင် ဆန့်ထုတ်ကာ ခံဆောင်ပေးလိုက်ရ၏။



'ဝုန်း'

'အ ွန့်'

လက်ဝါးချက်ချင်း ထိပ်တိုက်တွေ့သည်တွင် ဝမ်ပိုဝေမှာ နေရာတွင်ပင် မြဲမြဲစွာရပ်လျက်ရှိသော်လည်း မရဏာလက်ဝါးစီးဖန်မှာမူ နောက်သို့ သုံးလေးလှမ်းခန့်မျှထိ ယိမ်းယိုင်ထွက်သွား၏။

ထို့အတူ အတွင်းဒဏ်ရာရသွားဟန်ဖြင့် မျက်နှာကလည်း ဖျက်သွား၏၊ ထိုအခါ ဝမ်ပိုဝေက ဆက်တိုက်ဆိုသလိုပင် တိုးဝင်တိုက်ခိုက်လိုက်ရာ....

'ဝှမ်း....ဝှမ်း'

လက်ဝါးချက်များကို တိမ်းရှောင်ပေးနေစဉ်မှာပင် ဝမ်ပိုဝေ၏ ခြေကန်ချက်က မရဏာလက်ဝါး စီးဖန်၏ ဝမ်းဗိုက်ကို တည့်မတ်စွာထိသွားခဲ့၏။

'ဝုန်း'

'အ ွန့်'

သူ့ထက်ပင် အတွင်းအား ပိုမိုပြင်းများသော ဝမ်ပိုဝေ၏ ခြေကန်ချက်ကို မရဏာလက်ဝါး စီးဖန် တင်းမခံနိုင်တော့ပါချေ၊ မြေပြင်ပေါ်သို့လွင့်စဉ်ပြုတ်ကျသွား၏။ !

ထို့နောက် မရဏလက်ဝါး စီးဖန်က ပြန်ထရပ်လိုက်စဉ် မှာပင် ဝမ်ပိုဝေက လေထဲသို့ ခုန်လွှားသွားကာ စီးဖန်၏ ဦးခေါင်းကို လက်ဝါးချက်ဖြင့် အလိုင်ရိုက်ချလိုက်လေတော့ သည်။

‘ခွပ်....’

‘အ....’

ထိုအခါမှာတော့ မရဏလက်ဝါးစီးဖန်မှာ ဟုတ်၏ပတ် တိပ် အသံမထွက်နိုင်တော့ပါချေ။

နှာခေါင်းနှင့်ပါးစပ်ထဲမှ သွေးများ စီးကျလာပြီးနောက် နေရာတွင်ပင် အရုပ်ကြိုးပြတ် ပစ်လဲကျကာ ဇာတ်သိမ်း၍ သွားတော့၏။

ထိုအချိန်တွင် ခြသေ့်နက်ဂိုဏ်းသား အတော်များများကျ ဆုံးကာ အနည်းငယ်မှာလည်း လက်နက်ချပြီးအညံ့ခံလိုက်ကြ ပြီဖြစ်၏။

‘ဝမ်ပိုဝေ ရှင်ဘာမှ မဖြစ်ဘူးနော်’

ယန်စေးချီက မေးလာသည်တွင် ဝမ်ပိုဝေက ပြုံး၍ ခေါင်း ညိတ်လိုက်သည်။



‘အောင်မာ၊ သမီးက တော်တော်သိကတ်တဲ့သ ကိုတောင် မမေးဘူး၊ ဝမ်ပိုဝေကို စိုးရိမ်တကြီး တယ်’

‘အို....အဖေကလဲ ဘာမှန်းလဲ မသိဘူး’

ဝမ်ကောလီ၏ အနောက်အပြောင်စကားကြောင့် ယန် စေးချီ၏မျက်နှာလှလှလေးမှာ ရှက်စိတ်ဖြင့် ပန်းနုရောင်ပြေး သွားသည်။

ထိုအဖြစ်ကို ကြည့်ပြီး အော်မေ လက်ထောက် ဂိုဏ်းချုပ် စုချင်ဟွာနှင့် တင်မူးဟိုဖေကျန်တို့က သဘောကျစွာရယ်မော လိုက်ကြသလို ဝမ်ပိုဝေ၏ရင်ထဲတွင်လည်း ကြည်နူး၍ သွား သည်။

တကယ်တော့ နယ်စားသမီး လီကွေးရှန်ကို အလှဂုဏ် ဆတင်းကျော်ကြားမှုကြောင့် စိတ်ဝင်စားခဲ့မိခြင်းသာဖြစ်လေ သည်။

ယခုတကယ်ချစ်ခင်မိသူမှာမူ ယန်စေးချီဆိုသော မိန်းမလှ လေးကိုသာလျှင်ဖြစ်သည်၊ ယန်စေးချီမှာ တိုက်တိုက်ဆိုင်ဆိုင် သူ့ဖခင်ရင်း ယန်ဟူကျင်း၏မွေးစားသမီး ဖြစ်ရုံမျှမက သူ၏ မွေးစားဖခင် ပျံလွန်သွားသော ဝမ်ကောလီ၏ သမီးရင်းလည်းဖြစ် လို့နေပြန်သည်။

ထို့နေ့၌ ယုန်စေးချိုနှင့်သူနှင့် လက်တွဲရန်မှာ လုံးဝအခက်မှာပင် တားအဆီးမရှိသည်ကတော့ သေချာ၍နေပေ၏။ ဦး ခေါ ည်မှာပင် နယ်စားကြီး၏ရဲမက်များရောက်လာပြီး လက်သည်။ ဘားသော ခြသေ့နက်ဂိုဏ်းသားများကို ဖမ်းဆီးလိုက်ကြသည်။

ခြသေ့နက်ဂိုဏ်းကား ပြိုကွဲပျက်စီး၍သွားချေပြီ၊ ဖခင်ရင်းအတွက် ကလဲ့စားချေနိုင်ခဲ့ပြီဖြစ်သလို အဖြူရောင်သိုင်းလောကအတွက်လည်း ကောင်းကျိုးဆောင်ရွက်ပေးလိုက်နိုင်ပြီဖြစ်၍ ဝမ်းပိုဝေ၏ရင်ထဲတွင်ကား ပီတိတို့ဝေဖြာလျက်....။

* * *

ဝင်းဘုန်းအောင်

ပြီး ပါ ပြီ။